KONRAD
ADENAUER
STIFTUNG

# ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအတွက် တရားဥပဒေစိုးမိုးရေး လက်စွဲစာအုပ်

www.kas.de

2019 © Copyright by Konrad-Adenauer-Stiftung Ltd., Myanmar

**ISBN - 978 - 99971 - 954 - 2 - 5**

**Publisher**

Konrad-Adenauer-Stiftung Ltd.
Myanmar Representative Office
Yangon, Myanmar
info.myanmar@kas.de
www.kas.de/myanmar/en/

ယခုစာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်နည်းနှင့်မျှ တစ်ဆင့် ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြုပါ။ မူပိုင်ခွင့်ရရှိထားသူ (သို့မဟုတ်) ထုတ်ဝေသူထံမှ ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်ပါသည်။

# မာတိကာ


၁ **Konrad-Adenauer-Stiftung**
အကြောင်း သိကောင်းစရာ

၅ ကျေးဇူးတင်လွှာ

၇ မိတ်ဆက် – ပတ်ဝန်းကျင်ဆိုင်ရာဥပဒေအတွက်
တရားဥပဒေစိုးမိုးရေး လက်စွဲစာအုပ်
Jonathan Liljeblad

၂၃ မြန်မာနိုင်ငံ၏ ဥပဒေစနစ်
Kyaw Min San

၄၉ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေအကျဉ်းချုပ်နှင့်
မြန်မာနိုင်ငံဥပဒေစနစ်ကျင့်ထုံး
William (BJ) Schulte

၆၉ မြန်မာနိုင်ငံရှိ သစ်တော၊ ဇီဝမျိုးကွဲနှင့်
ဂေဟစနစ်နှင့်ပတ်သက်သော မြန်မာ့ဥပဒေများ
Su Yin Htun

# မာတိကာ


၆၁ သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များအား တရားမဝင် ကုန်ကူးခြင်းနှင့် ပတ်သက်သည့် အမှုများအား ဖြေရှင်းရန် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ၏ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ
Marla Bu

၁၁၅ ရေနှင့်လေထု ညစ်ညမ်းမှုထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံမှကျင့်သုံးသော ဥပဒေစနစ်
William (BJ) Schulte

၁၃၃ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုကို ဆန်းစစ်ခြင်းအတွက် မြန်မာနိုင်ငံတွင် ပူးပေါင်းပါဝင်မှု ယန္တရားများ
Matthew Baird

# Konrad-Adenauer-Stiftung
# အကြောင်း သိကောင်းစရာ

Konrad Adenauer ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ထောက်ကူထားသော အခြေခံစည်းမျဉ်းများသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် စည်းလုံးညီညွတ်မှုတို့ ဖြစ်ပါသည်။ KAS သည် နိုင်ငံရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဂျာမနီနိုင်ငံ ခရစ်ယာန်ဒီမိုကရက်တစ် အဖွဲ့အစည်းနှင့် နီးကပ်စွာ ပတ်သက်ဆက်နွယ်မှုရှိသည်။ ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ၏ ပထမဆုံးသော အဓိပတိဖြစ်ကာ ဆိုရှယ်၊ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ် အစဉ်အလာရှိကြသော ခရစ်ယာန်များကို ပေါင်းစည်းခဲ့သော Konrad Adenauer (ကွန်းရာ့ဒ်အာဒင်နောင်ဝါ) (၁၈၇၆-၁၉၆၇)ကို အစွဲပြု၍ Konrad Adenauer Foundation ဟု အမည်မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ သူ့အမည်သည် ဂျာမနီနိုင်ငံကို ဒီမိုကရေစီနည်းကျ ပြန်လည်တည်ထောင်ခြင်းနှင့် အနက်သဘောတူညီပြီး သူ၏ အသိဉာဏ် ပညာအမွေအနှစ်သည် ယနေ့ မိမိတို့၏ ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းအားဖြင့် ဆက်လက်တည်ရှိနေပါသည်။

ကမ္ဘာတစ်လွှားတွင် ဂျာမနီ၏ ပိုမိုများပြားလာသော ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ကိုက်ညီအောင် ဆောင်ရွက်နိုင်စေရန် တန်ဖိုးများက ထောက်ခံထားသည့် ပါဝင်ကူညီဆောင်ရွက်မှုကို လုပ်ဆောင်ပါသည်။ ကမ္ဘာအနှံ့တွင် ရုံးပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံပေါင်း ၁၂၀ တွင် စီမံကိန်းပေါင်းများစွာဖြင့် ဒီမိုကရေစီအရေး၊ တရား

ဥပဒေစိုးမိုးရေးနှင့် လူမှုဈေးကွက် စီးပွားရေးစနစ် စသည်တို့ကို မြှင့်တင်အားပေးရာတွင် သိသာစွာ ပါဝင်ဆောင်ရွက်မှုရှိခဲ့သည်။ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးကို အားပေးမြှင့်တင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာအဆင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပွဲများသာမက ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ဖလှယ်မှုများကိုလည်း အားပေးဆောင်ရွက်ခဲ့သည်။

ရေရှည် တည်တံ့ခိုင်မြဲသည့် လူမှုစီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများကို အားပေးမြှင့်တင်ရာ၌ လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် ဒီမိုကရေစီနည်းကျ လွတ်လပ်မှုတို့ကို ဖြစ်ထွန်းစေရန် အားစိုက်ဆောင်ရွက်ရာတွင် လူသားများသည် အစပြုရာဖြစ်သည်ဟူသော ခိုင်မာသည့် ယူဆချက်က မိမိတို့ကို လမ်းညွှန်မှုရှိပါသည်။ လူမှုအဖွဲ့အစည်းအတွင်း ကိုယ်စီတာဝန်များကို နားလည်သိရှိသော လူအများအား အတူတကွ တွေ့ဆုံစေခြင်းဖြင့် စီးပွားရေးနှင့် နိုင်ငံရေးအသိုင်းအဝန်းတွင်သာမက လူမှုအဖွဲ့အစည်းအတွင်းမှာပါ သက်ဝင်လှုပ်ရှားမှုရှိသော ရပ်ဝန်းကွန်ရက် အချိတ်အဆက်များကို ဖြစ်ထွန်းလာစေသည်။ ကျွန်ုပ်တို့၏ လမ်းညွှန်မှုများသည် နိုင်ငံရေးဆိုင်ရာနည်းနာဗဟုသုတများအပေါ် အခြေခံထားသောကြောင့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကို ပိုမို၍ လူမှုရေးအရ ညီမျှမှု၊ ဂေဟစနစ်အားဖြင့် ရေရှည်တည်တံ့ခိုင်မာမှုရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်မှုရှိခြင်း စသည့် လမ်းကြောင်းများအပေါ်တွင် ပုံဖော်စေသည်။

အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် အကြံပေးအဖွဲ့အစည်းများ စသည်တို့နှင့် အခိုင်အမာ မိတ်ဖက်များအဖြစ် တည်ဆောက်လျက် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ ရည်တည်ချက်များ တန်ဖိုးထားမှုများပေါ်တွင် အခြေခံထားလျက် နိုင်ငံတကာအဆင့်နှင့် ပြည်တွင်းအဆင့်များတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းကို အရှိန်မြှင့်

နိုင်ရန် ကြိုးပမ်းအားထုတ်ပါသည်။ နိုင်ငံတိုင်း ကိုယ်ပိုင်တာဝန်ယူ၊ တာဝန်ခံမှုအောက်တွင် လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်စေရန် တတ်စွမ်းနိုင်သော နိုင်ငံတကာ အစီအစဉ်တစ်ခုကို ဖန်တီးပုံဖော်ရာတွင် ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

KAS သည် ၂၀၀၆ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံတွင် လှုပ်ရှားဆောင်ရွက်မှုများ စတင်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ စီမံကိန်းများကို ဦးတည်ချက် (၄)ရပ်ပေါ်တွင် မူတည်၍ ဆောင်ရွက်ပါသည်။

* လွှတ်တော်များနှင့် နိုင်ငံရေးပါတီများ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် စွမ်းဆောင်ပေးခြင်းဖြင့် ဥပဒေပြုရေးတွင် လူမှုအဖွဲ့အစည်း ကိုယ်စားပြုမှုကို အားကောင်းမောင်းသန်ဖြစ်စေရေး
* ဒီမိုကရေစီနည်းကျသော တရားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများ၏ စွမ်းဆောင်သည့်အပိုင်းကို တိုးတက်ဖွံ့ဖြိုးစေရေး
* ရေရှည်တည်တံ့သော လူမှုဈေးကွက် စီးပွားရေးစနစ်ကို အားပေးမြှင့်တင်ရေး
* အရှေ့တောင်အာရှနိုင်ငံများ၊ ဥရောပနှင့် ဂျာမနီအကြား ဒီမိုကရေစီနည်းကျကာ ငြိမ်းချမ်းကို အထောက်အကူပြုသော လမ်းစဉ်များအပေါ် အခြေပြုလျက် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ ဖြစ်ပေါ်တိုးတက်စေရေး စသည်တို့ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာများတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

https://www.facebook.com/kas.myanmar/
https://www.kas.de/web/myanmar/home

# ကျေးဇူးတင်လွှာ

အလှူရှင်နှင့် အယ်ဒီတာဝန်ထမ်းများမှ ဤစာအုပ် ဖြစ်မြောက်အောင် ပါဝင်လုပ်ဆောင်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ စာရေးသားခြင်းသည် အသေးအဖွဲ့ကိစ္စမဟုတ်ပါ။ ထို့ကြောင့် KAS အနေဖြင့် ဤစုပေါင်းအားထုတ်မှုမှ စာရေးသူတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့် ကြိုးစားအားထုတ်မှုများအတွက် ကျေးဇူးတင်ရှိပါသည်။ ထို့ကြောင့်စာရေးသူများထံမှ ပံ့ပိုးမှုများသည် မြန်မာနိုင်ငံ၏ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့် အသွင်ကူးပြောင်းမှုအား ကူညီခြင်းဆီသို့ ဦးတည်လျက်ရှိသည်။ အခန်းကဏ္ဍတစ်ခုစီသည် အနာဂတ်တွင် မြန်မာပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သော လွတ်လပ်သည့် ဒီမိုကရေစီအတွက် ကောင်းသောစေတနာ၊ ကတိသစ္စာနှင့် ကြိုးစားအားထုတ်မှုတို့၏ ရလဒ်များပင်ဖြစ်သည်။ အထူးသဖြင့် လက်ရှိနိုင်ငံရေးအခြေအနေများ၏ စိန်ခေါ်မှုများအောက်တွင် စာရေးသူတစ်ဦးချင်းစီ၏ စူးစိုက်နှစ်မြှုပ်မှုနှင့် အားထုတ်မှုကို KAS မှ လေးစားသမှုနှင့် ကျေးဇူးတင်လေးမြတ်မှုဖြင့် အသိအမှတ်ပြုအပ်ပါသည်။ အခြေအနေများ ပြောင်းလဲနိုင်သောကြောင့် ထိုသို့ဖြစ်ပေါ်လာသည့်အခါ KAS တွင် ပါရှိသည့် အကြောင်းအရာများကို ပြန်လည်ပြင်ဆင်ထားသော စာအုပ်တွဲအသစ် ထုတ်ပေးရန် ဖြစ်နိုင်ချေရှိပါသည်။

နောက်ဆုံးအနေဖြင့် ဤလက်စွဲစာအုပ်အတွက် အထောက်အကူပြုဝန်ထမ်းများဖြစ်သည့် စီမံရေးရာ ဝန်ထမ်းများ၊ ဘာသာပြန်သူများနှင့် တည်းဖြတ်သူများအားလည်း ထပ်မံ ကျေးဇူးတင်ရှိပါသည်။ အဖွဲ့ဝင်များစွာ ပါဝင်သော စီမံကိန်း၏ ရလဒ်သည် ညှိနှိုင်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ အသေးစိတ်အာရုံစိုက်ရခြင်းနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရန် သတိပြုလုပ် ဆောင်ရွက်ရခြင်းတို့ပေါ်တွင် မူတည်ပါသည်။ ယင်းတာဝန် ဝတ္တရားများဖြင့် စီမံကိန်းကို ဆက်လက်ထိန်းသိမ်းရန် ဝန်ထမ်းများက မမောနိုင်၊ မပန်းနိုင် လုပ်ဆောင်ခဲ့ပါသည်။ အထောက်အကူပြု ဝန်ထမ်းများ၏အမည်များ မပါရှိသော်လည်း ၎င်းတို့၏လုပ်အားအတွက် ဤစာအုပ်ပါ အခန်းကဏ္ဍများကို ရေးသားသည့် စာရေးသူများအား ကျေးဇူးတင်သကဲ့သို့ပင် ကျေးဇူးတင်စကားပန်ကြားအပ်ပါသည်။

# မိတ်ဆက် - ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအတွက် တရားဥပဒေ စိုးမိုးရေး လက်စွဲစာအုပ်

**Jonathan Liljeblad, PhD, JD**
**Senior Lecturer, College of Law**
**Australian National University**

## နောက်ကြောင်း ရာဇဝင်

ဤလက်စွဲစာအုပ်သည် ၂၀၁၇ တွင် မြန်မာနိုင်ငံ ဂျာနယ်လစ်များအတွက် ထုတ်ဝေထားသော တရားဥပဒေစိုးမိုးရေး လက်စွဲစာအုပ်(ROLH for Journalists)မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံ ရေးပါတီတစ်ခုဖြစ်သော Konrad Adenauer Stiftung(KAS) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုး တက်ရေးအစီအစဉ် (UNDP)တို့၏ တွဲဖက်လုပ်ကိုင်မှု၏ ရလဒ်ဖြစ်သည့် မြန်မာနိုင်ငံ သတင်းမီဒီယာများအတွက် ထုတ်ဝေထားသော တရားဥပဒေစိုးမိုးရေးလက်စွဲစာအုပ် (The ROLH for Journalists)မှာ ဖတ်ရှုသူများအတွက် အင်္ဂလိပ်ဘာသာနှင့် မြန်မာ ဘာသာ နှစ်မျိုးလုံးဖြင့် တည်းဖြတ်ထားသော စာအုပ်ဖြစ်ပါသည်။ ၎င်း၏ ယေဘုယျ

ရည်ရွယ်ချက်မှာ နည်းပညာဆိုင်ရာဘာသာစကားနှင့် မရင်းနှီးသေးသော စာဖတ်သူများအား မြန်မာနိုင်ငံရှိ ဂျာနယ်လစ်များနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ မြန်မာနိုင်ငံအစိုးရ၏ ဥပဒေများ၊ တရားရုံးစနစ်နှင့် ဂျာနယ်လစ်များအပေါ် သက်ရောက်မှုရှိသော လူ့ကျင့်ဝတ်များ၏ လိုရင်းတိုရှင်းသော ပြန်လည်သုံးသပ်မှုများနှင့်တကွ ပညာပေးရန်ဖြစ်ပါသည်။ ဂျာနယ်လစ်များနှင့်ပတ်သတ်သည့် အကြောင်းအရာများကို အဓိကထားသည်ဟုဆိုရာတွင် ယခင်စာအုပ်သည် မြန်မာနိုင်ငံရှိ ဂျာနယ်လစ်များ၏ အခြေအနေနှင့် ရှုထောင့်များကို ပိုမိုကျယ်ပြန့်စွာ နားလည်စေရန်အတွက် မြန်မာ့လူမှုအဖွဲ့အစည်းအား အထောက်အပံ့ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဂျာနယ်လစ်များအတွက် ထုတ်ဝေထားသော တရားဥပဒေစိုးမိုးရေးလက်စွဲစာအုပ်(The ROLH for Journalists)၏ ယေဘုယျ အခြေခံကျသော အချက်ကို ဖော်ပြထားသကဲ့သို့ပင် ယခုလက်ရှိ စာအုပ်အတွဲသည် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအကြောင်းအရာအတွက် တူညီသောလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများက မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်အား ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်သည်ဟု ဆိုသော်ငြားငြင်း၏ သယံဇာတများ ပြုန်းတီးလာခြင်းကို ခံစားရသည့် မြန်မာနိုင်ငံအတွက်မူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေသည် အရေးကြီးသော အကြောင်းခြင်းရာဖြစ်ပါသည်။ ထို့အပြင် ဆက်လက်ကြုံတွေ့နေရသော ပြဿနာများမှာ သစ်တောပြုန်းတီးမှု၊ ကျက်စားရာနေရာဆုံးရှုံးမှု၊ ဂေဟစနစ်ပျက်စီးမှု၊ မျိုးသုဉ်းလုနီးသော မျိုးစိတ်များအား တရားမဝင်ရောင်းဝယ်မှုနှင့် လေထုညစ်ညမ်းမှုတို့ ဖြစ်ပါသည်။ ယခင်နှစ်အနည်းငယ်က မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းပြုပြင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအသစ်များကို ကျင့်သုံးသည်ကို မျက်မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါဥပဒေများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရန် ဥပဒေများအား မည်သို့အသုံးချရသည်ဟူသောအသိပညာနှင့် သဘာဝ

ပတ်ဝန်းကျင်အား ကာကွယ်နိုင်ရေးအတွက် နှစ်မြှုပ်ထားခြင်း၊ ဥပဒေများအား သတိပြု မိသော မြန်မာနိုင်ငံနှင့် လူ့အဖွဲ့အစည်းများအား အားကိုးအားထား ပြုနိုင်ခြင်းအပေါ် မူတည်ပါသည်။

အကျဉ်းချုပ်ဆိုရလျှင် အောက်ဖော်ပြပါ အကြောင်းအရာများသည် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၏ လက်ရှိအခြေအနေနှင့် ပတ်သက်သော အချက်အလက်များကို ပညာရေး အသိနည်းပါးသော စာဖတ်သူများ နားလည်နိုင်စေရန် နည်းပညာမဟုတ်သော ဘာသာစကားဖြင့် ရေးသားထားသော အကျဉ်းချုပ်များကို တင်ပြနိုင်ရန်မျှော်မှန်းသည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံဥပဒေ (သို့မဟုတ်) နိုင်ငံရေးနှင့်ပတ်သက်၍ စကားရည်လုခြင်းများတွင် ပါဝင်ခြင်းနှင့် နားလည်သဘောပေါက်နိုင်စွမ်းသော မြန်မာနိုင်ငံရှိ အသိပညာများသော လူဦးရေ တိုးပွားစေရေးအတွက် ထောက်ပံ့ရန်ဖြစ်ပါသည်။ စာဖတ်သူများအား လက်လှမ်းမီစေရာတွင် ဤလက်စွဲစာအုပ်သည် မြန်မာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေအား မြန်မာနိုင်ငံရှိ လူဦးရေအများအပြားအား အသုံးပြုခွင့်ရစေရန် ပြုလုပ်ပေးသည်။

ဤလက်စွဲစာအုပ်ကို အသုံးပြုရာတွင် လက်စွဲစာအုပ်၏ မူဘောင်သည် ပညာရေးဆိုင်ရာနှင့် အသိပညာပေး ဆွေးနွေးမှုဆိုင်ရာလုပ်ငန်း လုပ်ဆောင်ချက်နှစ်ခုကြား ခွဲခြားပေးသည်ကို သတိပြုသင့်သည်။ မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြောင်းအရာအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေဖွဲ့စည်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းများအပေါ် သက်ရောက်သော မြန်မာ့ဥပဒေများအကြောင်း စာဖတ်သူ အသိုင်းအဝိုင်းအား သတင်းအချက်အလက်ပေးရန် လုပ်ဆောင်သည်မှာ ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့် အကျိုးဝင်ပေးလိမ့်မည်။ ၎င်းနှင့်မတူဘဲ အသိပေး ဆွေးနွေးမှုဆိုင်ရာ လုပ်ငန်းလုပ်ဆောင်ချက် (မြန်မာ့ဥပဒေရေးရာ စနစ်အတွင်းရှိ အသိပေးဆွေးနွေးသူ၊ တတ်ကျွမ်းပညာရှင်များနှင့် မရှုပ်ထွေးရန်)သည် မြန်မာ့

ဥပဒေများ အကောင်အထည်ဖော်ခြင်း (သို့မဟုတ်) စာအုပ်များရှိ ပြဿနာအလား အလာများနှင့် ပတ်သက်၍ တိတိကျကျ သတ်မှတ်ထားသည့် ရှုထောင့်အမြင်ပေါင်း စုံကို ပံ့ပိုးပေးခြင်းဖြင့် ငြင်းခုံနိုင်ရန် လုပ်ဆောင်လေသည်။ လုပ်ငန်းလုပ်ဆောင်ချက် နှစ်ခုစလုံးသည် အကဲဖြတ်ဝေဖန်တတ်သော ခွဲခြမ်းဆန်းစစ်မှုအတွက် အရေးကြီးလေ သည်။ ၎င်းအတွက် ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်ကဏ္ဍအနေဖြင့် လူတိုင်းလက် ရှိတရားဥပဒေ အခြေအနေကို (ဥပမာ- ဥပဒေဆိုသည်မှာ ဘာလဲ။) နားလည်သဘော ပေါက်ရေးကို သေချာစေရပေမည်။ အသိပေး ဆွေးနွေးမှုဆိုင်ရာ လုပ်ဆောင်ချက် ကဏ္ဍအနေဖြင့်မူ ဥပဒေများအတွင်း ပြောင်းလဲမှုများ ရှိလာစေရေး (ဥပမာ- ဥပဒေ အနေဖြင့် မည်ကဲ့သို့ရှိသင့်သည်)အတွက် အခြေအတင် ဆွေးနွေးမှု၏ တစ်စိတ်တစ် ပိုင်း ဖြစ်လေသည်။ အချုပ်အနေဖြင့် ပညာရေးအား အသိပေးဆွေးနွေးမှုအတွက် ရှေ့ပြေးဖြစ်ပြီး၊ အသိပေးဆွေးနွေးမှုသည် အမျိုးမျိုးကွဲပြားသည့် ရှုထောင့်အမြင်များ ကို တစ်တက်တစ်အား အကဲဖြတ်နေကြသည့် အသိပေးပါတီများအကြား အခြေအ တင် ဆွေးနွေးမှုများကို ရောင်ပြန်ဟပ်ပါက ပညာရေးအရ ပံ့ပိုးပေးရန် တောင်းဆို ပေလိမ့်မည်။ သို့မှသာ မတူကွဲပြားနေလင့်ကစား သတင်းအချက်အလက် ရရှိနေသည့် လူဦးရေတစ်ရပ်အနေဖြင့် အားပေးမြှင့်တင်နိုင်ကာ လူ့အဖွဲ့အစည်းသည်လည်း ကျယ် ပြန့်လာပေလိမ့်မည်။ ဤလက်စွဲစာအုပ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် ပတ်သက်သော ဆွေးနွေးပြောဆိုမှုများတွင် နားလည်သိရှိကာ ဝင်ရောက်ဆွေးနွေး ပြောဆိုနိုင်သော အသိအမြင် ကြွယ်ဝပြီး ကွဲပြားစုံလင်စွာပါရှိသည့် လူဦးရေပမာဏ ကို တိုးပွားလာစေရန် ရည်ရွယ်လျက် ပညာရပ်ပိုင်းဆိုင်ရာ အသိပညာပေးရေး လုပ် ဆောင်ချက်ကို ဦးတည်ထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် ဥပဒေနှင့်စပ်လျဉ်းသည့် ပညာရေးကို လူတိုင်းလက်လှမ်း နိုင်သော အနေအထားကို သဘောတူလက်ခံပါသည်။ ဥပဒေပညာရေးကို ရှေ့နေနှင့် တရားသူကြီးများကဲ့သို့သော ဥပဒေရေးရာပညာရှင်များ၏ နယ်ပယ်အဖြစ် အနက် အဓိပ္ပာယ် ကောက်ယူနိုင်သည်။ ရှေ့နေနှင့် တရားသူကြီးများမှာ ဥပဒေများကို ဒီထက် မက ကျယ်ပြန့်သည့် တရားဥပဒေစိုးမိုးရေး မျှော်မှန်းချက်များကို ထိန်းသိမ်းပေးနိုင် သော ဥပဒေစနစ်ကြီးတစ်ခု၏ အစိတ်အပိုင်းအဖြစ် လက်တွေ့အသုံးချနိုင်ရန် လုံ လောက်သည့် ကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်းကို သေချာစေရန် ဥပဒေပညာရေးမှာ အခရာ ကျသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ရှိလေသည်။[1] မည်သို့ပင်ဆိုစေကာမူ ဥပဒေနှင့် ပတ်သက်သည့် ပညာရေးသည် ဥပဒေရေးရာ ပရော်ဖက်ရှင်နယ်များထက် ပိုတာသွား လေသည်။ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ ဥပဒေသည် ရှေ့နေနှင့် တရားသူကြီးများ မှ ဥပဒေကို တိုင်းသူပြည်သားများကိုယ်စား လက်တွေ့အသုံးချသလိုပင် တိုင်းပြည်နှင့် လူ့အဖွဲ့အစည်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းအပေါ် တန်းတူညီမျှ သက်ရောက် လေသည်။ ဤကြီးပမ်းအားထုတ်မှုများကို မြှင့်တင်ရန် တိုင်းပြည်နှင့် လူ့အဖွဲ့အစည်း အတွင်းရှိ ဥပဒေပညာရှင်ဖြစ်စေ၊ ဥပဒေပညာရှင် မဟုတ်သည်ဖြစ်စေ ဥပဒေအကြောင်း အနည်းငယ် နားလည်သဘောပေါက်ခြင်းသည် လူတိုင်းအတွက် အကျိုးရှိပေသည်။ ဤလက်စွဲစာအုပ်၏ အခန်းများသည် စာဖတ်သူများဆီ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိ စေရန် ရည်ရွယ်သည့် ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်တစ်ရပ် ဖြစ်လေသည်။

ရလဒ်အနေဖြင့် ဤစာအုပ်ကိုသုံးစွဲခြင်းဖြင့် အချက်ပေါင်းများစွာကို လေ့လာ သုံးသပ်သင့်ပေသည်။

[1] Jonathan Liljeblad, Democracy, *Rule-of-Law, and Legal Ethics Education in Context: Directing Lawyers to Support Democratization in Myanmar,* Georgia Journal of International and Comparative Law 47: 451-477 (2019).

* ရည်ရွယ်ချက်မှာ မြန်မာ့ဥပဒေများကို စာဖတ်နိုင်စွမ်း (သို့မဟုတ်) မူဝါဒများနှင့် ဥပဒေအကြောင်းအရာကို နားလည်သဘောပေါက်နိုင်စွမ်း အဆင့်အမျိုးမျိုးရှိသည့် မတူကွဲပြားသော လူဦးရေပေါင်းစုံ အထိရောက်ရှိစေရန် အလို့ငှာ အကျဉ်းချုပ် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေအပေါ် မြန်မာ့ဥပဒေများနှင့်ပတ်သက်၍ လူထုအသိပေးမှု ဖွံ့ဖြိုးလာစေပြီး မြန်မာ့နိုင်ငံရေးအတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်း ကြီးထွားလာမှုကို တိုးတက်လာစေသည်။
* ဤစာအုပ်ရှိ အခန်းများတွင် တင်ဆက်ထားသည့် သတင်းအချက်အလက်များသည် စာဖတ်သူများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် ပတ်သက်သည့် မြန်မာ့ဥပဒေများအကြောင်း ယေဘုယျ နားလည်လာစေရန် ပံ့ပိုးပေးပေမည်။ ဤသို့ဖြင့် စာဖတ်သူများအား မြန်မာ့ဥပဒေများအား အကောင်အထည်ဖော်ဆောင်ခြင်း (သို့မဟုတ်) ဘာသာစကား ပိုမိုတိုးတက်လာစေရန် အလားအလာ နည်းလမ်းများကို သုံးသပ်ဆင်ခြင်ကာ ဆွေးနွေးနိုင်စေမည့် အသိပညာအခြေခံကို ပေးအပ်ပေမည်။ အနှစ်သာရအနေဖြင့် စာအုပ်ပါ အခန်းများသည် ဥပဒေများနှင့်ပတ်သက်ပြီး ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ကာ အခြားဥပဒေဆိုင်ရာ ဖိုရမ်များအတွက် ဥပဒေများအကြောင်း စကားရည်လုပွဲများအတွက်လည်း အသင့်ဖြစ်နေရန် လုပ်ဆောင်နေစဉ်အတွင်း ၎င်းတို့သည် စာဖတ်သူများအား ထိုကဲ့သို့သော စကားရည်လုပွဲ။ အခြေအတင် ဆွေးနွေးပွဲများကို နားလည်လာပြီး၊ ရင်းနှီးပါဝင်လာစေရန် လိုအပ်သောခြေလှမ်းများကို ကူညီထောက်ပံ့ပေးလေသည်။
* ၎င်းစာအုပ်ပါ အခန်းများသည် နောက်ထပ်အနေဖြင့် လူမှုရေး တရားမျှတမှုကို စောင်းပေး ဖော်ပြလေသည်။ စာအုပ်ပါအခန်းများသည် သတင်းအချက်အလက်များအား မြန်မာ့ဥပဒေများနှင့် မရင်းနှီးမကျွမ်းဝင်သော၊ ပညာရေး

နိမ့်ပါးသည့် စာဖတ်သူများ နားလည်လာနိုင်သည့် တင်ဆက်ပုံမျိုးဖြင့် ရှင်းလင်းတင်ဆက်နိုင်အောင် ကြိုးစားထားသည်။ ရိုးရှင်းလွယ်ကူသော ဘာသာစကားနှင့် တိုရှင်းသော အကျဉ်းချုပ် ဖော်ပြချက်များကို အသုံးပြုခြင်းဖြင့် စာအုပ်ပါ အခန်းများသည် နိုင်ငံ၏ ပေါ်လစီဆွေးနွေးပွဲများအတွက် အသိပညာ အထူးလိုအပ်ချက်များ (သို့မဟုတ်) နည်းပညာဆိုင်ရာဝေါဟာရ အသုံးအနှုန်းများအား လက်လှမ်းမီမှုမရှိဖြစ်နေသည့် မြန်မာ့လူထုအတွက် အစိတ်အပိုင်းတစ်ခုအနေဖြင့် ထမ်းဆောင်ပေးလေသည်။ သို့ဖြစ်၍အကျိုးဆက်အနေဖြင့် စာအုပ်ပါအခန်းများသည် ဘေးဖယ်ခံထားရသကဲ့သို့ ဖြစ်နေသည့် စာဖတ်သူများအတွက် မြန်မာနိုင်ငံဥပဒေများနှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပိုမိုသိရှိလာစေရန်၊ ၎င်းစာဖတ်သူများအား မြန်မာ့အရပ်ဘက် လူ့အဖွဲ့အစည်း အသိုင်းအဝိုင်း၏ အသိပေးခံထားရသည့် အဖွဲ့ဝင်များ ဖြစ်လာစေကာ အားလုံးပါဝင်မှုကို အားပေးမြှင့်တင်ရန် ကူညီပေးပြီး တန်းတူညီမျှမှုကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးလေသည်။ ထို့အပြင်စာဖတ်သူများအား မြန်မာ့နိုင်ငံရေးကို သဘောပေါက် နားလည်ထိတွေ့နေရန် သတင်းအချက်အလက် လုံလုံလောက်လောက်ပေးခြင်းဖြင့်လည်း သတင်းအချက်အလက် လက်လှမ်းမီရရှိရေးကို ကူညီပေးလေသည်။

* စာအုပ်ပါအခန်းများသည် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအပေါ် သက်ရောက်မည့် အရေးကြီးဥပဒေများနှင့်ပတ်သက်၍ အလျှူရှင်များဖက်မှ မည်သည်ကို ထည့်သွင်းစဉ်းစားသည် ဆိုသည်ကိုလည်း အရေးယူစဉ်းစားပေသည်။ ထို့ကြောင့် အလုံးစုံပြီးပြည့်စုံသည့် နက်ရှိုင်းကျယ်ပြန့်လှသော ပြဋ္ဌာန်းစာအုပ်အဖြစ် မရည်ရွယ်ထားပေ။ ပြဋ္ဌာန်းစာအုပ်များ (သို့မဟုတ်) အင်စတီကျူးရှင်းဆိုင်ရာလမ်းညွှန်ချက် (ဥပမာ- တက္ကသိုလ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ပရိုဂရမ်များစသည်)နှင့်အစားထိုးပစ်ရန်လည်း

မရည်ရွယ်ထားပေ။ စာအုပ်ပါအခန်းများ၏ အကြောင်းအရာများသည် အခြားနည်းလမ်းဖြင့် ကြိုးပမ်းမှုတစ်ခုအဖြစ် ဖြည့်စွက်ချက်တစ်ခုအဖြစ်သာ ရည်ရွယ်သည်။

* ဤလက်စွဲစာအုပ်သည် မြန်မာနိုင်ငံရှိ မတူကွဲပြားခြားနားသည့် တရားဥပဒေစိုးမိုးရေး အကြောင်းအရာများနှင့် ဆက်စပ်သည့် ထွက်ရှိနေဆဲဖြစ်ကြသော အခြားစာအုပ်များထဲမှ တစ်အုပ်အဖြစ်သာ ရည်ရွယ်သည်။ အကျိုးဆက်အနေဖြင့် ဤစာအုပ်ပါ အခန်းများမှ ဖော်ပြရန် ကျန်ရှိနေသော အကြောင်းအရာ ခေါင်းစဉ်များကို နောက်ဆက်တွဲအဖြစ် ထွက်ရှိလာမည့် လက်စွဲစာအုပ်များတွင် ရည်ညွှန်းဖော်ပြမည် ဖြစ်သည်။

ယခု/လက်ရှိ လက်စွဲစာအုပ်အနေဖြင့် အကဲဖြတ်ဝေဖန်တတ်သော ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုဖြင့် စူးစမ်းစုံစမ်းလိုစိတ် တစ်ခုဖြစ်ပေါ်လာအောင် ကူညီပေးပြီး၊ အထက်တွင် ဖော်ပြခဲ့သည့် လေ့လာသုံးသပ်ချက်များစွာကို ကြိုဆိုပါသည်။ ထို့အပြင် စာဖတ်သူများအား နောက်လာမည့်အခန်းများမှ အကြောင်းအရာများကို မြန်မာ့နိုင်ငံရေးနှင့် ဥပဒေရေးရာ တိုးတက်ဖွံ့ဖြိုးရေးနှင့်ဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့်သက်ဆိုင်သည့် ဥပဒေများကို လက်တွေ့အသုံးချခြင်း၊ ဘာသာစကားအလိုက် အခြေအတင် ဆွေးနွေးပွဲများနှင့် ဆင်ခြင်သုံးသပ်ချက်၊ ဆွေးနွေးခြင်းများအတွက် အခြေခံအနေဖြင့် အသုံးချရန် အပြည့်အဝအားပေးပါသည်။

## ပါဝင်သည့်အကြောင်းအရာများ

ဤစာအုပ်အတွဲတွင် ပါဝင်ကြသော စာရေးသူများသည် မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းအတွက်အသိပညာ ဖြန့်ဝေပေးလိုခြင်း ရည်ရွယ်ချက်ဖြင့် သူတို့ဆန္ဒအလျောက် ဆုံးဖြတ် လုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့၏ ကျရာအခန်းများကို ရေးသား

ပေးခဲ့ကြသည့် စာရေးသူများသည် မြန်မာနိုင်ငံအတွက် ပြည်သူ့အကျိုး ဝန်ဆောင်မှုအဖြစ် ပံ့ပိုးပေးခဲ့ကြပြီး၊ ၎င်းတို့၏ ကျွမ်းကျင်မှုများကို ဝေမျှပေးခြင်းဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူ၊ ပြည်သားများ ကုန်ကျစရာမလိုဘဲ အသိပညာများကို မျှဝေပေးပြီးဖြစ်ပေသည်။ အခန်း တစ်ခန်းစီတိုင်းသည် စာရေးသူတို့၏ စာဖတ်သူများဖက်မှ မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၏ လုပ်ငန်းလည်ပတ်လုပ်ဆောင်ချက်များအပေါ် နားလည်လောက်နိုင်သည့်အမြင်ကို ရောင်ပြန်ဟပ်နေသည်။

* **အခန်း(၁) ကျော်မင်းစံ**

  မြန်မာနိုင်ငံ ဥပဒေစနစ်အပေါ် အခြေခံ သတင်းအချက်အလက်များ

* **အခန်း(၂) William (BJ) Schulte**

  အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ဥပဒေအကျဉ်းချုပ်နှင့်
  မြန်မာနိုင်ငံဥပဒေစနစ်ကျင့်ထုံး

* **အခန်း(၃) ဆုယဉ်ထွန်း**

  မြန်မာနိုင်ငံရှိ သစ်တော၊ ဇီဝမျိုးစုံကွဲနှင့်
  ဂေဟဗေဒနှင့်ပတ်သတ်သော မြန်မာနိုင်ငံဥပဒေများ

* **အခန်း(၄) Marla H. Bu**

  သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်
  ရောင်းဝယ်ဖောက်ကားရေးဆိုင်ရာ မြန်မာနိုင်ငံ ဥပဒေများ

* **အခန်း(၅) William (BJ) Schulte**

  ရေနှင့် လေထုညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက်
  မြန်မာနိုင်ငံမှကျင့်သုံးသော ဥပဒေစနစ်

* **အခန်း(၆) Matthew Baird**

  ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပါဝင်မှု ယန္တရား

အထက်ဖော်ပြပါ အကြောင်းအရာများတွင် စာမျက်နှာ နေရာအခက်အခဲရှိခြင်း၊ ပုံသေကားကျ မဟုတ်သော အနေအထားများ၊ မရေရာသော အခြေအနေများကြောင့် ချွင်းချက်အချို့ကို ပြုလုပ်ခဲ့ရပါသည်။ အဆိုပါချွင်းချက်များတွင် မြေယာဥပဒေကဲ့သို့သော ရှုပ်ထွေးပြီး သီးသန့်အတွဲတစ်ခုဖြင့် အထူးတလည် ပိုမိုဂရုစိုက်ပြီး ကိုင်တွယ်ရမည့် အကြောင်းအရာများ ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် ပတ်သက်သော အကြောင်းအရာနှင့်စပ်လျဉ်းပြီး သူတို့၏ ကျွမ်းကျင်မှုကြောင့် ဤစာအုပ်အတွဲတွင် ပါဝင်ရန် စာရေးသူများကို ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ အထူးသဖြင့် စာရေးသူ တစ်ယောက်စီတိုင်းသည် မြန်မာနိုင်ငံနှင့် မြန်မာ့တရားဥပဒေစနစ်များအတွင်း ဥပဒေလုပ်ဆောင်ချက် အဆင့်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားရှိသည့် ပညာရှင်၊ စကော်လာ (သို့မဟုတ်) လက်တွေ့တတ်ကျွမ်း လုပ်ဆောင်နေသူများ ဖြစ်ကြလေသည်။ ထို့အပြင် စာရေးသူတစ်ယောက်စီတိုင်းသည် သူတို့ ပါဝင်ရေးသားသည့် အခန်းစီ၏ အကြောင်းအရာများနှင့်လည်း ယခင်ကတည်းက အတွေ့အကြုံများ ရှိပြီးကြသူများဖြစ်ကြသည်။

စာရေးသူများကို မတူကွဲပြားသည့် ရှုထောင့်မျိုးစုံကို တင်ပြနိုင်မည့်သူတို့၏ လုပ်ဆောင်နိုင်မှုအပေါ် မူတည်ပြီး ပါဝင်ရန်ဖိတ်ခေါ်ခဲ့သည်။ ဤစာအုပ်ပါ အခန်းများ၏ အကြောင်းအရာများသည် အများနှင့်ဆိုင်သော နိုင်ငံတကာစံနှုန်းများကို ကိုးကားထားသော်လည်း စာအုပ်တစ်အုပ်လုံးအနေဖြင့် မြန်မာစာဖတ်သူများအား မြန်မာနိုင်ငံ၏ ဥပဒေများနှင့်ပတ်သက်ပြီး အသိပညာမြှင့်တင်ရန်သာ ရည်ရွယ်သည်။ အကျိုးဆက်အနေဖြင့် ဤစာအုပ်အတွဲသည် မြန်မာနိုင်ငံအတွင်းနေထိုင် (သို့မဟုတ်) အလုပ်လုပ်နေကြသည့် နိုင်ငံတကာနှင့် ပြည်တွင်းတတ်ကျွမ်းပညာရှင် ပေါင်းစပ်မှုကို ရောင်ပြန်ထင်ဟပ်သည့်အခန်းများ ပါဝင်နေလေသည်။

မြန်မာနိုင်ငံ၏ဥပဒေများသည် ပြုပြင်ပြောင်းလဲမှု အကြီးစား လုပ်ငန်းစဉ် အတွင်း ရောက်ရှိနေလေသည်။ တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပို၍ တိုးတက်စေရန် အစိုးရမှ ဥပဒေအသစ် ရေးဆွဲခြင်းနှင့် ထုတ်ပြန်ခြင်းများ လုပ်ဆောင်နေသည်။ စာရေးသူ စာရေးဆရာများသည် မြန်မာ့ဥပဒေရှိ ပြောင်းလဲနေသော အခြေအနေများကို တစုတစည်းတည်း အသိအမှတ်ပြုခဲ့ကြသည်။ ဤစာအုပ်အတွဲရှိ အခန်းများအား လက်တွေ့အသုံးချရာတွင် ဂရုတစိုက်ရှိသင့်သည်။အဘယ့်ကြောင့်ဆိုသော် အခန်းတစ်ခုစီ၏ အကြောင်းအရာများသည် စာရေးသူအသီးသီး၏ ၎င်းအခန်းကို ရေးသားနေချိန်အတွင်း ဖြစ်ပျက်နေသည့် (ခန့်မှန်းခြေအားဖြင့် ၂၀၁၉ ခုနှစ် မေလ အချိန်ကာလအတွင်းဖြစ်သည်။) မြန်မာ့ဥပဒေ အဆင့်အတန်းကို ရောင်ပြန်ထင်ဟပ်သောကြောင့် ဖြစ်သည်။ တတ်နိုင်သမျှ သတင်းအချက်အလက်များကို လက်ရှိကာလနှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းထားသည်။ သို့ရာတွင် အယ်ဒီတာများမှ ဤစာအုပ်အတွဲ၏ အကြောင်းအရာများကို နောင်အနာဂတ်တွင် ဖြစ်လာနိုင်မည့် အသစ်ပြင်ဆင်ထားသည့် ဥပဒေများနှင့်အညီ ပြန်လည်မွမ်းမံခွင့်ရှိလေသည်။

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအကူးအပြောင်းသည် လူထုအခြေအတင် ဆွေးနွေးပွဲများအတွက် တင်းမာသည့် ပတ်ဝန်းကျင်အခြေအနေတစ်ခုကို အားပေးနေသည့် စိန်ခေါ်ချက် မြောက်မြားစွာနှင့်အတူ ယှဉ်တွဲနေလေသည်။ ထိုကဲ့သို့သော အခက်အခဲများသည် လက်တွေ့လည်ပတ်နေသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် လိုအပ်သည့် လူထု၏ နှိုင်းနှိုင်းချိန်ချိန် လုပ်ဆောင်နိုင်မှုကို နှောင့်နှေးစေသည်။ မြန်မာ့ဒီမိုကရေစီစနစ်မှ ရင်ဆိုင်နေရသည့် စိန်ခေါ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးမည့် ထိရောက်သည့် ဖြေရှင်းနည်းလမ်းများဆီ ဦးဆောင်ပေးမည့် အပြုသဘောဆောင်သည့် အခြေအတင် ဆွေးနွေးမှုများ ဖြစ်ပေါ်စေမည့် လူထု၏ နှိုင်းချိန်တွေးခေါ်နိုင်မှုတစ်ခု

လိုအပ်ပေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများအကြောင်း စာဖတ်သူများကို အသိပေးရန် ပညာရေးဆိုင်ရာလုပ်ငန်း လုပ်ဆောင်ချက်အဖြစ် တာဝန်ထမ်းဆောင်ရာတွင် စာရေးသူများသည် ပြည်သူလူထု၏ နိုင်းချိန်ပြီး လုပ်ဆောင်နိုင်မှု ကြီးထွားလာစေရန် ကူညီပေးခဲ့ကြသည်။

## နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေ

လာမည့်ဆွေးနွေးပွဲများအပြင် နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများ အဖွဲ့နှင့် ပတ်သက်ပြီးလည်း မှတ်ချက်ပေးရန်လိုအပ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံ၏ အကူးအပြောင်းအများစုသည် နိုင်ငံတကာစံနှုန်းများအား ကိုးကား၍ လုပ်ဆာင်ခဲ့သည်။ မြန်မာနိုင်ငံအား နိုင်ငံတကာအခြေခံမှုများနှင့် ပိုပြီး ကိုက်ညီလာစေရန် လုပ်ဆောင်ပေးမည့် တရားဥပဒေစိုးမိုးရေး အပါအဝင် ပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများနှင့်အတူ ဆောင်ရွက်ခဲ့သည်။ အလားတူစွာပင် ဤလက်စွဲစာအုပ်၏ အခန်းများသည် နိုင်ငံတကာစံနှုန်းများနှင့်လည်း ချိတ်ဆက်နေသည်။ သင့်လျော် (သို့မဟုတ်) မသင့်လျော်သော အပြုအမူ (သို့မဟုတ်) စည်းမျဉ်းများအတွက် စံနှုန်းများကို သတ်မှတ်ပေးသည့် စံချိန်စံနှုန်းများ၏ ဝေါဟာရများနှင့် အပြုအမူများ၏ စံနှုန်းများ အာဏာတည်စေခြင်း နှစ်ခုစလုံးအတွက်ပါ အပါအဝင်ဖြစ်သည်။ စံချိန်စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည့် နိုင်ငံတကာ ဥပဒေစနစ် တည်ရှိမှုသည် ပြည်တွင်းဥပဒေအတွင်း အလိုအလျောက် လက်တွေ့ တိုက်ရိုက်အသုံးချ၍ ရသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတကာဥပဒေကို ပြည်တွင်းဥပဒေနှင့် ချိတ်ဆက်ရာတွင် သတိချပ်ရန် အရေးကြီးလေသည်။

နိုင်ငံတကာဥပဒေကို ပြည်တွင်းဥပဒေစနစ်အတွင်း လက်တွေ့အသုံးချခြင်းသည် တိုင်းပြည်တစ်ပြည်စီ (ဥပမာ- မြန်မာနိုင်ငံ)အပေါ် မူတည်လေသည်။ နိုင်ငံတကာဥပဒေအောက်တွင် တိုင်းပြည်တစ်ပြည်၌ ၎င်း၏ တရားဝင်ဥပဒေရေးရာ အဆင့်အတန်းတစ်ခု ရှိလေသည်။ ဆိုလိုသည်မှာ ၎င်းသည် ၎င်း၏ရပိုင်ခွင့် အခွင့်အရေးများနှင့် တာဝန်များကို ကိုင်စွဲထားပြီး ၎င်းကို နိုင်ငံတကာဥပဒေစနစ်အတွင်း၌ ထည့်သွင်းအာဏာတည်နိုင်လေသည်။ ယေဘုယျအားဖြင့် တိုင်းပြည်တစ်ပြည်၏ တရားဝင်ဥပဒေရေးရာ အဆင့်အတန်းတွင် အချုပ်အခြာအာဏာ တည်မြဲမှုအတွက် အခွင့်အရေးများနှင့် တာဝန်များ ပါဝင်လေသည်။ ဆိုလိုသည်မှာ တိုင်းပြည်တစ်ပြည်၌ ပြည်နယ်၏ နယ်နိမိတ်အတွင်းရှိ လူဦးရေ၊ နယ်မြေနှင့် အရင်းအမြစ်များကို သီးသန့်ထိန်းချုပ်ထားခြင်းအတွက် အထူးသီးသန့် အာဏာတစ်ခုရှိလေသည်။ အချုပ်အာဏာ တည်မြဲမှု၏ နောက်ဆက်တွဲ အကျိုးဆက်သည် တိုင်းပြည်တစ်ပြည်သည် ၎င်း၏ ကိုယ်ပိုင်အမျိုးသားရေး ဥပဒေစနစ်ကို ဆုံးဖြတ်ပြီး ၎င်းအမျိုးသား ဥပဒေစနစ်အတွင်းမှာပဲ နိုင်ငံတကာဥပဒေများ၏ အခြေအနေကို ဆုံးဖြတ်ကြသောကြောင့် ဖြစ်လေသည်။

တိုင်းပြည် တစ်ပြည်ချင်းစီအလိုက် အများနှင့်မတူ ထူးခြားသည့် အခြေအနေများရှိလင့်ကစား တိုင်းပြည်များအနေဖြင့် နိုင်ငံတကာဥပဒေများအရ အရေးတယူဆောင်ရွက်ပုံကို ညွှန်ပြသည့် အမျိုးအစား ခွဲခြားသတ်မှတ်မှုများ ရှိလေသည်။ အကျယ်တဝင့်ပြောရလျှင် နိုင်ငံတကာဥပဒေတွင် Monist နှင့် Dualist ရှုထောင့်အမြင်များရှိလေသည်။ မြို့ပြဥပဒေ ယဉ်ကျေးမှုကို လိုက်နာသော ဥပမာ- ပြင်သစ်၊ ဂျာမနီ၊ စပိန် အစရှိသည့် နိုင်ငံများ၌ ပျံ့နှံ့သည့် Monist ရှုထောင့်အမြင်သည် နိုင်ငံတကာဥပဒေနှင့် ပြည်တွင်းဥပဒေကို ကမ္ဘာလုံးဆိုင်ရာ အကြွင်းမဲ့ ဥပဒေစနစ်တစ်ခု၏ အစိတ်အပိုင်းများအဖြစ်သာ မြင်လေသည်။ ဥပမာ- နိုင်ငံတကာဥပဒေကို အလွယ်တကူပင် ပြည်တွင်းအမျိုးသားရေး ဥပဒေအဖြစ် အကောင်အထည်ဖော်၍ ရသည်ဟု မြင်လေသည်။ ဘုံဥပဒေယဉ်ကျေးမှုကို လိုက်နာသော ဥပမာ- ဩစတြေးလျ၊ ကနေဒါနှင့်

ယူကေနိုင်ငံ အစရှိသည့် နိုင်ငံများ၌ ပျံ့နှံ့သည့် Dualist အမြင်သည် နိုင်ငံတကာနှင့် အမျိုးသားရေး ပြည်တွင်းဥပဒေများအကြား ကွဲပြားချက်တစ်ခု ရှိသည်ဟု အခိုင်အမာ ဆိုကြပြီး နိုင်ငံတကာဥပဒေသည် တိုင်းပြည်တစ်ပြည်မှ ၎င်းနိုင်ငံတကာဥပဒေကို အမျိုးသား ပြည်တွင်းဥပဒေအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုလိုသည်ဟု သဘောတူမှသာ တည်ရှိဆောင်ရွက်ရမည်ဟု မြင်ကြသည်။ ဘုံဥပဒေ တိုင်းပြည်များအရ ထည့်သွင်းပေါင်းစပ်ခြင်း အယူဝါဒနှင့် အသွင်ပြောင်းခြင်း အယူဝါဒကြား၌လည်း ကွဲပြားချက်ရှိလေသည်။ ထည့်သွင်းပေါင်းစပ်ခြင်း အယူဝါဒ ဆိုသည်မှာ အချိန်တစ်ခုကြာသည်အထိ ဥပဒေနှစ်ခုအကြား ကိုက်ညီမှုမရှိပါက နိုင်ငံတကာဥပဒေသည် အလိုအလျောက် အမျိုးသားရေး ပြည်တွင်းဥပဒေ ဖြစ်လာ နိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနှင့်မတူစွာ အသွင်ပြောင်းခြင်း အယူဝါဒသည် နိုင်ငံတကာဥပဒေအား အမျိုးသားရေး ပြည်တွင်းဥပဒေအဖြစ် အလိုအလျောက် ဖြစ် လာနိုင်သည်ဟု မမြင်ဘဲ၊ ၎င်းအစား ပြည်တွင်းပြဋ္ဌာန်းချက် (သို့မဟုတ်) တရားစီရင် ရေး ဆုံးဖြတ်ချက်အားဖြင့် နိုင်ငံတကာဥပဒေကို ပြည်တွင်းအမျိုးသားရေး ဥပဒေအဖြစ် ပြောင်းလဲရန် လိုအပ်သည်ဟု ရှုမြင်လေသည်။

မြန်မာနိုင်ငံအတွက်မူ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးမှ စီရင်သော နိုင်ငံတကာဥပဒေအား ချဉ်းကပ်သည်ဟု Evgoni T. Kovtunenko v U Law Yone (1960) မှာ ဖော်ပြထားသည်။ မြန်မာတရားရုံးများသည်သာ နိုင်ငံတကာဥပဒေကို ပြည်တွင်းအမျိုးသားရေး ဥပဒေပြုမှုအတွင်း သွတ်သွင်းရန် အာ ဏာရှိသည်ဟု လေ့လာတွေ့ရှိခဲ့သည်။[2] အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံသည် တရားရုံးအမှုများကို မည်မျှလိုက်နာသည်ကိုကြည့်ပြီး မြန်မာနိုင်ငံသည် ဘုံဥပဒေ ယဉ်ကျေးမှုနှင့် တသားတည်းဖြစ်သည့် Dualist ချဉ်းကပ်မှုကို ထိထိရောက်ရောက်

[2] *Evgoni T. Kovtunenko v U Law Yone (1960),* Burma Law Reports 1960: 58-59.

လိုက်နာသည်ဆိုသည်မှာ ပေါ်လွင်ပေသည်။ နိုင်ငံတကာဥပဒေကို အကောင်အထည် ဖော်ရန် လွှတ်တော်ပါလီမန်၏ တရားဥပဒေ ပြဋ္ဌာန်းခြင်းကို လိုအပ်သည့် အသွင် ပြောင်းခြင်း အယူဝါဒကိုလည်း လိုက်နာကျင့်သုံးလေသည်။

မှတ်ထားသင့်သည်မှာ ပြည်တွင်းအမျိုးသားရေး ဥပဒေမှတစ်ဆင့် ဥပဒေထုတ် ပြန်ခြင်းသည် အတည်ပြုခြင်း (သို့မဟုတ်) ထပ်ဆင့်တိုးခြင်းမျိုး စသည်တို့နှင့် ထပ်တူ ညီစရာမလိုဆိုသည့် အချက်ပင်ဖြစ်သည်။ နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ခြင်း လုပ်ငန်းစဉ် (ဥပမာ- စာချုပ်များ)တွင် တိုင်းပြည်များအကြား စေ့စပ်ညှိ နှိုင်းခြင်းများ ပါဝင်ပြီး စေ့စပ်ညှိနှိုင်းခြင်း အဆုံးသတ်တွင် အဖွဲ့ဝင်နိုင်ငံများမှ သဘော တူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် ရည်ရွယ်၍ လက်မှတ်ထိုး သဘောတူကြသည်။ လက်မှတ်ထိုးပြီးနောက် တိုင်းပြည်အနေဖြင့် အတည်ပြုရန်အ တွက် ပြည်တွင်းလုပ်ငန်းစဉ်များကို လိုက်နာကြသည်။ ဆိုလိုသည်မှာ တိုင်းပြည်သည် သဘောတူညီချက်ကို လက်ခံမွေးစားရန် ခွင့်ပြုပြီး၊ သဘောတူညီချက်အရ လိုက်နာ ကျင့်သုံးရန်ခွင့် ပြုသည်ကို ဖော်ပြရမည်။ စေ့စပ်ညှိနှိုင်းခြင်းနှင့် နိုင်ငံတကာသဘော တူညီချက်တွင် လက်မှတ်ထိုးရာ၌ မပါဝင်သည့် နိုင်ငံများအနေဖြင့် ထပ်ဆင့်တိုးခြင်း မျိုးကို ရွေးချယ်နိုင်သည်။ ဆိုလိုသည်မှာ တိုင်းပြည်တစ်ပြည်သည် သူတို့အနေဖြင့် နိုင်ငံတကာဥပဒေကို လက်ခံပြီး၊ နိုင်ငံတကာ သဘောတူညီချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မည်ဟု အတိအလင်း ကြေညာခြင်းဖြစ်သည်။ အတည်ပြုခြင်းရော၊ ထပ် ဆင့်တိုးခြင်းရော နှစ်ခုစလုံးသည် ပြည်တွင်းဥပဒေစနစ်အတွင်း နိုင်ငံတကာ သဘော တူညီချက်ကို မည်ကဲ့သို့ လက်ခံကျင့်သုံးမည်ဆိုသည်ကို ကြေညာစရာ မလိုအပ်ပေ။ ၎င်းတို့နှင့်မတူစွာ ဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတကာ သဘောတူညီချက်တစ်ခုအား ပြည်တွင်းဥပဒေစနစ်အတွင်း မည်ကဲ့သို့ အာဏာတည်စေပုံကို ညွှန်ပြရကာ အတည်

ပြုခြင်း (သို့မဟုတ်) ထပ်ဆင့်တိုးခြင်းတို့မှ ခွဲခြားထားလေသည်။ ဥပဒေပြဋ္ဌာန်းခြင်းတွင် နိုင်ငံတကာ သဘောတူညီချက်တစ်ချက်ကို အကောင်အထည်ဖော်ဆောင်မည့် ပြည်တွင်း ဥပဒေလမ်းကြောင်း ပါဝင်လေသည်။ သို့မှသာ ပြည်နယ်ရုံးများမှ နယ်နိမိတ်အတွင်းရှိ လူထု၊ ပိုင်နက်နယ်မြေနှင့် အရင်းအမြစ်များမှ ၎င်းကို လိုက်နာကျင့်သုံးရန် အာဏာတည်စေနိုင်မည် ဖြစ်သည်။

# မြန်မာနိုင်ငံ၏ဥပဒေစနစ်

**Kyaw Min San, LL.M (HKU)**
**Supreme Court Advocate and Legal Consultant**

## နိဒါန်း

မြန်မာနိုင်ငံ၏ ကနဦးဥပဒေစနစ်သည် ပုဂံခေတ် မင်းအဆက်ဆက်မှ စတင်ပေါ်ပေါက်လာပါသည်။ ဥပဒေစနစ်၏ အခန်းကဏ္ဍ (၃)ရပ်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစနစ်ဖြင့် ဖွဲ့စည်းထားသော်လည်း အကြွင်းမဲ့ သက်ဦးဆံပိုင်ဘုရင်စနစ် ဖြစ်ပါသည်။ ဘုရင်သည် ဥပဒေပြုခွင့်ရှိပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေး၌ စီရင်ဆုံးဖြတ်ခြင်းအာဏာသည် ဘုရင်၌ အပြည့်အဝရှိခဲ့သည်။

ဘုရင်စနစ်တွင် တရားမမှုနှင့် ပြစ်မှုကိစ္စများအား ဓမ္မသတ်၊ ရာဇသတ်နှင့် ဖြတ်ထုံးပေါ် အခြေခံ၍ စီရင်ဆုံးဖြတ်ခဲ့သည်။ “ဓမ္မသတ်”သည် မြန်မာ့ဓလေ့ထုံးတမ်းများအား စုစည်းမှုဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဟု ခေါ်ဆိုပါသည်။ ၎င်းသည် မြန်မာနိုင်ငံဥပဒေစနစ်၏ အရင်းအမြစ်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုစံချိန်စံနှုန်းများ၊ လူမှုရေးစံနှုန်းများ ပါဝင်သည်။ မင်းတုန်းမင်းကြီးနှင့် သီပေါမင်း၏ ဝါရင့်ဝန်ကြီးဦးကောင်းသည် ဓမ္မသတ်အတွဲ (၃၆)တွဲအား ဗြိတိသျှကိုလိုနီလက်အောက် ၁၈၉၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၅ ခု)တွင် ရေးသားခဲ့သည်။ ရာဇသတ်ဆိုသည်မှာ ဘုရင်၏အမိန့်နှင့် ရာဇဝတ်ဥပဒေများအား စုစည်းထားသော ဘုရင်မှ ထုတ်ပြန်ထားသော ပြန်တမ်းများ၊ တော်ဝင်ဆုံးဖြတ်ချက်များ ပါဝင်သည်။

ဖြတ်ထုံးဆိုသည်မှာ ဘုရင်၏လွှတ်တော်နှင့် တိုင်းပြည်အတွင်းရှိ ခုံရုံးများနှင့် တရားရုံးမှ ချမှတ်လိုက်သည့် တရားရေးဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များကို ဆိုလိုသည်။

နိုင်ငံအတွင်း၌ ပုံစံတကျ တရားရေးစနစ်အား ကိုလိုနီဥပဒေစနစ်ဖြင့် ဗြိတိသျှအစိုးရမှ စတင်မိတ်ဆက်ခဲ့ပါသည်။ ၁၈၃၇ ခုနှစ် ဧပြီလ (၄)ရက်နေ့တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို အိန္ဒိယ၏ လက်အောက်ခံ ပြည်နယ်တစ်ခုအဖြစ် ထားရှိခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးကို တည်ထောင်ခဲ့ပြီး တရားရုံးအဆင့်ဆင့်ကို သတ်မှတ်ခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံအတွက် တရားစီရင်ရေးကော်မရှင်အား မန္တလေးတွင် ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံရှိ တရားရုံးများကို ဖျက်သိမ်းပြီးနောက် ရန်ကုန်ရှိ တရားရုံးချုပ်(ထိုစဉ်အခါက ရန်ဂူး)ကို တည်ထောင်ခဲ့သည်။ ထို့နောက် တိုင်းအဆင့် တရားရုံးခွဲ၊ ခရိုင်တရားမတရားရုံးနှင့် စက်ရှင်တရားရုံး၊ မြို့နယ်တရားရုံးတို့ကို သီးသန့်တရားစီရင်ပိုင်ခွင့်ဖြင့်

တည်ထောင်ခဲ့သည်။ ထို့အပြင် ဗြိတိသျှတို့သည် အိန္ဒိယရာဇသတ်ကြီးဥပဒေ (၁၈၆၀)၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ (၁၈၆၂)၊ အိန္ဒိယသက်သေခံအက်ဥပဒေ (၁၈၇၂)နှင့် တရားမကျင့်ထုံးဥပဒေ (၁၈၅၉)တို့ အပါအဝင် များစွာသော မှုခင်းဆိုင်ရာဥပဒေများ နှင့် တရားမဥပဒေများကိုလည်းကောင်း စတင်ပြဋ္ဌာန်းခဲ့သည်။ ဗြိတိသျှတို့သည် ၁၉၃၅ ခုနှစ်၌ မြန်မာနိုင်ငံအစိုးရအက်ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံကို အိန္ဒိယ နိုင်ငံမှခွဲထုတ်၍ ရန်ကုန်မြို့၏တရားရုံးချုပ်အား သီးသန့်တရားစီရင်ရေးနှင့် အာဏာ အပ်နှင်းခဲ့သည်။

ဗြိတိသျှအစိုးရ အုပ်စိုးနေစဉ်နှင့် လွတ်လပ်ရေးရပြီး အချိန်ကာလတွင် ဦးဖိုးသာ၏ မြန်မာနိုင်ငံပြစ်မှုနှင့် တရားမစီရင်ထုံးလက်စွဲပေါင်းချုပ် (၁၉၃၇-၁၉၅၅)၊ ဦးသိန်းဟန်၏ မြန်မာနိုင်ငံပြစ်မှုနှင့် တရားမစီရင်ထုံးလက်စွဲပေါင်းချုပ် (၁၉၅၆-၁၉၇၆)၊ ဦးဘသောင်းတင်၏ နှစ် (၅၀) ပြစ်မှုဥပဒေပေါင်းချုပ် (၁၉၂၃-၁၉၇၃)နှင့် ဦးသန်းအောင်၏ မြန်မာနိုင်ငံပြစ်မှုနှင့် တရားမစီရင်ထုံးလက်စွဲပေါင်းချုပ် (၁၉၇၁-၂၀၁၀) အပါအဝင် တရားရုံးစီရင်ထုံးများနှင့် ဖြတ်ထုံးများကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့၌ ရရှိပြီးနောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံသည် အင်္ဂလိပ်ဥပဒေစနစ်ကို ကျင့်သုံးလျက် ရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်(Supreme Court)၊ တရားရုံးချုပ်(High Court) နှင့် လက်အောက်ခံတရားရုံးများအား ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ (၁၉၄၈)နှင့်အညီ အဆင့်ဆင့်ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်သည် ပြည်ထောင်စုအတွင်းတွင် အမြင့်ဆုံးတရားရုံးနှင့် နောက်ဆုံးအယူခံ တရားရုံးဖြစ်ပြီး ၎င်း၏စီရင်ချက်များသည် အခြားသော တရားရုံးများအပေါ် စည်းနှောင်အားရှိသည်။ မြန်မာနိုင်ငံဥပဒေသည် အတွဲ (၁၃)တွဲ ပါရှိပြီး ၎င်းသည် ဗြိတိသျှအစိုးရလက်ထက်မှ ၁၉၅၄ ခုနှစ်အထိ ဥပဒေပေါင်းချုပ်ဖြစ်သည်။ ၁၉၅၄ ခုနှစ်နောက်ပိုင်းတွင် ဗမာနိုင်ငံ

ဥပဒေစီရင်ထုံးများ (Burma Law Reports)အား မြန်မာနိုင်ငံဥပဒေစီရင်ထုံး (Myanmar Law Reports)အဖြစ် ခေါ်ဆိုစေပြီး အမှုများဖြေရှင်းရာတွင် တရားဝင်အသုံးပြုခွင့်ရသော စီရင်ထုံးများ ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီသည် မူလတရားစီရင်ရေးစနစ်ကို ဖျက်သိမ်း၍ ဆိုရှယ်လစ်စနစ်နှင့် ကိုက်ညီစေရန် (Chief Court) ဗဟိုတရားရုံးချုပ်အား ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဖန် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုအား ပြဋ္ဌာန်း၍ ၎င်းအောက်တွင် ဗဟိုတရားရုံးချုပ် (Central Court)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံး၊ မြို့နယ်တရားရုံး၊ ရပ်ကွက်နှင့် ကျေးလက်တရားရုံးများအား ဖွဲ့စည်းခဲ့သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီသည် ဆိုရှယ်လစ်တရားရေးစနစ်အား ပြုပြင်ပြောင်းလဲခဲ့ပါသည်။ တရားရုံးချုပ်နှင့် အမြင့်ဆုံး တရားရုံးများအား တစ်နှစ်အတွင်း ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ၎င်းတရားရုံးချုပ်နှင့် အမြင့်ဆုံးတရားရုံးများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တစ်ဖန်ရုပ်သိမ်းခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိတရားစီရင်ရေးစနစ်အား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရန် ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။

## မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ

လွတ်လပ်ရေးမတိုင်မီ မြန်မာနိုင်ငံအား အိန္ဒိယအစိုးရအက်ဥပဒေ (၁၉၁၅)၊ အိန္ဒိယအစိုးရအက်ဥပဒေ (၁၉၁၉ နှစ်နိုင်ငံ ပူးတွဲအုပ်ချုပ်ရေးစနစ်)၊ ဗမာနိုင်ငံအစိုးရအက်ဥပဒေ (၁၉၃၅)ဖြင့်လည်းကောင်း အုပ်ချုပ်ခဲ့သည်။ ဂျပန်လက်အောက်သို့ မြန်မာနိုင်ငံ ရောက်ရှိနေဆဲကာလအတွင်း၌ ၁၉၄၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုရှိခဲ့သည်။ ၎င်းတို့မှာ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ)၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ)နှင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ)တို့ ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ချမ်းသာကြွယ်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ထိုအချိန်ကာလမှာ ဦးနုအစိုးရလက်ထက် ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဆယ်နှစ်သာ ကြာရှည်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး ၁၉၆၂ ခုနှစ်တွင်မူ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော တပ်မတော်မှ အာဏာသိမ်း၍ မြန်မာနိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီအား ဖျက်သိမ်းခဲ့သည်။ တပ်မတော်သည် ပါလီမန်မရှိဘဲ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း အုပ်ချုပ်ခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလက်အောက်၌ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံအား အုပ်ချုပ်ခဲ့ပြီး ၎င်း၏ ဈေးကွက်စီးပွားရေးစနစ်အား ဖျက်သိမ်း၍ ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ ထို့နောက် နိုင်ငံ၏စီးပွားရေး ဆင်းရဲလာသည်။ ၁၉၈၈ ခုနှစ်၌ ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး ဆိုရှယ်လစ်စနစ်အား ဖြုတ်ချခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စစ်တပ်အစိုးရမှ အုပ်ချုပ်ခဲ့သည်။ ၁၉၆၆ ကျောင်းသားအရေးတော်ပုံနှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး အစရှိသည့် အမျိုးမျိုးသော ဆန္ဒပြမှုများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းစေခဲ့သည်။ (၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား ရေးဆွဲခဲ့ခြင်းဖြစ်သည်။) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)မှ ၂၀၁၀ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ ရွေးကောက်ပွဲ၌ အရွေးမခံပဲ သပိတ်မှောက်ခဲ့သည်။ ဦးသိန်းစိန်အစိုးရမှ နိုင်ငံတော်အား ငါးနှစ်တာကာလ အုပ်ချုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ NLD မှ ၄၄ နေရာယှဉ်ပြိုင်ရာတွင် ၄၃ နေရာ အနိုင်ရရှိခဲ့ပြီး ပါလီမန်(လွှတ်တော်)တွင် ပါဝင်လာခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီမှ အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး ယနေ့ထိတိုင် နိုင်ငံအား အုပ်ချုပ်လျက်ရှိသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇)

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် စစ်အာဏာသိမ်းမှုဖြင့် အဆုံးသတ်ခဲ့သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေသည် (၁၄)နှစ်သာ တည်ရှိခဲ့သည်။ နိုင်ငံတော်၏အကြီးအကဲသည် သမ္မတဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရခေါင်းဆောင်အဖြစ် နိုင်ငံတော်အား အဓိကအားဖြင့် ဦးဆောင်ခဲ့သည်။ အစိုးရ၏ပုံစံမှာ လွှတ်တော်နှစ်ရပ်ပါဝင်သော ဒီမိုကရေစီစနစ်ဖြစ်ခဲ့သည်။ ၎င်းလွှတ်တော်နှစ်ရပ်မှာ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း (၁၄)ခန်းနှင့် ပုဒ်မ (၂၃၄)ခု ပါဝင်သည်။ အခန်း(၁)နှင့် (၂)တွင် နိုင်ငံ၏ဖွဲ့စည်းပုံ၊ ပြည်သူများ၏ အခြေခံအခွင့်အရေးဖြစ်သော တန်းတူညီမျှမှု၊ လွတ်လပ်မှုအခွင့်အရေးများနှင့် ဘာသာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးအခွင့်အရေးများ ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့် အခြေခံဥပဒေဆိုင်ရာ ကုစားမှုများ စသည်ဖြင့် ရှင်းလင်းဖော်ပြထားပါသည်။ အခန်း(၃)၌ နိုင်ငံတော်မှ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ ဆက်ဆံရေးအား ဖော်ပြထားပြီး အခန်း(၄)တွင် နိုင်ငံတော်မူဝါဒ၏ ညွှန်ကြားချက်အခြေခံမူများအား ဖော်ပြထားသည်။ အခန်း(၅)၊ (၆)၊ (၇)နှင့် (၈)တွင် သမ္မတ၊ ပါလီမန်၊ ပြည်ထောင်စုအစိုးရ၏ အခန်းကဏ္ဍများနှင့် တရားစီရင်ရေးတို့ကို အလေးပေးဖော်ပြထားသည်။ အခန်း(၉)သည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းဝိသေသတိုင်း၊ နယ်မြေအသစ်များနှင့် သက်ဆိုင်ပါသည်။ အခန်း(၁၀)တွင် ခွဲထွက်နိုင်သော အခွင့်အရေးအား ဖော်ပြထားပြီး အခန်း(၁၁)တွင် ဖွဲ့စည်း

ပုံ အခြေခံဥပဒေအား ပြင်ဆင်ခြင်းကို ဖော်ပြထားသည်။ အခန်း(၁၂)နှင့် (၁၃)တွင် နိုင်ငံတကာဆက်ဆံရေး၊ အထွေထွေပြဋ္ဌာန်းချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ဖော်ပြထားပါသည်။ အခန်း(၁၄)၌ အကူးအပြောင်းကာလပြဋ္ဌာန်းချက်များအား ဖော်ပြထားသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရက်တစ်ပြည်သူ့အစိုးရ ဖြစ်သော်လည်း ပြည်နယ်၊ တိုင်းလွှတ်တော်နှင့် အစိုးရမရှိသောကြောင့် ဖက်ဒရယ်ဟု ခေါ်ဆို၍ မရနိုင်ပါ။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ မူကြမ်းရေးဆွဲခဲ့ပြီး ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၇၄ ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာနိုင်ငံသည် တစ်ပါတီ ဆိုရှယ်လစ်စနစ် ဖြစ်လာခဲ့သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့၌ အဆုံးသတ်ခဲ့ပြီး (၁၄)နှစ်သာ တည်ရှိခဲ့ပါသည်။ အစိုးရပုံစံမှာ သမ္မတစနစ်ဖြစ်ပြီး နိုင်ငံတော်ခေါင်းဆောင်မှာ သမ္မတ(နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ)ဖြစ်သည်။ ဥပဒေပြုရန် လွှတ်တော်တစ်ရပ် (A Unicameral System)သာ ရှိခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ ဦးနေဝင်းသည် နိုင်ငံတော်တွင် အမြင့်ဆုံးအာဏာရှင်ဖြစ်ခဲ့ပြီး ဆိုရှယ်လစ်ပါတီသည် နိုင်ငံအတွင်း၌ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်သည်။

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁၆)ခန်းတွင် ၎င်း၏အခြေခံမူဝါဒများနှင့် ဖွဲ့စည်းပုံများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

ပြည်သူ့ကောင်စီများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ ရွေးချယ်တင်မြှောက်ပုံစနစ်၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအား ဖော်ပြထားပါသည်။ ၎င်း၌ အပိုဒ် (၂၀၉)ပိုဒ် ပါဝင်သည်။ စီမံခန့်ခွဲရေး နယ်ပယ် အမျိုးမျိုးအား ရပ်ကွက်နှင့် ကျေးရွာ၊ မြို့နယ်၊ ပြည်နယ် (သို့မဟုတ်) တိုင်းနှင့်ပြည်နယ် (ပြည်ထောင်စု) စီမံခန့်ခွဲရေးရုံးများ စသည်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ တိုင်းနှင့်ပြည်နယ် ၁၄ ခု ရှိသည်။ ၎င်းသည် ဒီမိုကရက်တစ် (သို့မဟုတ်) ဖက်ဒရယ်စနစ်လည်း မဟုတ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုလွှတ်တော်တစ်ခုတည်းသာ ရှိခဲ့ပြီး တိုင်းနှင့်ပြည်နယ်လွှတ်တော်များ (သို့မဟုတ်) အစိုးရ မရှိခဲ့သောကြောင့် ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင်၍ရေးဆွဲခဲ့ပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလ (၃)ရက်နေ့တိုင်အောင် (၁၄)နှစ် အချိန်ကြာမြင့်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ ၂၀၀၈ ခုနှစ် မေလ (၂၉)ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံ၏ အခြေခံဥပဒေဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၅)ခန်း၊ ပုဒ်မ (၄၅၇)ခုနှင့် ဇယား (၅)ခုပါဝင်သည်။ ၎င်းတွင် နိုင်ငံတော်၏ အခြေခံမူဝါဒများ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံများ၊ နိုင်ငံတော်အကြီးအကဲ၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ကာကွယ်ရေး၊ နိုင်ငံသားများ၏ အခြေခံ အခွင့်အရေးနှင့် တာဝန်များ၊ ရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများ၊ အရေးပေါ် အခြေအနေကာလအတွက် ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်သီချင်း

နှင့် မြို့တော်(နေပြည်တော်)၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များပါဝင်သည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် သမ္မတစနစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုရှိ လွှတ်တော်(ပါလီမန်) အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ပါဝင်သည့် လွှတ်တော်နှစ်ရပ်ရှိသော စနစ်အား ချမှတ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည်။ သို့သော် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပါလီမန်များ၏ ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းကို တပ်မတော်မှရယူသည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနစသော အဓိကတာဝန်ကြီး ဌာနသုံးခုကို တပ်မတော်မှကွပ်ကဲသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနှင့် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော် (ပါလီမန်)များနှင့် ပြည်ထောင်စုနှင့် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များရှိခြင်းကြောင့် ၎င်းကို သဏ္ဍာန်ဆောင်ဖက်ဒရယ်ဒီမိုကရေစီ (Quasi Federal Democracy) စနစ်နှင့် အလားတူသော ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် သတ်မှတ်နိုင်သည်။ သို့သော် ပြည်ထောင်စုသမ္မတသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်မှုကို ထိန်းချုပ်နိုင်ပြီး ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အသိအမှတ်မပြုပေ။

## မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်

### ၁၉၄၈–၁၉၆၂

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတရားရုံးများသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် (Supreme Court)သည် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံးများကို တည်ထောင်ပြီး ၎င်းတရားရုံးများသို့ စီရင်ပိုင်ခွင့်ရှိသော အာဏာကို လွှဲအပ်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သည် အယူခံတရားရုံးဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များ သည် အမှုအားလုံးအတွက် အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်သည်။ ပြည်ထောင်စု တရား လွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဥပ ဒေဆိုင်ရာ ပြဿနာများအား အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် အခွင့်အာဏာရှိသည်။ ပြည် ထောင်စုတရားလွှတ်တော်ချုပ်၏ အကြီးအကဲသည် နိုင်ငံတော်တရားဝန်ကြီးချုပ် ဖြစ်ပြီး ပြည်ထောင်စုတရားရုံးလွှတ်တော်ချုပ်ကို ငါးဦးထက်မပိုသော တရားသူကြီး များဖြင့် ဖွဲ့စည်းထားသည်။

တရားလွှတ်တော် (High Court)သည် ပထမအယူခံတရားရုံးဖြစ်ပြီး ဥပဒေ ရေးရာ အကြောင်းအချင်းအရာနှင့် အမှုဖြစ် အကြောင်းအချင်းအရာနှင့် ပတ်သက် သော ပြဿနာများ ကိစ္စရပ်များအားလုံးကို ဆုံးဖြတ်နိုင်သော အာဏာရှိသည်။ လွှတ် တော်တရားဝန်ကြီးချုပ်သည် တရားလွှတ်တော်ကို ဦးဆောင်၍ တရားလွှတ်တော်တွင် (၁၁)ဦးထက်မပိုသော တရားသူကြီးများရှိသည်။ တရားလွှတ်တော်သည် ပြည်ထောင်စု မှ ချုပ်ဆိုသော စာချုပ်စာတမ်းများ၊ ပြည်ထောင်စုနှင့် ပြည်နယ်၊ ပြည်နယ်အချင်းချင်း ကြား ဖြစ်ပွားသော အငြင်းပွားမှုများနှင့်ပတ်သက်၍ အကြွင်းမဲ့ မူလစီရင်ပိုင်ခွင့်ရှိ သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအရ စက်ရှင်တရားရုံး၊ ပထမတန်း ရာဇဝတ်တရား ရုံး၊ ဒုတိယတန်း ရာဇဝတ်တရားရုံး၊ တတိယတန်း ရာဇဝတ်တရားရုံးဟူ၍ မြန်မာနိုင်ငံ တွင် ရာဇဝတ်တရားရုံး အမျိုးအစား လေးခုရှိသည်။ ယခုတိုင် ထိုစနစ်ကို ကျင့်သုံး လျက်ရှိသည်။ ကလေးသူငယ်တရားရုံး၊ အထူးရာဇဝတ်တရားရုံး၊ အထူးရာဇဝတ် အယူခံတရားရုံးတို့လည်းရှိသည်။ ၁၉၅၀ ပြည့်နှစ် တရားရုံးများ အက်ဥပဒေတွင် ရန်ကုန်မြို့ တရားမ တရားရုံးကို အခြားတရားမ တရားရုံးများဖြစ်သော ခရိုင်တရားမ တရားရုံး၊ ခရိုင်ခွဲ တရားမ တရားရုံး၊ မြို့နယ် တရားမ တရားရုံးတို့ဖြင့် ဖွဲ့စည်းတည်

ထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း အဆိုပါတရားရုံးများသည် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးများဖြစ်ခဲ့ပြီး ပြည်သူများသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အခြေခံအခွင့်အရေးများအတွက် စာချွန်တော် ပေးပို့လျှောက် ထားနိုင်ပါသည်။

## ၁၉၆၂–၁၉၇၄

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်တွင် စစ်တပ်အာဏာသိမ်းယူပြီး နောက် အာဏာရှင်စနစ်ကို စတင်ခဲ့သည်။ တော်လှန်ရေးကောင်စီ၏ ဥက္ကဋ္ဌတစ်ဦး တည်းကသာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးခြင်း နှင့် ထိန်းချုပ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ ပြည်ထောင်စုတရားရုံးချုပ်၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်တရားရုံးကို ဖျက်သိမ်းပြီး ဗဟိုတရားရုံးချုပ်ကို တည်ထောင်ခဲ့သည်။ လက်အောက်ခံ တရားရုံးများသည် မူလအတိုင်း ဆက်လက်တည်ရှိပြီး အထူးရာဇဝတ် တရားရုံးများကို တည်ထောင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပြည်သူ့တရားစီရင်ရေးစနစ် ကို စတင်ခဲ့ပြီး အလုပ်သမားနှင့် လက်သမားတို့ တင်မြှောက်သော ကိုယ်စားလှယ် သုံးဦးသည် တရားသူကြီးများ ဖြစ်လာသည်။ ဗဟိုတရားရုံးချုပ်အောက်တွင် ပြည်နယ် နှင့်တိုင်း ပြည့်သူ့တရားရုံး၊ မြို့နယ် ပြည်သူ့တရားရုံးနှင့် ကျေးရွာနှင့် ရပ်ကွက်ပြည်သူ့ တရားရုံးများရှိသည်။

## ၁၉၇၄–၁၉၈၈

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့တရားစီရင်ရေးအဖွဲ့ (ဗဟို တရားရုံး)၊ ပြည်နယ်နှင့်တိုင်း တရားစီရင်ရေးအဖွဲ့ (ပြည်နယ်နှင့်တိုင်းအဆင့် ပြည်သူ့ တရားရုံး)၊ မြို့နယ်တရားစီရင်ရေးအဖွဲ့ (မြို့နယ်ပြည်သူ့တရားရုံး)၊ ရပ်ကွက်နှင့်ကျေးရွာ တရားစီရင်ရေးအဖွဲ့ (ရပ်ကွက်နှင့်ကျေးရွာ ပြည်သူ့တရားရုံး)တို့အဖြစ် ပြောင်းလဲချ မှတ်ခဲ့သည်။ ပြည်သူ့တရားစီရင်ရေးအဖွဲ့သည် ဗဟိုတရားရုံးတွင် ရုံးထိုင်ပြီး ဥပဒေ

ပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အား တာဝန်ခံရပါသည်။ ပြည်သူ့တရားစီရင်ရေးအဖွဲ့အတွက် တရားသူကြီးများကို ပြည်သူ့လွှတ်တော်မှ အမည်တင်သွင်းပြီး အခြား အဆင့်ဆင့်သော တရားစီရင်ရေးအဖွဲ့များ၏ တရားသူကြီးများကို ပြည်နယ်/တိုင်း ကောင်စီ၊ မြို့နယ် ကောင်စီ၊ ရပ်ကွက်နှင့်ကျေးရွာ ကောင်စီကဲ့သို့သော သက်ဆိုင်ရာ ကောင်စီအဆင့်ဆင့်မှ အမည်တင်သွင်း ရွေးကောက်တင်မြှောက်ကြပါသည်။ ဗဟိုတရားရုံးသည် နိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ပြည်နယ်နှင့်တိုင်း ပြည်သူ့တရားရုံး၊ မြို့နယ်ပြည်သူ့တရားရုံး၊ ကျေးရွာနှင့် ရပ်ကွက် ပြည်သူ့တရားရုံးစသော လက်အောက်ခံ တရားရုံးများရှိသည်။ ထို့အပြင် နိုင်ငံတော်ကို ဥပဒေအကြံဉာဏ်များပေးရန်အတွက် ပြည်သူ့ဥပဒေရေးရာ ကောင်စီလည်းရှိသည်။ သို့သော်လည်း ထိုအချိန်က တရားရုံးများသည် လွတ်လပ်မှု မရှိ၍ သမာသမတ်ကျသော တရားစီရင်ရေးဟု မခေါ်ဆိုနိုင်ပေ။

## ၁၉၈၈– ၂၀၁၈

၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေအရ တရားသူကြီးချုပ်နှင့် အခြား တရားသူကြီးများအပါအဝင် အများဆုံး အဖွဲ့ဝင် ငါးဦးပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဆိုပါဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီး တရားရုံးများနှင့် မြို့နယ် တရားရုံးများကိုလည်း တည်ထောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ၎င်း၏အောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွက် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များ၏ တရားရုံးများ၊ ခရိုင် တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ ဖွဲ့စည်းတည်ထောင်သော အခြား တရားရုံးများသည် ခရိုင်တရားရုံးများကို တည်ထောင်ခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်များ၏ တရားရုံးများသည် ခရိုင်တရားရုံးနှင့် အခွင့်အာဏာ တူညီသည်။ အယူခံဝင်သည့် ကိစ္စရပ်တွင် သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး၏ တရား

လွှတ်တော်တွင် အယူခံဝင်နိုင်သည်။ အကယ်၍ ဥပဒေရေးရာ အငြင်းပွားမှုများရှိပါက ပြဋ္ဌာန်းဥပဒေသည် ဓလေ့ထုံးတမ်းဥပဒေများနှင့် စီရင်ထုံး၊ ဖြတ်ထုံးများအပေါ်တွင် လွှမ်းမိုးမှု ရှိသည်။

ထို့အပြင် စစ်တရားရုံးများနှင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့လည်း ရှိသည်။ စစ်တရားရုံးသည် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပုဂ္ဂိုလ်များနှင့်ဆိုင်သော ကိစ္စရပ်များကိုသာ စီရင်ဆုံးဖြတ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးရှိသည်။ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တာဝန်နှင့်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း။

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ ပြဋ္ဌာန်းသော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း။

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၏ ချမှတ်ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်စစ်ဆေးရန်။

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးတစ်ခုအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်တစ်ခုအကြား၊ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်တစ်ခုအကြား၊ တိုင်းဒေသကြီးများအကြား၊ ပြည်နယ်များအကြား၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၊

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။

(င) တိုင်းဒေသကြီး၊ ပြည်နယ် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးတာဝန်များမှ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတမှ အကြောင်းကြားလာသည့် ကိစ္စရပ်များကို စောင့်ကြည့် စိစစ်ဆုံးဖြတ်ခြင်း။

(ဆ) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသော ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုမှ ချုပ်ဆိုသော နှစ်နိုင်ငံ သဘောတူညီမှုစာချုပ်မှ ပေါ်ပေါက်လာသော ကိစ္စရပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာရပ်များမှလွဲ၍ အခြားအငြင်းပွားမှုများအတွက် မူလစီရင်ပိုင်ခွင့်ရှိသည်။ ၎င်းတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးတစ်ခု (သို့မဟုတ်) ပြည်နယ်တစ်ခု၏ အစိုးရ၊ တိုင်းဒေသကြီးအချင်းချင်းကြား၊ ပြည်နယ်အချင်းချင်းကြား၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အချင်းချင်းကြားနှင့်၊ ပြည်ထောင်စုနယ်နိမိတ်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ခုကြားနှင့် ဥပဒေများအရ ပြဋ္ဌာန်းထားသော အခြားကိစ္စရပ်များအပေါ် အပြီးသတ် ဆုံးဖြတ်ချက်ဖြစ်သည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ပြည်သူတို့၏ အခြေခံအခွင့်အရေးများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စာချွန်တော်များ ထုတ်ဆင့်နိုင်သည့် အာဏာလည်းရှိသည်။ ၎င်းတို့မှာ ရှေ့တော်သွင်းစာချွန်တော်၊ အာဏာပေးစာချွန်တော်၊ တားမြစ်စေစာချွန်တော်၊ အာဏာပိုင်မေး စာချွန်တော်နှင့် အမှုခေါ် စာချွန်တော်တို့ ဖြစ်သည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားသူကြီးများသည် တရားသူကြီးချုပ်အပါဝင် (၇)ဦးမှ (၁၁)ဦးအထိ ရှိနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများသည် (၃)ဦးမှ (၇)ဦးအထိ ရှိနိုင်သည်။ ၎င်းတို့သည် အမှုဖြစ်တန်ဖိုး ၅၀၀,၀၀၀,၀၀၀ ကျပ် တန်ဖိုးရှိသော တရားမအငြင်းပွားမှုများကို ကြားနာ၍ စီရင်ဆုံးဖြတ်နိုင်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသည် အချို့သော ၎င်းတို့ဆောင်ရွက်ရန်ရှိသည့် အထူးအခြေအနေများမှလွဲ၍ ရာဇဝတ်မှုများတွင် ပထမအယူခံ တရားရုံးအဖြစ် မဆောင်ရွက်နိုင်ပေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန် (သို့မဟုတ်) ခရိုင်တရားရုံးမှ ဆုံးဖြတ်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်တို့ကို အယူခံတင်သွင်းလာလျှင် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး စီရင်ချက်နှင့် အမိန့်များကို ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခွင့်ရှိသည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်းမှ တရားရုံးတစ်ခုမှတစ်ခုသို့ လွှဲပြောင်းပေးအပ်သော အမှုများကိုလည်း စီရင်ဆုံးဖြတ်နိုင်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်သည် မည်သည့်လက်အောက်ခံ တရားရုံးမှ အပြစ်မရှိကြောင်း ဆုံးဖြတ်ချက်ကိုမဆို အယူခံတွင် ဆန့်ကျင်၍ စီရင်ဆုံးဖြတ်နိုင်သည်။ စွပ်စွဲခံရသူတစ်ဦးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တွင် အပြစ်ရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခံရ၍ ပြစ်ဒဏ်ချမှတ်ခံရပါက ၎င်း၏ ပြစ်မှုထင်ရှားစီရင်ချက်၊ ပြစ်ဒဏ်ချမှတ်ခံရခြင်း (သို့မဟုတ်) နှစ်ခုလုံးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အယူခံဝင်နိုင်သည်။

မြန်မာနိုင်ငံ၏ တရားရုံးအဆင့်ဆင့်သည် အောက်ပါအတိုင်းဖြစ်သည်။

* ပြည်ထောင်စုတရားလွှတ်တော်ချုပ်။
* ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော်။
* ခရိုင်တရားရုံး (အကယ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု၏ နယ်နိမိတ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုမရှိလျှင်)

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး (အကယ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုမရှိလျှင်) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး (အကယ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိလျှင်)

ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးတွင် မူလရာဇဝတ်မှု၊ မူလတရားမမှု၊ အယူခံမှုများ (သို့မဟုတ်) ဥပဒေအရ ပြဋ္ဌာန်းထားသော ကိစ္စရပ်များနှင့် ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသည်။ မြို့နယ်တရားရုံးတွင် မူလရာဇဝတ်မှု၊ မူလတရားမမှု (သို့မဟုတ်) ဥပဒေအရ ပြဋ္ဌာန်းထားသော ကိစ္စရပ်များနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် ကလေးသူငယ် တရားရုံးများနှင့် စည်ပင်သာယာရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမှုများကို စစ်ဆေးစီရင်ရန်အတွက် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများလည်းရှိသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ

မြန်မာနိုင်ငံ၏ ရှေ့နေများကို တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားထားသည်။ တရားလွှတ်တော်ရှေ့နေသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် မည်သည့်တရားရုံးအဆင့်တွင်မဆို ရှေ့နေလိုက်ခွင့်ရှိသည်။ သို့သော် အထက်တန်းရှေ့နေသည် မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးများတွင်သာ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်နိုင်သည်။ ဘားကောင်စီအက်ဥပဒေ (၁၉၂၆)နှင့် ရှေ့နေလိုက်သူများ အက်ဥပဒေ(၁၈၇၉)နှင့်အညီ ရှေ့နေပညာရပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုနိုင်သည်။

မြန်မာနိုင်ငံရှိ တရားရုံးများတွင် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ရန် အနည်းဆုံးလိုအပ်ချက်မှာ ဥပဒေပညာရပ်ဖြင့် ဘွဲ့ရရန် လိုအပ်ပြီး အနည်းဆုံးလုပ်သက်

ငါးနှစ်ရှိသည့် တရားလွှတ်တော်ရှေ့နေထံတွင် အလုပ်သင်ဆင်းထားသည့် သက်တမ်း တစ်နှစ် ရှိရမည်။ ထိုသို့ပြုလုပ်ပြီးလျှင် အထက်တန်းရှေ့နေအဖြစ် လျှောက်ထားနိုင်ပါသည်။ အထက်တန်းရှေ့နေအဖြစ် သုံးနှစ် အမှုလိုက်ပါ ဆောင်ရွက်ပြီးနောက် ထိုသူသည် တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားနိုင်ပါသည်။ ပြည်ထောင်စုရှေ့နေများ ကောင်စီသည် ထိုလျှောက်ထားသူ ရှေ့နေတစ်ယောက်၏ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးနိုင်ပြီး အကယ်၍ လျှောက်ထားသူတွင် ရှိရမည့် အရည်အချင်းနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်များကို တွေ့ရှိရလျှင် အဆိုပါတွေ့ရှိချက်ကို တရားလွှတ်တော်ရှေ့လိုင်စင် ရုပ်သိမ်းခြင်းကဲ့သို့သော စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြနိုင်သည်။ ရှေ့နေများသည် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်နှင့် ဝတ္တရားများအမည်ရှိ စာအုပ်ပါ ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်သည်။

ရှေ့နေအသင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ မြို့တော်တိုင်းတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်သော ရှေ့နေအသင်းကို နိုင်ငံတကာရှေ့နေများအသင်း၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထို့အပြင် မြန်မာရှေ့နေများ ကွန်ရက်နှင့် မြန်မာဥပဒေအထောက်အကူပြုကွန်ရက်ကဲ့သို့သော ရှေ့နေကွန်ရက်များလည်း ရှိသည်။ ဥပဒေရေးရာ အထောက်အကူပြုဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအထောက်အကူပြုအဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုမှ မြို့နယ်အထိ အဆင့်ဆင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဆင်းရဲသော ပြည်သူများ၊ အမျိုးသမီးများနှင့် အခြား အားနည်းချက်ရှိသော ပြည်သူများအား အကယ်၍ ၎င်းတို့သည် ရှေ့နေငှားရမ်းနိုင်ခြင်းမရှိလျှင် တရားမျှတမှုနှင့် ဥပဒေရေးရာ အကူအညီများပေးရန်အတွက် ဥပဒေအထောက်အကူ ရယူရန် ခွင့်ပြုသည်။

တရားသူကြီးနှင့် ဥပဒေအရာရှိများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ရုံးအသီးသီးတို့မှ ဥပဒေပညာရပ်ဖြင့် ဘွဲ့ရရှိပြီးသူများကို အစိုးရဝင်ခွင့်စာမေးပွဲများ ကျင်းပ၍ ရွေးချယ်စုဆောင်းသည်။ ယခုအချိန်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအရ တရားရုံးစီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အများပြည်သူ အသုံးပြုနိုင်သည့် ဝက်ဘ်ဆိုက်တစ်ခုကို ဖွင့်ထားသည်။ ၎င်းဝက်ဘ်ဆိုက်တွင် စီရင်ထုံးများနှင့် အမှုစာရင်းများကို အလွယ်တကူ ကြည့်ရှုနိုင်သည်။ တရားသူကြီးများသည် ဘက်မလိုက်ပဲ လွတ်လပ်စွာ၊ အမှီအခိုကင်းစွာ ဆောင်ရွက်ရန်အတွက် တရားရေးကျင့်ဝတ်များအား အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးစေခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ (၂)ရက်နေ့တွင် စာအုပ်ထုတ်ဝေ၍ ထုတ်ပြန်ကြေညာသည်။

## မြန်မာဥပဒေများ

### မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ

မြန်မာနိုင်ငံတွင် အမွေဆက်ခံခြင်း၊ လက်ထပ်ခြင်း၊ ကွာရှင်းခြင်းနှင့် ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ဓလေ့ထုံးတမ်းဥပဒေကို ကျင့်သုံးခဲ့သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ဗုဒ္ဓဘာသာဝင်များအတွက် အသုံးပြုသည်။ ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူဘာသာဝင်များအတွက် ၎င်းတို့ကိုးကွယ်ရာ ဘာသာအပေါ် အခြေခံ၍ သက်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများကို အသုံးပြုသည်။ ဆုံးဖြတ်ချက်များသည် တရားမျှတမှု၊ သာတူညီမျှမှုနှင့် စိတ်ကောင်းစေတနာကောင်းရှိမှုအပေါ် တွင် အခြေခံသည်။

မြန်မာနိုင်ငံတွင် ဦးမြစိန်၏ *မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစာအုပ်သည် လူသိများသည်။* မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မယားပြိုင်ယူခြင်းကို ခွင့်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လက်ထပ်ထိမ်းမြားခြင်း ဥပဒေအသစ်ကို ထုတ်ပြန်ပြီးနောက် မယားပြိုင်ယူခြင်းဓလေ့ကို ဖျက်သိမ်းပြီး တစ်လင်တစ်မယားစနစ်ကိုသာ ခွင့်ပြုခဲ့သည်။ ၎င်းဥပဒေသည် ယခင် ဓလေ့ထုံးတမ်းဥပဒေကို လွှမ်းမိုးပြီး လက်ရှိ မြန်မာနိုင်ငံတွင် မယားပြိုင်ယူခြင်းသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။

## ပြစ်မှုဆိုင်ရာဥပဒေနှင့် တရားမဥပဒေ

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေကို ဗြိတိသျှအစိုးရမှ အိန္ဒိယအက်ဥပဒေ၏ ပြစ်မှုဥပဒေ ၁၈၆၀ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၁၈၉၈ တို့ဖြင့် စတင်ပြဋ္ဌာန်းခဲ့သည်။ ပြစ်မှုဥပဒေတွင် ပုဒ်မ ၅၁၁ ခုနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် ပုဒ်မ ၅၆၅ ခုနှင့် ဇယား ၅ ခု ပါဝင်ပါသည်။ ပြစ်မှုဥပဒေတွင် ပြစ်ဒဏ်များ၊ အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များ၊ ပြစ်ဒဏ်များ၊ ကင်းလွတ်ရမြဲ အချက်များ၊ ကာကွယ်ခုခံပိုင်ခွင့်၊ အားပေးကူညီမှု၊ ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါလီမန်တို့၏ အက်ဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်အချို့နှင့် သက်ဆိုင်သောပြစ်မှုများ၊ အခြားနိုင်ငံများအား အကြည်ညိုပျက်စေမှု၊ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်ဆိုင်ရာပြစ်မှုများ၊ အများပြည်သူ ငြိမ်းချမ်းရေးနှင့်ဆန့်ကျင်သော ပြစ်မှုများ၊ ပြည်သူ့ဝန်ထမ်းမှ ကျူးလွန်သော (သို့မဟုတ်) ပြည်သူ့ဝန်ထမ်းနှင့် ပတ်သက်သော ပြစ်မှုများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော ပြစ်မှုများ၊ ပြည်သူ့ဝန်ထမ်း၏ တာဝန်ဝတ္တရား နှောင့်ယှက်မှု၊ ပြည်သူ့တရားမျှတမှု၊ ဒင်္ဂါးပြားနှင့် အစိုးရတံဆိပ်ခေါင်းများ၊ အလေးနှင့် အတိုင်းအတာနှင့်ဆိုင်သော ပြစ်မှုများ၊ ပြည်သူ့ကျန်းမာရေး၊ လုံခြုံရေး၊ သက်တောင့်သက်သာရှိမှု၊ သိက္ခာစောင့်စည်းမှု၊ အကျင့်စာရိတ္တကို ထိခိုက်စေသော ပြစ်မှုများ၊ ဘာသာ၊ သာသနာဆိုင်ရာပြစ်မှုများ၊

လူ့ခန္ဓာကိုယ်ကို ထိခိုက်စေသော ပြစ်မှုများ၊ ကုန်သွယ်ရန် (သို့မဟုတ်) ပစ္စည်းကို အမှတ်အသားပြုရန်အတွက် ပစ္စည်းဆိုင်ရာပြစ်မှုများ၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ၊ လက်ထပ်ထိမ်းမြားခြင်း၊ အသေရေဖျက်မှု၊ ရာဇဝတ်မှုမြောက်သည့် ခြိမ်းခြောက်မှု၊ စော်ကားမှု၊ စိတ်ငြိုငြင်မှုများနှင့်ဆိုင်သော ပြစ်မှုများ၊ ပြစ်မှုကျူးလွန်ရန် ကြိုးပမ်းအား ထုတ်ခြင်းတို့ ပါဝင်သည်။ ၎င်းတို့အပြင် ကလေးသူငယ်ဥပဒေ၊ ယာဉ်စည်းကမ်းဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ စသောဥပဒေများကို လွှတ်တော်မှပြဋ္ဌာန်းခဲ့သည်။

တရားမကျင့်ထုံးဥပဒေ (၁၉၀၉)ကိုလည်း မြန်မာနိုင်ငံ၏ တရားမမှုများတွင် အသုံးပြုသည်။

မြန်မာနိုင်ငံ တရားရုံးများလက်စွဲသည် တရားမမှုနှင့်ပြစ်မှု နှစ်ခုစလုံးနှင့်ဆိုင်သော ကိစ္စရပ်များအတွက် တရားရုံးများအား စီမံခန့်ခွဲအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည်။ သက်သေခံအက်ဥပဒေ (အိန္ဒိယအက်ဥပဒေ ၁၈၇၂)သည် တရားမမှုနှင့် ပြစ်မှု နှစ်ခုစလုံးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အလွန်အရေးကြီးသည်။ သက်သေခံအက်ဥပဒေတွင် အကြောင်းအချင်းအရာများ စပ်ဆိုင်ခြင်း၊ နှုတ်သက်သေခံချက် (သို့မဟုတ်) စာရွက်စာတမ်း သက်သေခံချက်တို့အပါအဝင် သက်သေခံချက်၊ သက်သေခံတင်သွင်းခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှု၊ မျက်မြင်သက်သေ၊ မျက်မြင်သက်သေများအား စစ်ဆေးခြင်း၊ မသင့်လျော်သော ဝန်ခံချက်များနှင့် သက်သေများအား ပယ်ချခြင်းတို့ ပါဝင်သည်။

အထူးနှင့် အထွေထွေဥပဒေများဟုခေါ် ဆိုသော သက်ဆိုင်ရာဝန်ကြီးဌာန အမျိုးမျိုးနှင့်ပတ်သက်၍ လွှတ်တော်မှ ပြဋ္ဌာန်းပေးထားသော ဥပဒေများလည်း ရှိသည်။ ဥပမာအားဖြင့် လောင်းကစားဥပဒေ(၂၀၁၈)၊ သစ်တောဥပဒေ(၂၀၁၈)၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ(၂၀၁၉)၊ ဆက်သွယ်ရေးဥပဒေ(၂၀၁၃) အစရှိသည်တို့ဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံသည် လက်ရှိကာလတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသော ကာလဖြစ်ပြီး အိမ်ထောင်စု မှတ်ပုံတင်ခြင်းဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအက်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ အစရှိသော လူ့အခွင့်အရေးကိုဖောက်ဖျက်သည့် ဥပဒေများကို ဖျက်သိမ်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၂၀၁၇)သည် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ပြုလုပ်ပေးထားပြီး မြန်မာနိုင်ငံတွင် ကုမ္ပဏီတစ်ခုကို အလွယ်တကူတည်ထောင်နိုင်သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာပူးပေါင်းကော်မတီအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်ထပ် ပြုပြင်ပြောင်းလဲရန်အတွက် အမျိုးမျိုးသော နိုင်ငံရေးပါတီများနှင့် တပ်မတော်မှ ကိုယ်စားလှယ်များအတူတကွ ပူးပေါင်းပါဝင်ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၎င်း၏ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)အား အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် (၂၀၁၈-၂၀၂၂) အတွက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ထုတ်ပြန်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေနှင့် တရားရုံး၏ ဝန်ဆောင်မှုများကို အများပြည်သူများ အလွယ်တကူ ရရှိစေရန်၊ အများပြည်သူအား အသိပညာပေးခြင်းအား မြှင့်တင်ရန်၊ တရားစီရင်ရေးတွင် လွတ်လပ်စွာ တရားစီရင်ခွင့်ကို မြှင့်တင်ရန်၊ တရားစီရင်ရေး၏ အရည်အသွေးပြည့်ဝ ကျွမ်းကျင်မှု၊ တာဝန်ခံမှုနှင့် တရားရုံး၏ဂုဏ်

သိက္ခာအား အာမခံမှုရှိစေရန်နှင့် မြှင့်တင်ရန်၊ အမှုများကို စီမံခန့်ခွဲခြင်းနှင့် တရားရုံး၏ အလေးထားဆောင်ရွက်ချက်တို့အား မြှင့်တင်ရန်တို့အတွက် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာဥပဒေအထောက်အကူပြုကွန်ရက်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုလွှတ်တော် မူကြမ်းရေးဆွဲရေးကော်မတီ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး(UNODC)တို့၏ ပူးပေါင်းအားထုတ်မှုဖြင့် ဥပဒေအထောက်ကူပြုဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတသောတရားခွင် ဖြစ်ပေါ်စေရေးအတွက် ထိထိရောက်ရောက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မျှတသော တရားခွင်လက်စွဲစာအုပ်သည် အဆိုပါကြိုးစားထုတ်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် ပြင်ဆင်ခဲ့သည်။ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက် NLD အစိုးရသည် ၂၀၁၅ ခုနှစ်မှစတင်၍ အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးအတွက် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကို တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးများကို အလေးပေးဆောင်ရွက်နေပြီး ဒီမိုကရေစီ ဖက်ဒရယ်စနစ်သို့ ဦးတည်သည့် ဥပဒေပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေဆဲကာလဖြစ်သည်။

## ကိုးကားချက်များ


၁။ မြန်မာဥပဒေလက်စွဲ၊ ဦးကျော်မြင့် ဥပဒေအဖွဲ့၊ ပထမအကြိမ်၊ မတ်လ ၂၀၁၄။

၂။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသဘောတရားနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဦးသန်းထိုက်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၁၅)ရက်

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ)၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ။

၄။ ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)။

၆။ တရားရုံးများလက်စွဲ၊ အတွဲ(၁)၊ စတုတ္ထအကြိမ်၊ ၁၉၉၉။

၇။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ဦးမြစိန် တရားလွှတ်တော်ရှေ့နေ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ။

၈။ ရှေ့နေများ၏ တာဝန်ဝတ္တရားများနှင့် ကျင့်ဝတ်များ ၁၉၉၂ ခုနှစ် ဒုတိယအကြိမ်၊ ဘားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ။

၉။ အထူးနှင့် အထွေထွေဥပဒေ၊ ဦးဘကြိုင် (B.A, B.L)။

၁၀။ မြန်မာနိုင်ငံဥပဒေ အတွဲ (၁) မှ (၁၃)။

၁၁။ အိန္ဒိယနှင့် မြန်မာနိုင်ငံ၏ ဥပဒေသမိုင်းကြောင်းများ မောင်ဘဟန် (M.A, D.Lit)၊ ၁၉၅၂၊ ရန်ကုန်။

၁၂။ http://www.uninsupremecourt.gov.mm/?q=content/hith-courts-region-and-state

၁၃။ http://www.nyulawglobal.org/globalex/Myanmar.html#LegalProfession

၁၄။ မြန်မာနိုင်ငံ၏ဥပဒေနှင့် တရားစီရင်ရေးစနစ်အား မိတ်ဆက်ခြင်း
နန်းယဉ်ခမ်း၊ nangyin@hotmail.com (၂၀၁၄ ခုနှစ် မတ်လ)
https://law.nus.edu.sg/cals/pdfs/wps/CALS-WPS-1402.pdf
၁၅။ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရေးကြီးသော ပြဿနာများ နှင့် လူ့အခွင့်အရေးစာတမ်းများ စာအုပ်၊ ကျော်မင်းစံ၊ ၂၀၀၉။
၁၆။ မြန်မာဥပဒေများနှင့် ပြင်ဆင်ချက်များအညွှန်း
ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ၁၉၉၈ ခုနှစ် ဧပြီလ။

# အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ အကျဉ်းချုပ်နှင့် မြန်မာနိုင်ငံဥပဒေစနစ်ကျင့်ထုံး

**William (BJ) Schulte, JD, LLM**
**Mekong Region Policy and Legal Advisor**
**Earth Rights International**

## နိဒါန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သောဥပဒေကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဥပဒေဟုခေါ်သည်။ နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နိုင်ငံတကာခုံရုံးမှ စီရင်ဆုံးဖြတ်ချက်များသည် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဥပဒေ၏ အဓိကအရင်းမြစ်ပင်ဖြစ်သည်။

ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်များအရ ဤအခန်းကဏ္ဍတွင် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များ (ခေါ်) နိုင်ငံပေါင်းစုံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များ (MEA) ကို ဦးစားပေး ဖော်ပြသွားမည်ဖြစ်သည်။

MEA ဆိုသည်မှာ သက်ဆိုင်ရာ MEA ၏ ပန်းတိုင်၊ ရည်ရွယ်ချက်များကို အကောင်ထည်ဖော်ရန် လုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ နိုင်ငံအသီးသီး ဥပမာ- မြန်မာနိုင်ငံ (အဖွဲ့ဝင်များဟု ခေါ်ဆိုရည်ညွှန်းမည် ဖြစ်ပါသည်)မှ ပါဝင်ပတ်သက်နေပြီး အလုံးစုံ သဘောတူညှိနှိုင်းထားသော သဘောတူညီမှုနှင့် စာချုပ်များဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် MEA အဖွဲ့ဝင်နိုင်ငံများသည် - ပြည်တွင်းဥပဒေစနစ်ကို MEA ၏ လိုအပ်ချက်များနှင့်အညီ ဖြစ်စေရန် မူဝါဒ၊ ဥပဒေ (သို့မဟုတ်) စည်းမျဉ်းများရေးဆွဲခြင်း၊ MEA ၏ ပါတီဝင်အစည်းအဝေး (COP) များအား အခါအားလျော်စွာ တက်ရောက်ခြင်းနှင့် MEA ကို အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သော လုပ်ဆောင်မှုများကို COP ထံ သတင်းပို့ခြင်းအားဖြင့် MEA ၏ အုပ်ချုပ်မှုအောက်တွင် တက်ကြွစွာ ပါဝင်ဆင်နွှဲခြင်းများအား ဆောင်ရွက်ပါသည်။

ပုံမှန်အားဖြင့် နိုင်ငံများ ဥပမာအားဖြင့်- မြန်မာနိုင်ငံသည် MEA တွင် လက်မှတ်ရေးထိုးရုံဖြင့် အလိုအလျောက် အကျုံးဝင်သည် မဟုတ်ပါ။ MEA ကို အတည်ပြုလက်မှတ်ရေးထိုးရန် သီးသန့်လုပ်နည်းအတိုင်း လုပ်ဆောင်ပြီးမှသာ ၎င်း၏ အဖွဲ့ဝင်ဖြစ်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် MEA ကို အတည်ပြုခြင်းနှင့် စည်းကမ်းချက်များကို လိုက်နာရန် အခွင့်အာဏာသည် ပြည်ထောင်စုလွှတ်တော်ထံ အပ်နှင်းထားသည်။[3] မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စည်းကမ်းချက်များအရ ပြည်ထောင်

[3] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၈ (က)။

စုလွှတ်တော်၏ ခွင့်ပြုချက်ရရန်အတွက် နိုင်ငံတော်သမ္မတမှ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များကို တင်ပြနိုင်သည်။[4] ပြည်ထောင်စုလွှတ်တော်သည် စာချုပ်အား လက်ခံအတည်ပြုလျှင် နိုင်ငံတော်သမ္မတမှ ပြန်လည်အတည်ပြုလက်မှတ်ရေးထိုးနိုင်သည်။ လွှတ်တော်၏ အတည်ပြုချက်မပါဘဲ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအရ နိုင်ငံတော်သမ္မတအား နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များအား အတည်ပြုခြင်းကို ခွင့်ပြုနိုင်သည်။[5]

မြန်မာနိုင်ငံမှ အတည်ပြုပြဋ္ဌာန်းထားသော နိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာစာချုပ်နှင့် သဘောတူညီချက်များမှာ များပြားလွန်း၍ ဤလက်စွဲစာအုပ်တွင် အလုံးစုံထည့်သွင်းခြင်း မပြုတော့ပါ။ ထို့ကြောင့် ဤအခန်းတွင် နိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များထဲမှ အဓိကသုံးခု၏ မိတ်ဆက်အကျဉ်းနှင့် ထိုသဘောတူညီချက်များမှာ မြန်မာနိုင်ငံ၏ ဥပဒေစနစ်အား မည်သို့ ထည့်သွင်းအသုံးပြုနေကြောင်းနှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံမှ လုပ်ဆောင်နေသော အခြားဆောင်ရွက်မှုများအကြောင်း အကျဉ်းချုပ်ဖော်ပြထားသည်။ ထိုသဘောတူညီချက်များမှာ- မျိုးသုဉ်းပျောက်ကွယ် လုနီးပါးဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအား အပြည်ပြည်ဆိုင် ရာကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား နယ်နိမိတ်ဖြတ်ကျော်ရွှေ့ပြောင်းခြင်းနှင့် စွန့်ပစ်မှုကိုထိန်းချုပ်သော ဘေဆယ်လ်သဘောတူညီမှုစာချုပ်၊ ကမ္ဘာ့ကုလသမဂ္ဂမှ ရာသီဥတုပြောင်းလဲမှုအတွက် သဘောတူညီမှုစာချုပ်ဖြစ်သည်။

[4] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉ (က)။
[5] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၈ (ခ)။
ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉(က)ကိုလည်း ကြည့်ပါရန်။

မြန်မာနိုင်ငံမှ အတည်ပြုထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ပါဝင်သည့် စာရင်းကို (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးဥပဒေကို အကောင်အထည်ဖော်ရာတွင် အသုံးပြုသော အကဲဖြတ်စစ်ဆေးချက်၊ နောက်ဆက်တွဲ (၅)၊ ၂၀၁၆)တွင်တွေ့ရှိနိုင်သည်။

## မျိုးသုဉ်းလုနီးပါးဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအား အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် သက်ဆိုင်သော သဘောတူစာချုပ်

မျိုးသုဉ်းလုနီးပါးဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်သက်ဆိုင်သော သဘောတူစာချုပ် (CITES)[6] သည် ၁၉၇၅ ခုနှစ် မတ်လ ၃ ရက်တွင် အပြီးသတ်ခဲ့ပြီး ၁၉၇၅ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် စတင် အာဏာသက်ရောက်သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇွန်လ ၁၃ ရက်တွင် CITES အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ပြီး၊ CITES သည် ၁၉၉၇ ခုနစ် စက်တင်ဘာလ ၁၁ ရက်မှစ၍ မြန်မာနိုင်ငံတွင် စတင်၍ အာဏာသက်ရောက်လာသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် အချို့သော ရှားပါးမျိုးစိတ်များ၏ ဆက်လက်ရှင်သန်ရေးကို ခြိမ်းခြောက်နိုင်ခြင်းမရှိစေရဟု သေချာစေရန် CITES အား ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ ဤသဘောတူညီချက်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသော မျိုးစိတ်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းဆိုင်ရာ ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းအားဖြင့် CITES သည် ၎င်း၏ရည်မှန်းချက်အား အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ နောက်ဆက်တွဲ

[6] The  text of the Conventional on International Trade in Endangered Species (CITES) can be found at: https://www.cites.org/eng/disc/text.php#II.

(၁)တွင် ပါဝင်သောမျိုးစိတ်များမှာ "မျိုးသုဉ်းခါနီးအထိ ခြိမ်းခြောက်ခံနေရသော" မျိုးစိတ်များ ပါဝင်သည်။ နောက်ဆက်တွဲ (၁)အရ "အချို့သော ခြွင်းချက်အခြေအနေမျိုး" တွင်သာ မျိုးစိတ်များကို ကုန်သွယ်ခွင့်ပြုသည်။[7] နောက်ဆက်တွဲ (၂)တွင် ပါဝင်သော မျိုးစိတ်များမှာ လက်ရှိတွင် မျိုးသုဉ်းနိုင်ချေမရှိသေးသော်လည်း အဆိုပါကုန်သွယ်မှု နှင့်ပတ်သက်သော တင်းကျပ်သော စည်းမျဉ်းများအား ကျင့်သုံးခြင်းမရှိပါက မျိုးသုဉ်း နိုင်ချေရှိသော မျိုးစိတ်များနှင့်စည်းမျဉ်း ဤအပိုဒ်၏ အပိုဒ်ခွဲ(က)ပါ အချို့သောနမူ နာမျိုးစိတ်များအား ကောင်းမွန်စွာ ထိန်းချုပ်ထားရန် လိုအပ်သော အခြားမျိုးစိတ်များ ပါဝင်သည်။[8] နောက်ဆုံးအနေဖြင့် နောက်ဆက်တွဲ(၃)တွင် ပါဝင်သော မျိုးစိတ်များနှင့် ပတ်သက်၍ ခေါင်းပုံဖြတ်ခံရခြင်းကို ကာကွယ်ရန် (သို့မဟုတ်) ကန့်သတ်ရန်အလို့ငှာ အဖွဲ့ဝင်များမှ ၎င်း၏ လုပ်ပိုင်ခွင့်အတွင်း ကုန်သွယ်မှုနှင့် သက်ဆိုင်သည်ဟု သတ်မှတ် ထားသော စည်းမျဉ်းများနှင့် ကုန်သွယ်မှုကိုထိန်းချုပ်နိုင်ရန် အခြားသော ပါတီဝင်များ မှ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ထုံးလုပ်နည်းများအရ မည်သည့်အဖွဲ့ဝင်မဆို ခွဲခြား နိုင်သော မျိုးစိတ်အားလုံး ပါဝင်သည်။[9] နောက်ဆက်တွဲများတွင် ပါဝင်သော မျိုးစိတ် များမှာ နောက်ဆက်တွဲ ၁၅ နှင့် ၁၆ အရ အခါအားလျော်စွာ ပြောင်းလဲပြင်ဆင်နိုင် ပါသည်။

CITES သည် ခွင့်ပြုမိန့်ကျထားသော (သို့မဟုတ်) သဘောတူညီမှုစာချုပ်၏ အပိုဒ် ၃-၅ တွင် ပါဝင်သော အထူးလိုအပ်ချက်များနှင့်အညီ ခွင့်ပြုချက်ပေးသည့် အခါမှလွဲ၍ အဆိုပါမျိုးစိတ်များအား နိုင်ငံတကာ ကုန်သွယ်မှုတွင် တားမြစ်ထားပါ သည်။ သို့သော်လည်း သဘောတူညီမှုစာချုပ်၏ အပိုဒ် ၇ တွင် အဆိုပါ လိုအပ်ချက် များအတွက် အချို့သောခြွင်းချက်များကို ပြဋ္ဌာန်းထားသည်။ နောက်ဆုံးအားဖြင့်

[7] CITES အပိုဒ် ၂ (၁)
[8] CITES အပိုဒ် ၂ (၂)
[9] CITES အပိုဒ် ၂ (၃)

CITES တွင် အဖွဲ့ဝင်များအား သဘောတူညီချက်တွင် ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ နောက်ဆက်တွဲ ၁-၃ ပါ မျိုးစိတ်နမူနာများအား ရောင်းဝယ်ခြင်း (သို့မဟုတ်) လက်ဝယ်ထားရှိခြင်းကို အပြစ်ပေးခြင်း၊ ထိုမျိုးစိတ်များအားသိမ်းယူခြင်း (သို့မဟုတ်) တင်ပို့လာသောနိုင်ငံသို့ ပြန်ပို့ပေးခြင်းတို့ပါဝင်သည်။[10]

CITES မှ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရေးအတွက် လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ သဘောတူညီချက်အရ အဖွဲ့ဝင်များသည် အချို့သော အဖွဲ့အစည်းများ ဖွဲ့စည်းရန်လိုအပ်သည်။ အထူးသဖြင့် အဖွဲ့ဝင်များမှ "ခွင့်ပြုချက် (သို့မဟုတ်) အသိအမှတ်ပြု လတ်မှတ်ထုတ်ပေးရန် အာဏာရှိသော" "စီမံခန့်ခွဲမှုအဖွဲ့" ဖွဲ့စည်းရမည်။[11] သဘောတူညီမှုစာချုပ်အောက်တွင် ဖော်ပြထားသော မျိုးစိတ်များအား နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အကျိုးဆက်များအပေါ် နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်ပေးရန် ရည်ရွယ်လျက် "သိပ္ပံနည်းပညာဆိုင်ရာ အဖွဲ့" ဖွဲ့စည်းရမည်။[12] အဖွဲ့ဝင်များသည် သဘောတူညီမှုစာချုပ်ကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အစီရင်ခံစာများကို အခါအားလျော်စွာတင်ပြရပြီး ဤအစီရင်ခံစာများကို သဘောတူညီမှုစာချုပ်၏ အတွင်းရေးမှူးအား တင်သွင်းရမည်။[13]

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် CITES ၏ အတွင်းရေးမှူးသို့ အစီရင်ခံစာအား များမကြာမီကာလက တင်ပို့ခဲ့ပါသည်။[14] အချို့သောကိစ္စများအနက် မြန်မာနိုင်ငံမှ CITES အား အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သော ဇီဝမျိုးကွဲများကို

[10] CITES အပိုဒ် ၈ (၁)
[11] CITES အပိုဒ် ၉ (၁) (က)
[12] CITES အပိုဒ် ၃ (၂) (က)
[13] CITES အပိုဒ် ၈ (၇)
[14] Link to the CITES report: https://www.cites.org/sites/default/files/reports/17Myanmar.pdf.

ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းသိမ်းထားသောဧရိယာနှင့် သက်ဆိုင်သော ဥပဒေ (CBPAL) အား ရေးဆွဲလျက်ရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်။ CBPAL အား ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်တွင် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။[15]

CBPAL သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ သစ်တောဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်အား CITES ၏စီမံခန့်ခွဲမှုတွင် တာဝန်ရှိသူအဖြစ်ခန့်အပ်သည်။[16] CBPAL သည် MONREC ၏ ဝန်ကြီးအား CITES ၏ သိပ္ပံနည်းပညာဆိုင်ရာ တာဝန်ရှိအဖွဲ့တွင် သင့်လျော်သောသူ (သို့မဟုတ်) သင့်လျော်သောသူများကို ခန့်အပ်စေသည်။[17] CITES ဝက်ဆိုဒ်တွင် သစ်ပင်ပန်းမန်များ၊ တောရိုင်းတိရစ္ဆာန်များ၊ ငါးများနှင့် ရေနေသတ္တဝါမျိုးစိတ်များအတွက် မြန်မာနိုင်ငံ၏ သိပ္ပံနည်းပညာဆိုင်ရာတာဝန်ရှိသူအား စာရင်းသွင်းထားသည်မှာ ၂၀၁၄ ခုနှစ်က ဖြစ်သဖြင့် နောက်ဆုံးပေါ် မဟုတ်တော့ချေ။[18] အထူးသဖြင့် မြန်မာနိုင်ငံ၏ CITES အတွင်းဝန်သို့ တင်ပြထားသော ၂၀၁၇ အစီရင်ခံစာတွင် လုပ်ငန်းဆောင်တာများကို သေသေချာချာ လုပ်ဆောင်နိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့ (သို့မဟုတ်) သိပ္ပံနည်းပညာဆိုင်ရာအဖွဲ့မှ လုံလောက်သော ရန်ပုံငွေ၊ ဝန်ထမ်း၊ ကျွမ်းကျင်မှုမရှိကြောင်း ဖော်ပြထားပါသည်။[19]

---

[15] ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းထိမ်းထားသော ဧရိယာနှင့် သက်ဆိုင်သောဥပဒေ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂/၂၀၁၈ နယုန်လဆန်း ၇ ရက် ၁၃၈၀ ခုနှစ်။

[16] ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းသိမ်းထားသော ဧရိယာနှင့် သက်ဆိုင်သောဥပဒေ၏ အပိုဒ် ၂၀ (က)နှင့် အပိုဒ် ၂ (က)။

[17] ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းသိမ်းထားသော ဧရိယာနှင့် သက်ဆိုင်သောဥပဒေ၏ အပိုဒ် ၂၀ (ခ)နှင့် အပိုဒ် ၂ (က)။

[18] See, Myanmar Country Page: Convention on the International Trade in Endangered Species (https://www.cites.org/eng/cms/index.php/component/cp/country/MM).

[19] Myanmar CITES Implementation Report for 2017, Indicator 2.2.1(d) (available at https://www.cites.org/sites/default/files/reports/17Myanmar.pdf).

ဘဘောတူညီချက် စာချုပ်စာတမ်း၏ စီမံခန့်ခွဲမှုတွင် တာဝန်ရှိသူအနေဖြင့် ညွှန်ကြားရေးမှူးချုပ်သည် CBPAL အရ အဖွဲ့အစည်းအမျိုးမျိုး (ပြည်တွင်း၊ ပြည်ပ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် တစ်သီး ပုဂ္ဂလများ အပါအဝင်)သည် ထိန်းသိမ်းကာကွယ်ထားသော သတ္တဝါနှင့် အပင်မျိုးစိတ် (မျိုးစိတ်သစ်များ အပါအဝင်)များကို ဖမ်းဆီးခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သားဖောက်ခြင်း၊ ရိတ်သိမ်းခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့အား ခွင့်ပြုနိုင်သည့် အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။[20] CBPAL ၏ အပိုဒ် ၃၉ မှ အပိုဒ် ၄၅ တွင် ဥပဒေချိုးဖောက်ပါက ကျသင့်မည်ဖြစ်သည့် ပြစ်ဒဏ်များနှင့် အဆိုပါဖောက်ဖျက်မှုများနှင့် ဆက်စပ်သော ပြစ်ဒဏ်ချမှတ်ခြင်းများအကြောင်း ရေးသားဖော်ပြထားသည်။[21]

၂၀၁၈ ခုနှစ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ CBPAL ၏လိုအပ်ချက်များကို အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ရန် ထပ်ဆင့် ရှင်းလင်းဖော်ပြသော စည်းမျဉ်းဥပဒေများ ရေးဆွဲလျက်ရှိပါသည်။ သို့သော်လည်း ၎င်းစည်းမျဉ်းဥပဒေများအား အပြီးသတ် အတည်ပြုရေးဆွဲထားခြင်း ဟုတ်၊ မဟုတ် သေချာခြင်းမရှိသေးပါ။

[20] ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းသိမ်းထားသော ဧရိယာနှင့် သက်ဆိုင်သောဥပဒေ၏ အပိုဒ် ၂၀ - ၂၃
[21] ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထိန်းသိမ်းထားသော ဧရိယာနှင့် သက်ဆိုင်သောဥပဒေ၏ အပိုဒ် ၃၉ - ၄၅

## အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား နယ်နိမိတ်ဖြတ်ကျော် ရွှေ့ပြောင်းခြင်းနှင့် စွန့်ပစ်မှုကို ထိန်းချုပ်သော ဘေဆယ်လ် သဘောတူညီမှုစာချုပ်

အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား နယ်နိမိတ်ဖြတ်ကျော်ရွှေ့ပြောင်းခြင်းနှင့် စွန့်ပစ်မှုကိုထိန်းချုပ်သော ဘေဆယ်လ် သဘောတူညီမှုစာချုပ်[22] အား ၁၉၈၉ ခုနှစ်တွင် အပြီးသတ်ရေးဆွဲခဲ့ပြီး ၁၉၉၂ ခုနှစ် မေလ ၅ ရက်တွင် စတင်အာဏာသက်ရောက်သည်။ မြန်မာနိုင်ငံသည် (ကုန်သွယ်မှုအစည်းအဝေး၊ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား ဆက်စပ်နယ်နိမိတ်တွင် ရွှေ့ပြောင်းခြင်းနှင့် စွန့်ပစ်မှုကို ထိန်းချုပ်သော ဘေဆယ်လ်သဘောတူညီမှုစာချုပ်)ကို ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်တွင် အတည်ပြုခဲ့ပြီး၊ ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်မှစ၍ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်သည်။

ဘေဆယ်လ် သဘောတူညီမှုစာချုပ်၏ ယေဘုယျပန်းတိုင်မှာ အသက်အန္တရာယ်ဖြစ်စေနိုင်သော အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းများနှင့် အခြားသော စွန့်ပစ်ပစ္စည်းများမှ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကျန်းမာရေးကို ဆိုးကျိုးသက်ရောက်စေနိုင်သော ကိစ္စများကို ကာကွယ်ရန်ဖြစ်သည်။ ဘေဆယ်လ် သဘောတူညီမှုစာချုပ်သည် ဤရည်မှန်းချက်ကို အထမြောက်စေရန် အဓိကဦးစားပေး ကိစ္စများအား လုပ်ဆောင်ရန် ရည်ရွယ်ထားပါသည်။ ပထမဆုံးအနေဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်မှုပမာဏကို လျှော့ချရန်နှင့် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်တွင် ဥပါဒ်မပေးရန် လုံလောက်စွာ စီမံ

[22] http://www.basel.int/TheConvention/Overview/TextoftheConvention/tabid/1275/Default.aspx.

ကွပ်ကဲခြင်းများကို တိုးမြှင့်ရန်၊ ဒုတိယအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ဥပါဒ်မပေး ရန် သေချာစွာစီမံကွပ်ကဲထားသော စွန့်ပစ်ပစ္စည်းများမှလွဲ၍ အခြားသော အန္တရာယ် ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား ဆက်စပ်နယ်နိမိတ်အတွင်း သယ်ဆောင်မှုကို တားမြစ်ခြင်း၊ တတိယအားဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများသယ် ဆောင်မှုကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် စည်းမျဉ်းများ ချမှတ်ပေးခြင်း အစရှိ သည်တို့ပါဝင်သည်။[23] သဘောတူညီမှု စာချုပ်တွင် ပါဝင်သော စည်းကမ်းချက်များအရ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် အခြားသောစွန့်ပစ်ပစ္စည်းများကို သဘောတူညီချက် စာချုပ်ပါ အပိုဒ် ၁ နှင့် နောက်ဆက်တွဲများတွင် ရေးသားဖော်ပြ ထားသည်။

သဘောတူညီမှု စာချုပ်အရ ဒေသအလိုက် သဘောတူညီမှုစာချုပ်အား အကောင်အထည်ဖော်မှုတွင် အထောက်အကူ ဖြစ်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ ဥပမာ- မြန်မာနိုင်ငံမှ အာဏာပိုင်တစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုသော အာဏာ ပိုင်များနှင့် ဦးစားပေးအဖွဲ့အား ခန့်အပ်ရန် လိုအပ်သည်။[24] သဘောတူညီမှုစာချုပ်ပါ အပိုဒ် ၆ အရ "အခွင့်အာဏာရှိသည့် အာဏာပိုင်အဖွဲ့" ဆိုသည်မှာ အန္တရာယ်ဖြစ်စေ နိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် အခြားသော အညစ်အကြေးများအား ဆက်စပ်နယ် နိမိတ်တွင် ရွှေ့ပြောင်းခြင်းနှင့်သက်ဆိုင်သော အကြောင်းကြားချက်များကို လက်ခံရန် နှင့် ပြန်လည်တုံ့ပြန်ခြင်းအတွက် တာဝန်ရှိသော အစိုးရအဖွဲ့အစည်း ဖြစ်ပါသည်။[25] မြန်မာနိုင်ငံသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

---

23 "Overview," at http://www.basel.int/TheConvention/Overview/tabid/1271/Default.aspx.
24 ဘေဆယ်လ် သဘောတူညီမှု စာချုပ် အပိုဒ် ၅ (၁)
25 ဘေဆယ်လ် သဘောတူညီမှု စာချုပ် အပိုဒ် ၂ (၆)

အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအား အခွင့်အာဏာရသော အာဏာပိုင်အဖွဲ့အဖြစ်ခန့်အပ်သည်။[26] "ဦးစားပေး" ဆိုသည်မှာ အခြားသော ပါတီဝင်များနှင့် အတွင်းရေးမှူးအား သဘောတူညီချက်ပါ အပိုဒ် ၁၃ နှင့် ၁၆ အရ တာဝန်ရှိသော အစိုးရအဖွဲ့အစည်း ဖြစ်သည်။[27] မြန်မာနိုင်ငံသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာနအတွင်းရှိ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဌာနအား ဦးစားပေးအဖြစ် ခန့်အပ်ထားသည်။[28]

CITES နည်းတူ ဘေဆယ်လ် သဘောတူညီမှုစာချုပ်အရ အဖွဲ့ဝင်များမှ ၎င်းတို့၏ စီရင်ပိုင်ခွင့်ရှိသည့် နယ်နိမိတ်အတွင်း စွန့်ပစ်ပစ္စည်းများနှင့် အခြားသော အညစ်အကြေးများအား ဆက်စပ်နယ်နိမိတ်တွင် ရွှေ့ပြောင်းခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ သဘောတူညီချက်စာချုပ်၏ လိုအပ်ချက်များကို အထမြောက်စေရန် အဖွဲ့ဝင်များမှ သဘောတူလက်ခံသော ဆောင်ရွက်ချက်များ၊ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် အခြားသော စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်မှု လျှော့ချနိုင်ရန် နည်းပညာများတိုးတက်အောင် ဆောင်ရွက်သော လုပ်ဆောင်ချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာအား သဘောတူညီမှုစာချုပ်၏ အတွင်းရေးမှူးထံ တင်ပြရမည်။[29] ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တိုင်အောင် မြန်မာနိုင်ငံမှ ဘေဆယ်လ် သဘောတူညီမှုစာချုပ်အတွင်းဝန်သို့ အစီရင်ခံစာ တင်သွင်းခြင်း မရှိသေးပါ။

---

[26] Myanmar Country Profile: Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal (http://www.basel.int/Countries/CountryProfiles/tabid/4498/Default.aspx).
[27] ဘေဆယ်လ် သဘောတူညီမှု စာချုပ် အပိုဒ် ၂ (၇)
[28] Myanmar Country Profile: Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal (http://www.basel.int/Countries/CountryProfiles/tabid/4498/Default.aspx).
[29] ဘေဆယ်လ် သဘောတူညီမှု စာချုပ် အပိုဒ် ၁၃

သို့သော်လည်း မြန်မာနိုင်ငံမှ ဘေဆယ်လ် သဘောတူညီမှုစာချုပ် လိုအပ်ချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ ဥပမာအားဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံရေးအတွက် မဟာအစီအစဉ်များကို မြန်မာနိုင်ငံမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည်။ မဟာအစီအစဉ်ဆိုသည်မှာ မြန်မာ-နော်ဝေးနှစ်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်အတွက် ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများအနက်မှ တစ်ခုအပါအဝင်ဖြစ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဦးစီး၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံရေးအတွက် မဟာအစီအစဉ်များကို အပြီးသတ် နောက်ဆုံးဆွေးနွေးတင်ပြသော အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။[30]

## UNFCCC၊ ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်နှင့် ပဲရစ်သဘောတူစာချုပ်

တစ်ကမ္ဘာလုံး ကြုံတွေ့နေရသော ခြိမ်းခြောက်မှုများအနက် ရာသီဥတုပြောင်းလဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဤကိစ္စရပ်ကို အရေးတယူဖော်ပြရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ အဖွဲ့အစည်းများဆွေးနွေးတိုင်ပင်ကာ ကမ္ဘာ့ကုလသမဂ္ဂမှ ရာသီဥတုပြောင်းလဲမှုအတွက် သဘောတူညီမှုဆိုင်ရာမူကြမ်း (UNFCCC)[31] ကို ၉၉၂ ခုနှစ် မေလ ၉ ရက်တွင် အတည်ပြုခဲ့ပြီး ၁၉၉၄ ခုနှစ် မတ်လ ၂၁ ရက်တွင် စတင် အာဏာသက်ရောက်သည်။ မြန်မာနိုင်ငံသည် UNFCCC ကို

[30] "Waste Management: Final Consultation on Hazardous Waste Management Master Plan," MITV.com (February 13, 2019) (https://www.myanmaritv.com/news/waste-management-final-consultation-hazardous-waste-management-master-plan).

[31] The text of the United Nations Framework Convention on Climate Change (UNFCCC) can be found at: https://unfccc.int/resource/docs/convkp/conveng.pdf.

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင်အတည်ပြုခဲ့ပြီး၊ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်မှစ၍ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်ပါသည်။

UNFCCC ၏ အဓိကရည်ရွယ်ချက်မှာ "လူသားတို့၏ ဆင့်ကဲလုပ်ရပ်များကြောင့် ရာသီဥတုအခြေအနေတွင် အန္တရာယ်အယှက် ဖြစ်လာနိုင်မှုကို ကာကွယ်ရန်၊ လေထုထဲတွင်ရှိသော ဖန်လုံအိမ်ဓာတ်ငွေ့ သိပ်သည်းဆကို ထိန်းညှိပေးခြင်းပင်" ဖြစ်သည်။[32] UNFCCC ပါ ပုဒ်မ ၃ တွင် ဤရည်ရွယ်ချက်အောင်မြင်ရန် အဖွဲ့ဝင်များလိုက်နာကျင့်သုံးအပ်သော မူဝါဒ စည်းမျဉ်းအချို့ကို ချမှတ်ထားပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက် ပုဒ်မ ၃ (၁)တွင် "အဖွဲ့ဝင်များသည် လက်ရှိမျိုးဆက်အပြင် နောင်လာနောင်သားများ၏ အကျိုးအတွက်၊ သာတူညီမျှစွာ ပတ်ဝန်းကျင်အခြေအနေကို ထပ်တူကျသော်လည်း ကွဲပြားသော တာဝန်ယူမှုများနှင့် စွမ်းဆောင်နိုင်မှု အသီးသီးဖြင့် ကာကွယ်ရမည်ဖြစ်ကြောင်း" ဖော်ပြထားသည်။ ပုဒ်မ ၃ (၂)တွင် "အထူးသဖြင့် ရာသီဥတု အပြောင်းအလဲ၏ ဒဏ်ကို ခံနိုင်ရည်စွမ်း မရှိသောသူများနှင့် အဖွဲ့ဝင်များ၊ အထူးသဖြင့် သဘောတူညီမှုစာချုပ်အောက်တွင် မျှတမှု မရှိသော၊ သာမန်မဟုတ်သည့် ဝန်ထုတ်ဝန်ပိုးကို ခံစားနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဖွဲ့ဝင်များကိုလည်း အလုံးစုံ သေချာစွာထည့်သွင်းစဉ်းစားရမည်။" UNFCCC မှ လျော်ညီစွာ နိုင်ငံများအား အဖွဲ့နှစ်ဖွဲ့ ခွဲစေပြီး နောက်ဆက်တွဲ ၁ တွင် ဖွံ့ဖြိုးပြီးနိုင်ငံများပါဝင်ပြီး၊ နောက်ဆက်တွဲ ၂ တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်သည်။

UNFCCC မှ အဖွဲ့ဝင်နိုင်ငံများအတွက် လိုက်နာကျင့်သုံးရန် ခံဝန်ကတိပြုမှုများ ချမှတ်ထားသော်လည်း UNFCCC တွင် လိုက်နာစေရန် ချမှတ်ထားသော မူကြမ်းမရှိချေ။ သို့သော် သဘောတူညီမှုစာချုပ်သည် အဖွဲ့ဝင်များ ဆွေးနွေးတိုင်ပင်ပြီး သဘောတူ

[32] ကမ္ဘာ့ကုလသမဂ္ဂမှ ရာသီဥတုပြောင်းလဲမှုအတွက် သဘောတူညီမှုဆိုင်ရာ မူကြမ်း၊ အပိုဒ် ၂

ဆောင်ရွက်နိုင်သော "သဘောတူစာချုပ်များ" ချမှတ်ပြီး၊ သဘောတူညီမှု စာချုပ်၏ ခံဝန်ကတိပြုချက်များကို အကောင်အထည်ဖော်ရန် ရည်ညွှန်းသည်။ အရင်ဦးစွာ ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်မှာ ဒီဇင်ဘာ ၁၉၉၇ ခုနှစ်တွင် အတည်ပြု သတ်မှတ်ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသက်ရောက်လာသည်။[33] UNFCCC တွင်ချမှတ်ထားသော မူဝါဒများ "တူညီသော်ငြား ကွဲပြားသော တာဝန်ယူမှုများ"အရ ကျိုတိုနောက်ဆက်တွဲ သဘောတူစာချုပ်သည် နောက်ဆက်တွဲ(၁)ပါ အဖွဲ့ဝင်များ (သို့မဟုတ်) ဖွံ့ဖြိုးပြီးနိုင်ငံများ၊ သဘောတူညီစာချုပ်၏ နောက်ဆက်တွဲ(၁) တွင် ပါဝင်သော ဖန်လုံအိမ်ဓာတ်ငွေ့ ခြောက်ခုအား လျော့ကျစေသော အထူးဆောင်ရွက်ချက်များကို လိုက်နာစေသည်။ ထိုသဘောတူညီစာချုပ်သည် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းဆောင်တာများကို ချမှတ်ပြီး နောက်ဆက်တွဲ(၁)ပါ အဖွဲ့ဝင်များအား ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုလျော့နည်းစေရန် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်စေသည်။ ၎င်းတို့အနက်မှ သန့်ရှင်းမှုကို အားပေးအားမြှောက်ပြုသော လုပ်နည်းမှာ တစ်ခုအပါအဝင်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများကို နောက်ဆက်တွဲ(၁)တွင် မပါဝင်သော နိုင်ငံများ၏ စဉ်ဆက်မပြတ် တိုးတက်ရေး ပရောဂျက်များကို ထောက်ပံ့ပေးခြင်းအားဖြင့် ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေးကို ပစ်မှတ်ထား၍ ဆောင်ရွက်ရန် ခွင့်ပြုပေးသည်။

ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို သိသာထင်ရှားစွာ ဖော်ပြနိုင်ခဲ့သော်လည်း ၎င်းတွင် ပြဿနာများ ပတ်လည်ဝိုင်းနေခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ကျိုတိုနောက်ဆက်တွဲ

---

[33] Kyoto Protocol to the United Nations Framework Convention on Climate Change (1997), available at https://unfccc.int/sites/default/files/kpeng.pdf.

သဘောတူစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ တရုတ်နိုင်ငံသည်လည်း ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေး ခံဝန်ကတိပြုမှုများတွင် မပါဝင်ချေ။ သို့ရာတွင် ထိုနှစ်နိုင်ငံမှာ တစ်ကမ္ဘာလုံးအနက် ဓာတ်ငွေ့ထုတ်လုပ်မှု အများဆုံး အရင်းအမြစ် နိုင်ငံများပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်မှာ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုများကို ဖော်ပြနိုင်စွမ်းမှာ သံသယဖြစ်ဖွယ်ပင် ဖြစ်သည်။ ဤကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် UNFCCC အဖွဲ့ဝင်များသည် (၂၁)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် ပြင်သစ်မြို့ ပဲရစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသဘောတူညီမှုကို "ပဲရစ်သဘောတူညီမှု"ဟု ရည်ညွှန်းခေါ်ဆိုကြသည်။

ပဲရစ် သဘောတူညီမှုတွင် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတွင် ဆက်စပ်ပါဝင်သော အကြောင်းအရာများအရ ရာသီဥတုပြောင်းလဲလာမှု ခြိမ်းခြောက်ရေးကို နိုင်ငံတကာမှ တုန့်ပြန်မှုအားကောင်းလာစေရန်၊ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်တိုးတက်လာမှုကို တားဆီးရန် 'စက်မှုမဖွံ့ဖြိုးမီ အချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်အောက်နှင့် စက်မှုမဖွံ့ဖြိုးမီအချိန်ထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထက် မကျော်စေရန် ကြိုးစားအားထုတ်ခြင်း'၊ အဖွဲ့ဝင် နိုင်ငံများအား ပတ်ဝန်းကျင်ပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို နေသားကျနိုင်စေရန် တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်နှုန်း နည်းစေရန်နှင့် ရာသီဥတုဒဏ် ခံနိုင်အောင် မွမ်းမံမှုနှင့် ငွေကြေးကို တသတ်မတ်တည်း စီးဆင်းစေခြင်း" တို့ကို ပြဋ္ဌာန်းထားသည်။[34]

[34] ပဲရစ်သဘောတူညီမှုစာချုပ် (၂၀၁၅)
https://unfccc.int/sites/default/files/english_paris_agreement.pdf.

ဤရည်မှန်းချက်များအား အထမြောက်စေရန် ပဲရစ်သဘောတူ စာချုပ်သည် ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်မှ သိသာထင်ရှားစွာ ကွဲပြားလျက်ရှိပါသည်။ အခြေခံအားဖြင့် အဖွဲ့ဝင်နိုင်ငံများကို ထုတ်လုပ်မှု ကန့်သတ်ခြင်းများ ချမှတ်ခြင်းမပြုဘဲ ပဲရစ် သဘောတူစာချုပ်သည် အဖွဲ့ဝင်များကို ဒေသအလိုက် ရာသီဥတု ပြောင်းလဲလာမှုအပေါ် စိတ်အားထက်သန်စွာဖြင့် နိုင်ငံတကာမှ တုံ့ပြန်မှုများ မြင့်တက်စေရန် ကူညီပံ့ပိုးပေးခြင်းနှင့် အချိန်နှင့်အမျှ ကြိုးစားအားထုတ်မှုများလာရန် "သဘောတူစာချုပ်အား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများကို လိုအပ်သော အကူအညီပေးခြင်း"တို့ ပါဝင်သည်။[35] သဘောတူညီမှုသည် အဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းစီအား ၎င်းတို့ရရှိနိုင်မည်ဟု ရည်ရွယ်ထားသော ဒေသအလိုက် ပံ့ပိုးကူညီဆောင်ရွက်မှုအပိုင်းကို ပြင်ဆင်စေပြီး အဖွဲ့ဝင် နိုင်ငံတစ်ခုချင်းစီ၏ ဒေသအလိုက် ပံ့ပိုးကူညီမှုကို လက်ရှိအခြေနေထက် ပိုမိုအောင်မြင်စွမ်းရှိအောင် အခါအားလျော်စွာ လုပ်ဆောင်စေခြင်းဖြင့် အမြင့်မားဆုံး ရည်မှန်းချက်ကို ထင်ဟပ်စေလျက် မတူညီသော နိုင်ငံအသီးသီးအခြေအနေကို လိုက်၍ တူညီသော်ငြား ကွဲပြားသော တာဝန်ယူမှုများနှင့် စွမ်းဆောင်နိုင်မှုအသီးသီးကို အသိအမှတ်ပြုစေသည်။[36]

မြန်မာနိုင်ငံမှ UNFCCC အတွင်းရေးမှူးသို့ ဒေသအလိုက်ပံ့ပိုးကူညီမှု (NDC) အကြောင်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ကနဦးတင်ပြခဲ့သည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ NDC ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသောနေရာမှ လိုက်ပါ ဆောင်ရွက်ပါသည်။ NDC တွင် ကမ္ဘာလုံးဆိုင်ရာ ရာသီတုပြောင်းလဲရေးကို လျှော့ချရန် အထောက်အကူပြုသော လုပ်ဆောင်မှုများနှင့် မူဝါဒများအကြောင်း ဖော်ထုတ်ထားသည်။ ထို့အ

[35] ပဲရစ်သဘောတူညီမှုစာချုပ် (၂၀၀၅) အပိုဒ် ၃
[36] ပဲရစ်သဘောတူညီမှုစာချုပ် (၂၀၀၅) အပိုဒ် ၄ (၂၊ ၃)

ပြင် ရာသီဥတုပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးဘေးဒဏ်များကို မြန်မာနိုင်ငံမှ လိုက်လျောညီထွေစွာ နေထိုင်နိုင်မှုကို မြှင့်တင်စေရန်အလို့ငှာ စိုက်ပျိုးရေး၊ သစ်တော၊ ရေ၊ အခြေခံအဆောက်အအုံ၊ ဇီဝမျိုးကွဲများနှင့် ပတ်သက်သော ကဏ္ဍများတွင် လျော့ချလုပ်ဆောင်ရေးများကို ရှင်းလင်းဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်နှုန်းမှာ အတော်အတန်နည်းပါးပြီး ကာဗွန်သိုလှောင်ရာ နေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ NDC တွင်ဖော်ပြထားသည်မှာ "နိုင်ငံတကာအသိုင်းအဝိုင်းသို့ ဖော်ပြလိုသည်မှာ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးဆိုင်ရာ လျော့ချရေးအစီအစဉ်များတွင် သက်သေအထောက်အထား အခိုင်အမာဖြင့် ပါဝင်ကူညီမည်ဖြစ်သော်လည်း ဒေသအလိုက် ဦးစားပေးရေးမှာတော့ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေစွာ နေထိုင်လာနိုင်ရန် ကြိုးစားခြင်းပင်ဖြစ်သည်"။[37]

လျော့ချလုပ်ဆောင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ "ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးတွင် နိုင်ငံ၏ ဝေစုတိုးမြှင့်အောင် ဆောင်ရွက်ခြင်း၊ လျှပ်စစ်စွမ်းအားပေးဝေရေးတွင် ပါဝင်ခြင်းမရှိသော လူမှုအသိုင်းအဝိုင်းနှင့် အိမ်ထောင်စုများကို သန့်ရှင်းသော လျှပ်စစ်စွမ်းအင်အရင်းအမြစ် တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ စက်မှုကဏ္ဍတွင် စွမ်းအင်သက်ရောက်မှုကို တိုးမြှင့်ခြင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ အရန်သစ်တောဧရိယာ၊ ထိန်းသိမ်းထားသော ပြည်သူလူထုပိုင် သစ်တောများနှင့် ထိန်းသိမ်းထားသော ဧရိယာအတွင်းရှိ စနစ်များအား တိုးတက်အောင်ပြုခြင်း"နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များကို ဖော်ပြခဲ့သည်။[38] လိုက်လျောညီထွေစွာ နေထိုင်မှုနှင့်ပတ်သက်၍ "ရာသီဥတုပြောင်းလဲလာမှုနှင့် လျော်ညီစွာနေထိုင်ရန်နှင့် သဘာဝ

[37] Myanmar's Nationally Determined Contribution (2017), page 2.
*Available at* https://www4.unfccc.int/sites/NDCStaging/pages/Party.aspx?party=MMR.
[38] Myanmar's Nationally Determined Contribution (2017), pages 3-4.

ဘေးအန္တရာယ်ကျရောက်မှု လျှော့ချရန် မည်ကဲ့သို့သော လုပ်ဆောင်မှုများကို ဥပမာပြ လုပ်ဆောင်သွားမည်ဟု ဆိုထားသော ဆုံးဖြတ်ချက်များ၊ သို့သော် အဆိုပါ ဆုံးဖြတ်ချက်များမှာ မြန်မာနိုင်ငံမှလိုက်လျောညီထွေသော စေ့စပ်သေချာသော စာရင်းအဖြစ် ကိုယ်စားပြုဖော်ပြထားသည်တော့ မဟုတ်ချေ”ဟု NDC တွင် အတိအလင်းဖော်ပြထားသည်။[39] မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်ပြီး NDC တွင် သီးနှံအမျိုးပေါင်းစုံနှင့် ကောက်ပဲသီးနှံအမျိုးမျိုးအကြောင်း သုတေသနပြုခြင်း၊ မြန်မာနိုင်ငံ၏ ခြောက်သွေ့ဇုန်ရှိ ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာ လုံခြုံမှုအကြောင်း၊ မွေးမြူရေးစီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဖြစ်သော လယ်သမားများအား ချေးငွေထုတ်ပေးခြင်း အစရှိသည်တို့ အပါအဝင် ရာသီဥတု၊ စမတ်စိုက်ပျိုးရေးလုပ်ငန်းများအကြောင်း လေ့လာ သုတေသနပြုကာ တိုးမြှင့်ပေးနေသည်ဟု ဖော်ပြထားသည်။[40] မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍတွင် လျှော့ချလုပ်ဆောင်ရေးနှင့် ပတ်သက်သော ဆုတ်ယုတ်လာသော သစ်တောများအား ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင် “လူထုအခြေပြု သစ်တောပြန်လည်ပျိုးထောင်ခြင်းနှင့် ပျက်ဆီးနေသော ရေပိုင်းဆိုင်ရာ ဧရိယာ၊ ကမ်းရိုးတန်းဧရိယာ၊ မြောက်ပိုင်းရှိ တောင်ထူထပ်သော ဒေသများရှိ ကျေးလက်ဒေသ လူနေမှုဘဝအား တိုးမြှင့်ခြင်းနှင့် ဒီရေတောပြန်လည်ထူထောင်ရေး” အစရှိသည်တို့ ပါဝင်သည်။[41]

[40] Myanmar’s Nationally Determined Contribution (2017), pg. 10.

[41] Myanmar’s Nationally Determined Contribution (2017), pages 10-11.

ဤလုပ်ဆောင်ချက်များ အထမြောက်စေရန် လိုအပ်သောစည်းမျဉ်းများ ထောက်ပံ့ရန်အတွက် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသား ရေးမူဝါဒ၊ နည်းဗျူဟာနှင့် အရေးယူဆောင်ရွက်မှုများကို တိုးတက်အောင်ဆောင်ရွက် လျက်ရှိသည်။ သို့သော်လည်း ဤစာတမ်းပြုစုနေချိန်တွင် အမျိုးသားရေးမူဝါဒ၊ နည်း ဗျူဟာနှင့် အရေးယူဆောင်ရွက်မှုများမှာ အတည်ပြု၊ ထုတ်ပြန်ကြေညာခြင်း မရှိ သေးချေ။[42]

[42] For more information on the Climate Change Policy, Strategy, and Master Plan, *see* Myanmar Climate Change Alliance, https://myanmarccalliance.org/en/mccsap/.

# မြန်မာနိုင်ငံရှိ သစ်တော၊ ဇီဝမျိုးကွဲနှင့် ဂေဟစနစ်နှင့်ပတ်သက်သော မြန်မာ့ဥပဒေများ

**Su Yin Htun, Dr**
**Lecturer, Department of Law**
**University of Mandalay**

## နိဒါန်း

မြန်မာနိုင်ငံရှိသစ်တောကြီးများတွင် မြောက်များစွာသော တောရိုင်းတိရစ္ဆာန်များ၊ အပင်နှင့် သစ်ပင်များသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပေါကြွယ်ဝစွာ တည်ရှိလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ၎င်း၏ တရားမဝင် အလွန်အကျွံ သစ်ခုတ်ခြင်းများ၊ ထုတ်လုပ်ခြင်း ဆောင်ရွက်မှုများ၊ အကြီးစား သတ္တုတူးဖော်ရေး၊ မြေယာပျက်စီးခြင်းနှင့် မြို့ပြဧရိယာများတွင် လူဦးရေ တိုးပွားလာမှုတို့သည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အား သိသိသာသာ ခြိမ်းခြောက်လျက်ရှိပါသည်။ မြန်မာ့ဇီဝမျိုးကွဲများသည်လည်း လျော့နည်းလာပြီဖြစ်ပါသည်။ အထူးသဖြင့် အင်ဒို-မြန်မာ ဇီဝမျိုးစုံမျိုးကွဲ “အန္တရာယ်ဇုန်” တွင် သဘာဝကျက်စားရာနေရာနှင့် မျိုးစိတ်ဦးရေများအပေါ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေ တိုးတက်မှုနှုန်းတို့က လွှမ်းမိုးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကို ဖြစ်ပေါ်စေသော အဓိကအကြောင်းအရာများမှာ -

(၁) သိပ်သည်းထူထပ်သော သစ်တောများကို အခြားမြေများအဖြစ် အသုံးပြုရေး အတွက် ပြောင်းလဲမှု၊

(၂) ထွန်ယက်စိုက်ပျိုးခြင်းအား ရွှေ့ပြောင်းခြင်း၊

(၃) စီးပွားရေးအမြတ်ထုတ်မှု ထိန်းချုပ်ခြင်းနှင့် မျိုးသုန်းရန် အန္တရာယ်ရှိသော သစ်ပင်ပန်းမန်များအား ကုန်သွယ်မှုနှင့် ၎င်းတို့အပေါ် စီးပွားရေး အမြတ်ထုတ်မှုများနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းနှင့် ထိန်းချုပ်မှုအားနည်းခြင်း၊

(၄) မလုံလောက်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် ဇီဝမျိုးကွဲ များ ပေါင်းစည်းမှုတို့သည် မြေထုအား ပြောင်းလဲမှုများဖြစ်စေသည့် လုပ်ဆောင်ချက်များကို ဖြစ်ပေါ်စေသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အစိုးရသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်နှင့် ၎င်း၏ နည်းဥပဒေများအား ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါတွင် တည်ဆဲ မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရန်နှင့် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ကာကွယ်ရန် ကောင်းစွာ တိုးတက်ဖွံ့ဖြိုးလျက် ရှိပါသည်။

## မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပုံရိပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှတွင် ဒုတိယ အကြီးဆုံး နိုင်ငံဖြစ်ပါသည် (အင်ဒိုနီးရှားနိုင်ငံထက် သာသေးငယ်ပါသည်)။ မြန်မာ နိုင်ငံသည် ခန့်မှန်းခြေအားဖြင့် ၆၇၇၀၀၀ စတုရန်းကီလိုမီတာ ဧရိယာ ကျယ်ဝန်းပြီး အကြမ်းအားဖြင့် အရှေ့မှ အနောက်သို့ ၉၃၆ ကီလိုမီတာနှင့် မြောက်မှ တောင်သို့ ၂၀၅၁ ကီလိုမီတာ ကျယ်ဝန်းပါသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်နှင့် အရှေ့ဘက်

တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်တည်ရှိပြီး အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် လာအိုနှင့် ထိုင်းနိုင်ငံတို့ တည်ရှိသည်။ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်သည် တောင်ဘက်ပိုင်းတွင် တည်ရှိပြီး အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ တည်ရှိသည်။ မြန်မာနိုင်ငံတွင် တောင်ကုန်းနှင့် ချိုင့်ဝှမ်းများ တည်ရှိပြီး အရှေ့မြောက်ဘက်နှင့် အနောက်ဘက်တွင် တောင်တန်းများ ထိစပ်လျက်ရှိသည်။ ဧရာဝတီမြစ်၏ မြေသြဇာကောင်းသော မြေများ၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ် မြစ်ဝှမ်းများသည် တောင်တန်းများနှင့် ပူးတွဲလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မိုးရာသီ၊ နွေရာသီ၊ စိုစွတ်သော နွေရာသီ (အနောက်တောင်မုတ်သုံလေနှင့်အတူ ဇွန်လမှ စက်တင်ဘာလအထိ)နှင့် ဆောင်းရာသီ (ဒီဇင်ဘာလမှ ဧပြီလအထိ) စသော ရာသီဥတုများ ရှိပါသည်။ ဆောင်းရာသီတွင် မိုးရေချိန်ပမာဏ၊ အပူချိန်နှင့် စိုထိုင်းမှု လျော့နည်းပါသည်။[43]

## မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သစ်တော ထူထပ်ပေါများသော နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ဆိုးရွားသော သစ်တောပြုန်းတီးမှုပြဿနာကို နှစ်စဉ်နှင့်အမျှ ကြုံတွေ့နေရသည်။ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလတွင် မြန်မာနိုင်ငံသည် စုစုပေါင်း ၄၄၂၀၀၀ စတုရန်းကီလိုမီတာခန့်အထိ သစ်တောများရှိခဲ့ပြီး နိုင်ငံ၏ မြေဧရိယာ ၆၇ ရာခိုင်နှုန်းကျော်ရှိသည်။ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွင် သစ်တောဧရိယာသည် ၄၃၀၀၀၀ စတုရန်းကီလိုမီတာ (မြေဧရိယာ၏ ၆၅ ရာခိုင်နှုန်း) လျော့နည်းခဲ့သည်။[44] ၂၀၁၅ ခုနှစ်တွင်

[43] https://en.m.wikipedia.org/wiki/Geography_of_Myanmar

[44] Peter Leimgruber, forest Cover Change Patterns in Myanmar 1990-2000, P-1.

သစ်တောဧရိယာသည် ၂၉၀၄၁၀ စတုရန်းကီလိုမီတာ (မြေဧရိယာ၏ ၄၄ ရာခိုင်နှုန်း) အထိ လျော့နည်းခဲ့သည်။[45] သစ်တောများပြုန်းတီးမှုကြောင့် အဓိကဖြစ်သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ဥပမာ- မြစ်ဝကျွန်းပေါ်ဒေသတွင် ရေအရည်အသွေး လျော့နည်းမှု၊ ရေကြီးမှု၊ ငါးလုပ်ငန်းနှင့် ရေနေသတ္တဝါများ ထိခိုက်ပျက်စီးမှုနှင့် ရာသီဥတု ပြောင်းလဲမှုများ ဥပမာ- မုတ်သုံကာလ လျော့နည်းခြင်းနှင့် ဇီဝမျိုးကွဲများ လျော့နည်းမှုတို့ မြင့်တက်လျက်ရှိသည်။ တရားမဝင် သစ်ခုတ်လုပ်ခြင်းသည် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ဖြစ်သည်။

၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် ဖြစ်ပွားခဲ့သော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ၎င်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ အထူးသဖြင့် ဘိုကလေး၊ လပွတ္တာနှင့် အချို့မြို့များအပေါ် သက်ရောက်မှုရှိခဲ့သည်။ အစိုးရသည် ကပ်ဘေးဆိုင်ရာ ပျက်ဆီးဆုံးရှုံးမှုတွင် သေဆုံးသူ အရေအတွက်စာရင်းကို အတိအကျ ဖော်ပြခဲ့ခြင်း မရှိခဲ့သော်လည်း ကမ္ဘာ့ကုလသမဂ္ဂသည် ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၁ ဒသမ ၅ မီလီယံကျော် ရှိခဲ့ကြောင်း ခန့်မှန်းခဲ့သည်။[46]

မိုင်းတူးဖော်ရေး စီမံကိန်းများမှ မြောက်မြားစွာသော ဆိုးရွားသော သဘာဝ ပတ်ဝန်းကျင် သက်ရောက်မှုများနှင့် လူ့အခွင့်အရေးများအကြောင်း ကိစ္စများကို ဖြစ်ပေါ်စေပါသည်။ ၁၉၉၆ ခုနှစ် လက်ပတောင်းတောင် ကြေးနီစီမံကိန်း ပတ်လည်ရှိ ရွာပေါင်း ၂၆ ရွာနှင့် လူပေါင်း၂၅၀၀ ခန့်တို့သည်[47] နေရာရွှေ့ပြောင်းခံခဲ့ကြရပြီး ဟိုက်

---

[45] https://tradingeconomics.com/myanmar/forest-area-sq-km-wb-data.html

[46] *Joint Typhoon Warning Center (2008).* "Cyclone Nargis Warning NR 023". Retrieved 2 May 2008.

[47] မြန်မာ့အလင်းသတင်းစာ အတွဲ(၅၂)၊ အမှတ် (၁၆၃)၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်။

ဒရောလစ်နှင့် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းအတွက် သစ်တောများအပါအဝင် မြေနေရာများ ထင်ရှားစွာ ဖယ်ရှားခံခဲ့ရသည်။ မိုင်းတူးဖော်ရေးလုပ်ငန်းမှ မာကျူရီ ညစ်ညမ်းကျောက်တုံးများနှင့် မြေဆီလွှာများ ပါဝင်သည့် အညစ်အကြေးများကို စီမံကိန်းဧရိယာအတွင်းရှိ ကန်များအတွင်းသို့ စွန့်ပစ်ကြပါသည်။

၂၀၀၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မြောင်ပြို့ရွာတွင် နေထိုင်သူများသည် ဟိန္ဒားမိုင်း၏ စွန့်ပစ်ရေကြောင့် ၎င်းတို့၏ လယ်ယာမြေများတွင် ပြင်းထန်သော သဘာဝပတ်ဝန်းကျင်ကို ခိုက်မှုများအား ရင်ဆိုင်ကြုံတွေ့နေရသည်။ ရေကြီးရေလျှံမှုများလည်း ပိုမိုဖြစ်ပွားလာသည်။ ၎င်းရေကြီးရေလျှံမှုသည် မြောင်ပြို ချောင်း တစ်လျှောက်ရှိ အိမ်ရာများ၊ စိုက်ခင်းများ၊ ရေအရင်းအမြစ်များအား ဖျက်ဆီးရုံသာမက ၎င်းချောင်းသည် ယခုအခါတွင် မိုင်းတူးဖော်ရေးစီမံကိန်းမှ စွန့်ထုတ်လိုက်သောအညစ်အကြေးများနှင့် အနည်အနှစ်များဖြင့် ပြည့်လျက်ရှိသည်။[48]

China National Heavy Machinery Corporation နှင့် မြန်မာကုမ္ပဏီများဖြစ်ကြသော Eden Group နှင့်ရှမ်းပြည်နယ် အရှေ့တောင်ပိုင်းတွင် တည်ရှိသော ရှမ်းရိုးမ နာဂ ကုမ္ပဏီတို့သည် ၂၀၀၂ ခုနှစ်တွင် တီကျစ် ကျောက်မီးသွေးမိုင်း လုပ်ငန်းကို စတင်ခဲ့ပြီး အင်းလေးကန်မှ ၁၃ ကီလိုမီတာအကွာတွင်တည်ရှိသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံး သတ္တုတူးဖော်ရေးလုပ်ငန်းဖြစ်ပြီး နေ့စဉ် ကျောက်မီးသွေး တန်ပေါင်း ၂၀၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ မိုင်းတူးဖော်ရေးလုပ်ငန်းမှ ရေဆိုးရေညစ်များနှင့် ဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ပစ္စည်းများသည် ဘီလူးချောင်းမှတစ်ဆင့် အင်း

[48] www.earthrightsinternational.com

လေးကန်ထဲသို့ စီးဆင်းနေသည်။ ကန်တွင်းသို့ စီမံကိန်းမှ ဖြစ်ပေါ်စေသည့် သက်ရောက်မှုများကို လေ့လာမှု မပြုလုပ်ရသေးပါ။ ရွာနှစ်ရွာသည် ပြောင်းရွှေ့ရန် အတင်းအကြပ် တိုက်တွန်းခံရပြီး မြေဧရိယာပေါင်း ဧက ၅၀၀ ကျော်မှာ အသိမ်းယူ ခံလိုက်ရပါသည်။

မြေယာပျက်စီးခြင်း အထူးသဖြင့် တောင်ပေါ်စိုက်ပျိုးရေးဧရိယာနှင့် ခြောက်သွေ့သောဇုန်တို့တွင် ဖြစ်ပွားသော မြေဆီလွှာတိုက်စားမှုတို့သည်လည်း မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် တိုက်စားမှုတွင် ပါဝင်ပါသည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံ၏ စိုက်ပျိုးရေးဧရိယာ ၃၃ ရာခိုင်နှုန်းသည် သေးငယ်သည်ဟု သတ်မှတ်ခံခဲ့ရသည်။ လူများ ကြားဝင်စွက်ဖက်ခြင်း ဥပမာအားဖြင့် သစ်တောများ တိုးချဲ့ရိတ်သိမ်းခြင်း၊ တစ်ဦးချင်း သီးနှံစိုက်ပျိုးခြင်း အလေ့အထနှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းတို့သည် သေးငယ်သော လယ်ယာစိုက်ပျိုးရေး ဧရိယာအတွင်းရှိ သဘာဝအလျောက် လုပ်ငန်းစဉ်များအား ပိုမိုဆိုးရွားလာစေသည်။ လူဦးရေတိုးပွားမှုသည် မြေယာပျက်စီးခြင်းနှင့် မြေယာထုတ်ကုန်စွမ်းအား ပြောင်းလဲမှု၏ အဓိက ပြဿနာတစ်ရပ်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ တောင်ပေါ်ဒေသရှိ လူဦးရေသည် ခုနစ်သန်းမှ ၁၇ ဒသမ ၅ သန်းအထိ (သို့မဟုတ်) နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်အထိ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။[49]

[49] Interim Country Partnership Strategy: Myanmar, 2012-2014, Asia Development Bank, 2014

ရာသီဥတု ပြောင်းလဲမှုများဖြစ်သည့် သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများသည် မြန်မာနိုင်ငံတွင် မကြာသေးမီ ရာစုနှစ်များအတွင်းတွင် ဖြစ်ပွားခဲ့သည်။ နေရာအများစု အထူးသဖြင့် အကြီးစားစီမံကိန်း ဧရိယာများ၊ စီးပွားရေးဇုန်များနှင့် စက်မှုဇုန်များတွင် အပူလှိုင်း ဖြတ်သန်းခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခြင်းနှင့် တောမီးလောင်ခြင်းကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို အသိအမှတ်ပြုပေးသည့် အလျောက် အစိုးရသည် မူဝါဒ၊ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို အချိန်နှင့်အမျှ ပြဋ္ဌာန်းလျက်ရှိသည်။

## မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံတော်၏ တာဝန်ဖြစ်သည်ဟု ချမှတ်ထားသည်။[50] နိုင်ငံတော် ဥပဒေပြုရေးအဖွဲ့သည် ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် မိုင်းတူးဖော်ရေးလုပ်ငန်းကြောင့် ပျက်ဆီးသွားသော (သို့မဟုတ်) ဖျက်ဆီးခံရသော ဧရိယာများကို ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ရာတွင် ကူညီရန်နှင့် သစ်တောဆိုင်ရာ လုပ်ငန်းဆောင်တာများ (သို့မဟုတ်) အပင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် ကျက်စားရာနေရာများ ဖျက်ဆီးခြင်းကို ကြုံတွေ့ခဲ့ရသော နယ်မြေများအား ကာကွယ်ရန် ဥပဒေများ ပြဋ္ဌာန်းထားပါသည်။[51] ထို့အပြင် ပတ်ဝန်းကျင်

[50] ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၄၅။

ထိန်းသိမ်းစောင့်ရှောက်ရန် အစိုးရ၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်ကူညီရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။[52] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးလုပ်ငန်းဆောင်တာများ ဥပမာ- ပူးပေါင်းဆောင်ရွက်ရေး၊ ဖက်စပ်လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများ[53]အဖြစ် ဆောင်ရွက်ရန် ခွင့်ပြုပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ သစ်တောစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး အလေ့အကျင့်များနှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးနှင့်ပတ်သတ်ပြီး ဖြေရှင်းရန် လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ပြဋ္ဌာန်းခဲ့သော မူဝါဒများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)၊ မြန်မာအာဂျင်ဒါ ၂၁(၁၉၉၈)၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ(၁၉၇၂)၊ မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေ(၁၉၉၇)၊ နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ(၁၉၈၉)၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ(၁၉၉၀)၊ ပိုးသတ်ဆေးဥပဒေ(၁၉၉၀)၊ အပင်ပိုးမွှား ကာကွယ်သည့်ဥပဒေ(၁၉၉၃)၊ မြေသြဇာဥပဒေ(၂၀၀၂)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၀၆)၊ မြန်မာနိုင်ငံ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်(၂၀၀၀)၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)နှင့် မြန်မာ့သစ်တောဥပဒေ(၂၀၁၈)တို့ ဖြစ်သည်။

51 ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၉၆။
52 ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၉၀။
53 ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သော အဓိကအကြောင်းအရာများသည် အများပြည်သူ ပညာပေးရေးနှင့် ပါဝင်ဆောင်ရွက်စေခြင်း၊ အစာနှင့်အာဟာရ၊ အစာထုတ်လုပ်ခြင်း၊ မရှိမဖြစ် လိုအပ်သော စားသုံးမှုအရာများ၊ ထုတ်လုပ်မှုနည်းလမ်းများ၊ သုတေသနနှင့် လေ့လာမှုများနှင့် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းတို့နှင့် သက်ဆိုင်သော ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကို အခြေခံပါသည်။[54] ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ၎င်းပျက်ဆီးခြင်းများအား ကာကွယ်ရန် ရေ၊ မြေ၊ သစ်တောများ၊ သတ္တုတွင်းထွက်နှင့် အဏ္ဏဝါအရင်းအမြစ်များနှင့် အခြားသဘာဝအရင်းအမြစ်များ အသုံးပြုမှုနှင့် စပ်လျဉ်း၍ ခိုင်မာသော ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ချမှတ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် လူများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအတွက် မူဝါဒများ အားချမှတ်ပေးထားသည်။ မူဝါဒများသည် ပတ်ဝန်းကျင်ဆိုင်ရာများကို ထည့်သွင်းစဉ်းစားခြင်းနှင့် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေးမြှင့်တင်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကြား သဟဇာတဖြစ်ရန်နှင့် မျှတပြီးအောင်မြင်ရန် ရည်ရွယ်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်သည်။[55]

၂၀၁၂ ခုနှစ် မတ်လ ၃၀ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၂ ဖြင့် စတင်အာဏာသက်ရောက်ပါသည်။ သစ်တောဆိုင်ရာ စီမံကိန်းအရ သက်ဆိုင်ရာအစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် အကျိုးရှိစွာနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုရန်နှင့် မြန်မာ့သစ်တောအရင်း

[54] www.un.org/es/agenda/21/natlinfo/countr/myanmar/eco.htm

[55] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၂၆/၉၄

အမြစ်များအား ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ပြည်ထောင်စုအစိုးရနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ထိန်းသိမ်းပြီး စီမံခန့်ခွဲရမည်။[56] အိုဇုန်းလွှာအား ကာကွယ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအား တိုးမြှင့်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ကမ်းရိုးတန်းပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအား လျှော့ချရေးနှင့် လိုက်လျောညီထွေ ပြုလုပ်ခြင်း၊ သဲကန္တာရဖြစ်ပွားမှု တိုက်ဖျက်ရေးနှင့် မကုန်ဆုံးနိုင်သော အရာဝတ္ထုများ စီမံခန့်ခွဲမှုနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အပိုင်းဖြစ်ပါသည်။[57]

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား အောက်ပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံနှုန်းများအား သတ်မှတ်ရန် တာဝန်ခန့်အပ်ထားပါသည်။ ၎င်းစံနှုန်းများမှာ ပြည်ထောင်စုအစိုးရမှ သတ်မှတ်ပေးထားသော သင့်တော်သော ရေမျက်နှာပြင် အရည်အသွေး စံနှုန်းထားများ မြစ်၊ အင်္ဂွေ့များ၊ တူးမြောင်းများ၊ စမ်းများ၊ စိမ့်တောများ၊ ကန်များ၊ ရေလှောင်ကန်များနှင့် အခြားကုန်းတွင်းပိုင်း အများပြည်သူပိုင်ရေအရင်းအမြစ်များ ပြန်လည်အသုံးပြုခြင်း၊ ကမ်းရိုးတန်းနှင့် မြစ်ဆုံဒေသများအတွက် ရေအရည်အသွေးဆိုင်ရာ စံနှုန်းထားများ၊ မြေအောက်ရေ အရည်အသွေးဆိုင်ရာ စံနှုန်းထားများ၊ လေထုအရည်အသွေး စံနှုန်းထားများ၊ အသံနှင့် တုန်ခါမှု စံနှုန်းထားများ၊ ထုတ်လွှတ်မှု စံနှုန်းထားများ၊ မိလ္လာစံနှုန်းထားများ၊ အမှိုက်များ စွန့်ပစ်မှုစံနှုန်းထားများ၊ အခြားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံနှုန်းထားများဖြစ်ကြပါသည်။[58]

---

[56] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၏ ပုဒ်မ ၁၈
[57] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၏ ပုဒ်မ ၁၈
[58] ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၏ ပုဒ်မ ၁၀

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂ အရ ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။[59] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏သဘောတူညီချက်နှင့်အတူ (အစိုးရပြန်တမ်းတွင်)ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ချင်းစီ (သို့မဟုတ်) စုပေါင်း၍လုပ်ဆောင်ရန် သတ်မှတ်ပေးထားသော လုပ်ငန်းဆောင်တာများ အပါအဝင် စီးပွားရေးလုပ်ငန်းများမှ ဆောင်ရွက်ရန်လိုအပ်သော အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်း အမျိုးအစားများနှင့် အမှိုက်များနှင့် အန္တရာယ်များသော စွန့်ပစ်ပစ္စည်း ကိုင်တွယ်ရန် လိုအပ်ချက်များအား ဆုံးဖြတ်ပေးလိမ့်မည်။ သတ္တုအရင်းအမြစ်များအရ သက်ဆိုင်ရာ အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် ထိန်းသိမ်းခြင်း၊ အကျိုးအမြတ်များနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အသုံးပြုမှုများအတွက် စီမံခန့်ခွဲခြင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် တာဝန်ရှိပါသည်။[60] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် ၎င်းကိုယ်တိုင် ဆောင်ရွက်ခြင်း (သို့မဟုတ်) သက်ဆိုင်ရာအစိုးရဌာနများနှင့် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ထိန်းကြပ်စစ်ဆေးမှုစနစ်ကို ပံ့ပိုးဆောင်ရွက်ရမည်။[61]

---

[59] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ www.burma.library.org

[60] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၏ ဥပဒေပုဒ်မ ၁၈

[61] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၏ ဥပဒေပုဒ်မ ၁၃ (ဂ)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအား မြန်မာနိုင်ငံတွင် ဆိုင်ကလုန်း နာဂစ်မုန်တိုင်းဖြစ်ပြီးသည့်နောက် ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများအား လုပ်ငန်းဆောင်တာများနှင့် တာဝန်များ သတ်မှတ်ပေးရန်နှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်၊ ကြီးကြပ်ကွပ်ကဲရန်နှင့် သေချာစေရန် ဖွဲ့စည်းခဲ့သည်။[62] သက်ဆိုင်ရာဒေသ (သို့မဟုတ်) နိုင်ငံတော်၏ ကာကွယ်ရေးဦးစီးချုပ်မှူးအား ဥက္ကဋ္ဌအနေနှင့် ဒေသဆိုင်ရာ (သို့မဟုတ်) နိုင်ငံတော် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့များအား သင့်တော်သောသူများနှင့် အတူ ဖွဲ့စည်းပြီး တာဝန်နှင့် အာဏာများခွဲဝေပေးရန် ဥပဒေက ပြဋ္ဌာန်းထားပါသည်။[63] သက်ဆိုင်ရာဌာနများကို ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းကိစ္စများ၊ ကာကွယ်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စများ၊ အရေးပေါ်ကိစ္စများတွင် တုန့်ပြန်မှုအစီအစဉ်များ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုများနှင့် ရန်ပုံငွေထူထောင်ခြင်း စသည့်တာဝန်များအား ခွဲဝေပေးထားသည်။[64] လူ့အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းအခွင့်အရေးများ ဥပမာ- သတင်းအချက်အလက်ပြန်ကြားရေးစနစ်များ၊ ပြန်လည်တည်ထောင်ရေးနှင့် ကယ်ဆယ်ရေးလှုပ်ရှားမှုများ မရှိသော်ငြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများအား သတ်မှတ်ပေးထားပါသည်။

[62] ၂၀၁၃ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၏ ပုဒ်မ ၅
[63] ၂၀၁၃ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၏ ပုဒ်မ ၇
[64] ၂၀၁၃ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၏ ပုဒ်မ ၁၃

မြန်မာ့သစ်တောဥပဒေအား အမိန့်ကြော်ငြာစာအမှတ် ၈/၉၂ ဖြင့် ၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေသည် နိုင်ငံတော်ထိန်းချုပ်ရေးနှင့် မူဝါဒများ ထိန်းသိမ်းရေးတို့ကို အလေးပေးပြီး သစ်တောမြေအား လူမျိုးစု (သို့မဟုတ်) လူမျိုးရေးပိုင်ဆိုင်မှုတို့ကို အသိအမှတ်မပြုပါ။ သို့သော် ပုဂ္ဂလိကနှင့် အများပိုင် သတ်တမ်း၏ အမျိုးမျိုးသော အချိန်ကာလတို့ကို ပြဋ္ဌာန်းပေးထားသည်။ ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူ အစုအပိုင်အဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက်များကို ပြဋ္ဌာန်းလိုက်သည်။ ၎င်းဥပဒေ ပြဋ္ဌာန်းသည့် အချိန်မှစ၍ သစ်တောဆိုင်ရာ ကိစ္စရပ်များတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် တဖြည်းဖြည်းချင်း လမ်းကြောင်းပေါ်သို့ ရောက်ရှိလာသည်။[65] သစ်တောဥပဒေအရ သစ်တောဆိုင်ရာ ပြစ်မှုများသည် သစ်တောဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် (သို့မဟုတ်) တရားရုံးတွင် စစ်ဆေးစီရင်ခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။ သစ်တောအုပ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဆိုသည်မှာ ဒေသခံ သစ်တောအရာရှိသည် စစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို အသုံးပြုခွင့်နှင့် အချို့သစ်တောဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်များ ချမှတ်ခွင့်အား ဆောင်ရွက်နိုင်သည်။ တရားစွဲဆိုမှုကို စောင့်ကြည့်နေသော လုပ်ငန်းအဖွဲ့ မရှိပေ။

မြန်မာ့လွှတ်တော်သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် သစ်တောဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၄ ခုနှစ် သစ်တောဥပဒေကို ဖျက်သိမ်းလိုက်သည်။ ဥပဒေအသစ်သည် တရားမဝင် သစ်ခုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် အမျိုးမျိုးသော ပြစ်ဒဏ်များ၊ အပြင်းထန်ဆုံး ပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ် ၁၅ နှစ်[66] (သို့မဟုတ်) ဒဏ်ငွေများ၊ သိမ်းယူခြင်းနှင့် လိုင်စင်ဖယ်ရှားခြင်းတို့ကို ဖယ်ရှားရန်ရည် ရွယ်ပါသည်။[67] သစ်တောဦးစီးဌာန ဝန်ထမ်းကို လာဘ်စားခြင်း (သို့မဟုတ်) တရားမဝင်

[65] ၁၉၉၄ ခုနှစ် သစ်တောဥပဒေ
[66] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ ပုဒ်မ ၄၃
[67] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ ပုဒ်မ ၄၃

သစ်ခုတ်လုပ်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများအား ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်းတို့တွင် ပါဝင်ပါက အပြစ်ပေးခံရနိုင်သည်။ သစ်တောဆိုင်ရာ ပြစ်မှုသည် ရဲအရေးပိုင်သော ပြစ်မှုဖြစ်ပြီး[68] စွပ်စွဲခံရသူကို ချမှတ်သော ပြစ်ဒဏ်တွင် လျော်ကြေးများပေးဆောင်ရန်လည်း ပါဝင်ပါသည်။[69] ယင်းဥပဒေသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအား သဘာဝသစ်တောများနှင့် ဒီရေတောများတွင် နေထိုင်သူများက ၎င်းတို့၏ ကိုယ်ပိုင်ရိုးရာနည်းလမ်းကို အသုံးပြု၍ ထိန်းသိမ်းခြင်းကို အသိအမှတ်ပြုပေးရန် သတ်မှတ်ထားသည်။ ယင်းဥပဒေကို နေပြည်တော်ကောင်စီနှင့်ဒေသ၊ နိုင်ငံနှင့် အမျိုးသားရေးအစိုးရတို့က ခွင့်ပြုထားသည်။[70] ၎င်းဥပဒေအရ သစ်တောဦးစီးဌာန၏ အစိုးရနှင့် ညွှန်ကြားရေးမှူးချုပ်တို့သည် သစ်တောဆိုင်ရာစီမံခန့်ခွဲမှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ဆုံးရှုံးမှုတားမြစ်ရေး၊ ဒီရေတောများအား ကာကွယ်ခြင်း၊ အပူပိုင်းဒေသ သစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ကုန်သွယ်ခြင်းအပေါ် ကန့်သတ်ခြင်းတိုနှင့်ပတ်သက်၍ တာဝန်ရှိပါသည်။[71]

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ သည်[72] သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအား ဆိုးကျိုးများဖြစ်စေသော နိုင်ငံခြားသားနှင့် နိုင်ငံသားတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ကန့်သတ်တားမြစ်ထားပါသည်။[73] ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ ၏ အခန်း(၁၆)တွင် ဖော်ပြထားသည်။ ရင်းနှီးမြှုပ်နှံသူများသည် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာ

[68] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ ပုဒ်မ ၄၈
[69] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ ပုဒ်မ ၄၇
[70] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ ပုဒ်မ ၇
[71] ၂၀၁၈ ခုနှစ် သစ်တောဥပဒေ၏ အခန်း (၃)
[72] ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၆
[73] ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ပုဒ်မ ၄၁(ဂ)

စာများနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များအား[74] နာခံရမည်။ ၎င်းတို့သည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် သက်ရောက်မှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများအား လိုက်နာသင့်သည်။[75] ယင်းရင်းနှီးမြှုပ်နှံသူများသည် အကယ်၍ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံကြောင့် ပျက်ဆီးဆုံးရှုံးမှုများ ခံစားနေရသော နစ်နာသူများကို လုံလောက်သော လျော်ကြေးအား ပေးလျော်ရမည်။[76] ထို့အပြင် အဆိုပါ ရင်းနှီးမြှုပ်နှံသူများသည် တည်ဆဲဥပဒေများအရ ပရောဂျက်ကာလအတွင်း ဆောင်ရွက်နေသော ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးများ၊ စက်ရုံများမှ စက်မှုစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရန် စီမံခန့်ခွဲသည့် စနစ်များ၊ ပူးပေါင်းဆောင်ရွက်သည့် လူမှုရေး တာဝန်သိတတ်မှုများ(CSR) နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အား အစီရင်ခံစာတင်သွင်းခြင်းတို့အပေါ် တာဝန်ရှိသည်။

၂၀၁၈ ခုနှစ် မေလတွင် မြန်မာ့လွှတ်တော်သည် "တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ၁၉၉၄"[77] ဥပဒေဟောင်းအား "ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ"[78]ဖြင့် အစားထိုး ပြဋ္ဌာန်းလိုက်ပါသည်။ ယင်းဥပဒေသည် ကာကွယ်ရေးနယ်မြေများ ဥပမာ-အမျိုးသားဥယျာဉ်၊ အဏ္ဏဝါဥယျာဉ်နှင့် ဘေးမဲ့တောများဟု အမျိုးအစားခွဲခြားထားသည်။[79] ပုဒ်မ ၈ သည် "ဒေသခံပြည်သူများ ကာကွယ်ရေးနယ်မြေများ"အား ကာကွယ်ရေးနယ်မြေ အမျိုးအစားအဖြစ် သတ်မှတ်ထားသည်။ သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူများ ကာကွယ်ရေးနယ်မြေများအတွက်

---

[74] ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ပုဒ်မ ၆၅(ဂ)
[75] ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ပုဒ်မ ၆၅(ဆ)
[76] ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ပုဒ်မ ၆၅(ဈ)
[77] တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ
(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄)
[78] ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ
၂၀၁၈ ခုနှစ် မေလ ၂၁ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၁၂/၂၀၁၈
[79] ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၇

နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အပံ့များ၊ တောရိုင်းတိရစ္ဆာန် မျိုးစိတ်များ၏ ကျက်စားရာနေရာများအား ထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူများ၏ ရိုးရာဓလေ့ ထုံးတမ်းများ အသုံးပြု၍ တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အပေါ် တာဝန်ရှိသည်။[80] သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေများအား စီမံအုပ်ချုပ်ရန်၊ ဒေသခံလူ့အဖွဲ့ အစည်းများ၏ ရေရှည်တည်တံ့ခိုင်မြဲသော လူမှုရေးစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအား အညီအမျှ ထိန်းသိမ်းရန် ဒေသခံလူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန် အခွင့်အာဏာရှိပါသည်။[81]

မြန်မာနိုင်ငံ၏ ဥပဒေများသည် သဘာဝအရင်းအမြစ်များအား အမြတ်ထုတ်ခြင်းခံရသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအား အန္တရာယ်ဖြစ်စေသော လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ခွင့်ပြုချက်များဖြင့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားသည်။

## ဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ

မြန်မာနိုင်ငံအစိုးရသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များဖြင့် ဖြေရှင်းနိုင်သော မြန်မာနိုင်ငံ၏ သစ်တောနယ်မြေဧရိယာများသည် ကွဲပြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ကြီးထွားလာမှုများကို လုံးဝ အသိအမှတ်ပြုသည်။

80 ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၇
81 ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၃

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် နိုင်ငံတကာ သဘောတူစာချုပ်ပေါင်း ၈၂ ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်များမှ ၇၂ ခုကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း ကျန် ၁၀ ခုအား အတည်ပြု လက်မှတ်ရေးထိုးခြင်း မပြုရသေးပဲ လက်မှတ်သာ ထိုးထားပါသည်။[82] မြန်မာနိုင်ငံသည် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာချုပ်စာတမ်းများ ဥပမာအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊ ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုအပေါ် စာချုပ်စာတမ်းမူဝါဒများ(UNFCCC)နှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိ မျိုးစိတ်များ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစာချုပ်စာတမ်းများ(CITES)၏ အဖွဲ့ဝင်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ဥပဒေများနှင့် မူဝါဒများသည် ၎င်းတို့အား လက်မှတ်ထိုး (သို့မဟုတ်) ထောက်ခံထားသော နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု(EIA) စနစ်များအပေါ် သက်ရောက်မှုရှိသည်။ ဤစကားရပ်အတွင်းရှိ စာချုပ်စာတမ်းများသည် အမျိုးအစား နှစ်မျိုးအဖြစ် ခွဲခြားထားသည်။ ပထမအားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု(EIA) အစီအစဉ်များနှင့် ချဉ်းကပ်မှုများအတွက် ပြန်လည်သက်ရောက်မှုရှိရန် လိုအပ်သော အရေးကြီးမူဝါဒများနှင့် ရှုထောင့်များ ချမှတ်ခဲ့သော စည်းနှောင်မှုမရှိသော စာချုပ်စာတမ်းများ ဥပမာအားဖြင့် ရီယိုကြေညာစာတမ်း(Rio Declaration)ရှိပါသည်။ ဒုတိယအားဖြင့်ကမ္ဘာလုံးဆိုင်ရာ (သို့မဟုတ်) ဒေသဆိုင်ရာအဆင့်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုနှင့်သက်ဆိုင်သော တရားဝင် စာချုပ်စာတမ်းများဖြစ်သည်။ ၎င်းစာချုပ်စာတမ်းများသည် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု(EIA) အစီအစဉ်များဖြင့် အကောင်အထည်ဖော်

[82] http://sedac.columbia.edu/entri/countryProfile/jsp?ISO=MMR

ဆောင်ရွက်ရမည့် စာချုပ်ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံအတွက် အမျိုးမျိုးသော တာဝန်ဝတ္တရားများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။[83]

ရီယိုကြေညာစာတမ်း၏ စည်းမျဉ်း(၁၇) သည် ပတ်ဝန်းကျင်အပေါ် သိသာထင်ရှား ဆိုးရွားစွာ သက်ရောက်မှုများ ဖြစ်နိုင်ခြေ အလားအလာရှိသော တင်ပြထားသည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရမည့် အမျိုးသားဆိုင်ရာ စာချုပ်စာတမ်းများအဖြစ် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု(EIA)ကို ရည်ညွှန်းဖော်ပြပါသည်။[84] သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်ဆီးဆုံးရှုံးမှုကို ခြိမ်းခြောက်နေမှုအတွက် ကြိုတင်ကာကွယ်ရန် ချဉ်းကပ်မှုများ လျှောက်ထားရန်လည်း ရည်ညွှန်းပါသည်။ ပြန်ပြင်၍မရသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့လျှင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကာကွယ်ရန် ထိရောက်သော ကုန်ကျစရိတ်များ ကောက်ခံရန်လိုပါသည်။[85] မြန်မာနိုင်ငံသည် Rio + 20 အစည်းအဝေးကို ရီယိုဒီဂျနေးရိုးတွင် ၂၀၁၂ ခုနှစ် ဇွန်လ ၂၀ ရက်မှ ၂၂ ရက်အထိ တက်ရောက်ခဲ့ပြီး တူညီသောရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် အစည်းအဝေးတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။[86]

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်များ၊ သတ္တုတွင်းထွက် အရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ စီမံခန့်ခွဲမှု၊ ငါးလုပ်ငန်းများ၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ထိခိုက်မှု မရှိစေသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ညစ်ညမ်းမှုပြဿနာများ၏ သက်ဆိုင်ရာ နယ်ပယ်များရှိ ပတ်ဝန်းကျင်ဆိုင်ရာ စာချုပ်စာ

83 Environmental Impact Assessment and Strategic Environmental Assessment: Towards an Integrated Approach, Hussein Abaza, DTIE-ETB, UNEP, 2004, P-47

84 Ibid, P-32

85 Principle 15 of Rio Declaration on Environment and Development 1992

86 http://sustainabledevelopment.un.org/rio20/futurewewant

တမ်းများ၏ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ဆောင်ရွက်ပါသည်။ အောက်ပါ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဥပဒေများကို လိုက်နာခြင်းအားဖြင့် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် လက်ခံသောမူဝါဒများ ဥပမာ- ကောင်းမွန်သော အိမ်နီးချင်းများ၊ ကြိုတင်ဆောင်ရွက်ချက်များ၊ ညစ်ညမ်းမှုအတွက် ပေးချေမှု၊ ကာကွယ်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ကြိုတင်သတိပေး သဘောတူချက်များ(PIC)ကို အမျိုးသားရေးဥပဒေနှင့် မူဝါဒများတွင်တွေ့နိုင်ပါသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်ရေး လုပ်ငန်းအဖွဲ့များ

မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များသည် ယေဘုယျအားဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်းထားသော သဘာဝပတ်ဝန်းကျင်ရေးရာအတွက် အမျိုးသားကော်မရှင်(NCEA)၏ လုပ်ပိုင်ခွင့်အောက်မှ ဆင်းသက်လာသည်။ အမျိုးသား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(NSDS) ကို ၂၀၀၉ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ ၎င်းကို ၂၀၀၂ ခုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး ကျင်းပပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်၏ ကျယ်ပြန့်သော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၉၂ ခုနှစ် ရီယိုဒီဂျနေရိုး၏ကမ္ဘာ့ထိပ်သီးအစည်းအဝေးကြီးတွင် ကမ္ဘာလုံးဆိုင်ရာ အာဂျန်ဒါ ၂၁ ကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ထောင်စုနှစ်ဆိုင်ရာ ရည်မှန်းချက်များ(MDGs) နှင့်အညီ ၂၀၁၀ ခုနှစ်တွင် ဖွံ့ဖြိုးစေရေးအတွက် ဆောင်ရွက်ရန် သဘောတူခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအတွက် လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းပေးသော အဖွဲ့ရှိသည်။ ၎င်းအဖွဲ့ကို သစ်တော၊ မိုင်းတူးဖော်ရေး၊ မိုးလေဝသ၊ ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ စက်မှုဇုန်ညှိနှိုင်းရေး၊ လျှပ်စစ်ဓာတ်အားစီမံ

ကိန်းရေးဆွဲခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနများနှင့် ဗဟိုစာရင်းအင်းအဖွဲ့အစည်းတို့၏ ဒါရိုက်တာများမှ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ဦးတည်သော တိုးတက်မှု မူဝါဒဘောင်နှင့် အရေးယူဆောင်ရွက်မှု အစီအစဉ်၊ အမျိုးသား ရာသီဥတုပြောင်းလဲမှု မူဝါဒ မဟာဗျူဟာ အရေးယူမှုအစီအစဉ်(၂၀၁၆-၂၀၃၀)၊ စွန့်ပစ်ပစ္စည်းစီမံမှု အမျိုးသား မဟာဗျူဟာအရေးယူမှုအစီအစဉ်(၂၀၁၇-၂၀၃၀)နှင့် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်(၂၀၁၈-၂၀၃၀)တို့ကို လုပ်ဆောင်ခဲ့သည်။

## နိဂုံး

မြန်မာအစိုးရသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ နည်းဥပဒေများ၊ မူဝါဒများနှင့် ဥပဒေများကို မူကြမ်းများရေးဆွဲပြီး သဘာဝပတ်ဝန်းကျင်အတွက် တာဝန်များကို ဖြည့်ဆည်းပေးခြင်း၊ ကော်မတီအခွဲများဖြင့် နည်းဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအား အကဲဖြတ်ဖော်ထုတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများအား တိုက်ရိုက်ခံစားနေရသော လူ့အဖွဲ့အစည်းများအား လုံလုံလောက်လောက်နှင့် အချိန်မီဆက်သွယ်ပေးခြင်းနှင့် ဆွေးနွေးပေးခြင်းတို့တွင် ပါဝင်ခြင်းတို့ကို ထောက်ပံ့ပေးထားပါသည်။ ပြည်တွင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်များသည် ရေရှည်တည်တံ့သော အခွင့်အရေးများနှင့် လုပ်ထုံးလုပ်နည်း အခွင့်အရေးများဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ရေရှည်တည်တံ့ခိုင်မြဲသည့် နည်းလမ်းဖြင့် အောင်မြင်စေရေးကို ရှေးရှုလျက် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများအား ထိခိုက်မှု လျော့နည်းစေရန် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေရှင်းဆောင်ရွက်ခြင်း၏ ဥပဒေရေးရာ ကုစားမှုများကို အထောက်အပံ့

ပေးရန် လိုအပ်နေသေးသည်။ သဘာပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်နေသော နေရာများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ တိုးချဲ့ရာတွင် မရှိမဖြစ် လိုအပ်ချက်များနှင့် အရေးကြီးသည့် အရာများလည်း ရှိပါသေးသည်။

## ကိုးကားချက်များ

### စာအုပ်များ


(၁) Burma's Environment: People, Problems, Policy, 2011

(၂) Forestry policies, legislation and institutions in Asia and the Pacific, Yurdi Yasmi, Jeremy Broadhead, Thomas Enters and Cole Genge, 2010

(၃) Hussein Abaza, Environmental Impact Assessment and Strategic Environmental Assessment: Towards an Integrated Approach, DTIE-ETB, UNEP, 2004

(၄) Interim Country Partnership Strategy: Myanmar, 2012-2014, Asia Development Bank, 2014

(၅) Joint Typhoon Warning Center (2008). "Cyclone Nargis Warning NR 023". Retrieved 2 May 2008

(၆) Peter Leimgruber, Forest Cover Change Patterns in Myanmar 1990-2000

## ဥပဒေများ

(၁) ၁၉၉၄ ခုနှစ် မြန်မာ့သစ်တောဥပဒေ

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ၏ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်ပါ အမိန့်ကြေညာစာအမှတ် ၂၆/၉၄

(၃) မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ၁၉၉၄

(၄) ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

(၅) ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ

(၆) ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ

(၇) ၂၀၁၃ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ

## သတင်းစာ

(၁) မြန်မာ့အလင်း သတင်းစာ၊ အတွဲ (၅၂)၊ အမှတ် (၁၆၃)
၂၀၁၃ ခုနှစ် မတ်လ ၁၂ ရက်

## ဝက်ဘ်ဆိုက်များ

(၁) http://tradingeconomics.com/myanmar/forest-area-sq-km-wb-data.html\

(၂) http://sedac.ciesin.columbia.edu/entri/countryProfile.jsp?ISO=MMR

(၃) www.earthrightsinternational.com

(၄) www.un.org/es/angenda/21/natlinfo/countr/myanmar/eco.htm

# သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များအား တရားမဝင် ကုန်ကူးခြင်းနှင့် ပတ်သက်သည့် အမှုများအား ဖြေရှင်းရန် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

**Marla Bu**

**Consultant in International Law**

## နိဒါန်း

မြန်မာနိုင်ငံသည် သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် နို့တိုက်သတ္တဝါမျိုးစိတ်(Megafauna) ၂၅၈ ခု၊ တွားသွားတိရစ္ဆာန်မျိုးစိတ် ၁၅၃ ခု၊ ငှက်မျိုးစိတ်(Avifauna) ၁၀၅၆ ခု၊ ရေချိုရေငန် ငါးမျိုးစိတ်(Piscifauna, Microfauna) ၇၇၅ ခုနှင့် သစ်ပင်ပန်းမန်မျိုးစိတ်ပေါင်း ၁၁၈၀၀ ခု ပါဝင်သည်။[87] အစိုးရဘက်မှလည်း ဤကျယ်ပြောသော မျိုးစိတ်များကို ကာကွယ်ရန်

[87] မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်များအား ကျူးလွန်သောပြစ်မှု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမြင့်ဆုံးတရားရုံး၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်။

ကြိုးစားနေသည့်အတွက် ၄၂ ခုသော ဇရိယာများအား ထူထောင်နိုင်ခဲ့သည်။[88] ဤ အခန်းကဏ္ဍတွင် သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များအား တရားမဝင် ကုန်ကူးခြင်း ကိုကာကွယ်ရန်နှင့် လိုက်နာဆောင်ရွက်ရန် တည်ဆဲဥပဒေအရ ချမှတ်ထားသော ပြဋ္ဌာန်းချက်များကို ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။ ထို့အပြင် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့် ပတ်သတ်သောကိစ္စရပ်များကိုလည်း ဤလက်စွဲ စာအုပ်တွင် ဆွေးနွေးထားပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အရေးပါမှုကို ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မီးမောင်းထိုး၍ တင်ပြထားပါသည်။ "သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်"[89]မှာ နိုင်ငံတော်အစိုးရ၏တာဝန် ဖြစ်သည့်အပြင် နိုင်ငံသားများအနေနှင့် နိုင်ငံတော်ကလုပ်ဆောင်သော (က)ယဉ်ကျေး မှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ)သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ခြင်း၊ (ဂ)လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရန်ဆောင်ရွက်ခြင်းနှင့် (ဃ)ပြည်သူ့ ဘဏ္ဍာကို ကာကွယ်စောင့်ရှောက်ခြင်း စသောလုပ်ငန်းများတွင် ပါဝင်ကူညီဆောင် ရွက်ကြရမည်ဖြစ်မည်။[90]

မြန်မာနိုင်ငံသည် ၎င်း၏ သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များအား ကာကွယ် ရန် မရှိမဖြစ်လိုအပ်ကြောင်း သင့်လျော်အောင် ပြုပြင်ပြောင်းလဲလာသည်နှင့်အညီ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပတ်ဝန်းကျင်ကို ကာကွယ်စောင့် ရှောက်ရန် ဥပဒေပြဋ္ဌာန်းချက်များ မြန်မာနိုင်ငံတွင် ရှိလာပြီဖြစ်သည်။ နိုင်ငံတော်သည်

[88] အခန်း (၁)နှင့် အခန်း (၂)တွင် ကာကွယ်ရေးဇရိယာအကြောင်းအား ဆွေးနွေးသွားမည်။
[89] ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၅
[90] ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၉၀

သဘာဝတရားနှင့် တောရိုင်းတိရိစ္ဆာန်အတွက် ပတ်ဝန်းကျင်၏ ကာကွယ်စောင့်ရှောက်မှုကို အတိုင်းအတာတစ်ခုအထိရရှိကြောင်း သေချာအောင်လုပ်ဆောင်ရန် ရည်စူးထားပါသည်။ မကြာသေးမီကပင် ယင်းကဲ့သို့ အားထုတ်မှုများတွင် ဒေသခံအဖွဲ့အစည်းများ ပါဝင်လာပြီး ၎င်းတို့၏ ပြဿနာများ၊ ဒွိဟများကို ဆွေးနွေးရန် ၎င်းတို့အားအခွင့်အလမ်းများဖြင့် ပေးအပ်ထားပါသည်။ သို့ရာတွင် သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များအား တရားမဝင်ကုန်ကူးခြင်းကို တိုက်ဖျက်ရာတွင် အောင်မြင်မှုရရှိသည်ဟုဆိုသော်လည်း စိန်ခေါ်မှုများစွာ ကျန်ရှိနေပါသေးသည်။

## အပိုင်း (၁) သစ်ပင်ပန်းမန်များ

### သစ်ပင်ပန်းမန်ဆိုသည်မှာ အဘယ်နည်း။

သစ်ပင်ပန်းမန်ဆိုသည်မှာ သဘာဝပထဝီဝင် အနေအထား၏ ဂေဟစနစ်အရ အုပ်စုလိုက် ပေါက်ရောက်လေ့ရှိသော ဒေသထွက်အပင်များကို ရည်ညွှန်းရာတွင် အသုံးပြုသော ဝေါဟာရဖြစ်သည်။ မြန်မာနိုင်ငံ၏ သစ်ပင်ပန်းမန်များသည် ထူးခြား၍ ဖော်ထုတ်နိုင်သော ဂေဟစနစ်အရ သစ်ပင်များ၊ အပင်များနှင့် ပန်းမန်များ ပေါက်ရောက်နေသည့် ပြည်နယ် ခုနှစ်ခုနှင့် တိုင်းဒေသကြီး ခုနစ်ခု၏ ပထဝီဝင်ဒေသများတွင်တည်ရှိသည်။ ၎င်းတို့သည် ဇရိယာ၏ မူလဇာတိအပင်များဖြစ်သည်။ ထိုအပင်များသည် ၎င်းတို့၏ သဘောသဘာဝအား အကျိုးသက်ရောက်မှုရှိသော ရာသီဥတုအခြေအနေ ပြောင်းလဲမှုအပေါ်မူတည်၍ နယ်မြေဒေသအမျိုးမျိုးတွင် ပေါက်ရောက်ပါသည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော သစ်ပင်ပန်းမန်မျိုးစိတ်များမှာ မြိဿလင် (Zingiberbarbatum)၊ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးတို့တွင်တွေ့ရှိရသော ဆေးဖက်ဝင်ဂျင်း (Strobilanthesdyeriana)၊ ရှမ်းပြည်နယ်တွင် တွေ့ရသော သစ်ခွမျိုးနွယ်ဝင် ပါရှားရှီး

(ခေါ်) အမြဲစိမ်း အပူပိုင်းချုံနွယ်ပင် (သို့မဟုတ် ) Pachystomanutans တို့ဖြစ်သည်။ ထို့အပြင် လမုပင်များ၊ ပင်လယ်ရေမျော်ပင်များနှင့် ပဲခူးတိုင်းဒေသကြီးတွင် တွေ့ရှိရတတ်သော စိမ်းပြာရေညှိများလည်း ပါဝင်သည်။ သစ်ပင်ထူထပ်မှု အရေတွက်သည် ကျယ်ပြောရှုပ်ထွေးလှပါသည်။ ယခုဖော်ပြထားသော အပင်မျိုးစိတ်များမှာ နိုင်ငံတော်၏ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားများထဲမှ ဥပမာအနေဖြင့် အနည်းငယ်မျှသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

## အပိုင်း(၂) တိရစ္ဆာန်များ

### တိရစ္ဆာန်များဆိုသည်မှာ အဘယ်နည်း။

တိရစ္ဆာန်များဆိုသည်မှာ ပထဝီဝင်နှင့်သက်ဆိုင်သော နယ်ပယ်ဒေသများအလိုက် မှီတင်းနေထိုင်ကြသော တိရစ္ဆာန်များကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တိရစ္ဆာန်များသည် ထူးခြား၍ ဖော်ထုတ်နိုင်သော ဂေဟာစနစ်အရ ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီး ခုနစ်ခုတွင် မှီတင်းနေထိုင်ကြသည်။

မြန်မာနိုင်ငံ၏ ထူးခြားထင်ရှားသော တိရစ္ဆာန်များမှာ ကျားများ၊ ပန်ဒါနီများနှင့် ဆင်များ၊ စူမားတြားနှင့် ဂျာဗားနွယ်ဝင်ကြံ့များ(Dicerorhinus sumatrensis, *Docerorhinus sondaicus*)၊ အင်ဒီးယန်းရေကျွဲများ(*Bubalus arnee*) (သို့မဟုတ်) အင်းမော်ဗင်တောင်တွင် ကျက်စားသော နှာခေါင်းလန်မျောက်များ(*Rhinopithecus strykeri*)တို့ ဖြစ်ပါသည်။ ငါးမျိုးစိတ်များတွင် ဧရာဝတီလင်းပိုင်များ(*Orcaella brevirostris*)နှင့် ငါးသလောက်များ ပါဝင်သည်။ တွားသွားတိရစ္ဆာန်များတွင် အသိအမှတ်ပြုရန် လိုအပ်လျက်ရှိသော မြန်မာ့ကြယ်လိပ်(*Geochelone platynota*)နှင့် ငှက်အမျိုးအစားများတွင် ဂျာဒိုးငှက်(*Pericrocotus albifrons*)၊ မြန်မာ့ဘီလုံးငှက်(*Mirafra microptera*)တို့ ပါဝင်ပြီး ယင်းမျိုးစိတ်များကို အင်းတော်ကြီး၊ ရမ်စာစိုက်နှင့် ယူနက်စ်ကို သက်ရှိသီးသန့်များ ရှာဖွေရာအဖွဲ့အစည်းတို့တွင် ရှင်သန်ကျက်စားလေ့ရှိသည်။

## လက်ရှိတောရိုင်းတိရစ္ဆာန်များအား တရားမဝင်ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းသည် မီလီယံ ဒေါ်လာပေါင်းများစွာ ရရှိနိုင်သော လုပ်ငန်းဖြစ်သည်။ တောရိုင်းတိရိစ္ဆာန်မျိုးစိတ်များနှင့် ၎င်းတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား ရောင်းဝယ်ခြင်းသည် အာရှတစ်ခွင်တွင် အထူးသဖြင့် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်များကြောင့် ကြီးမားသောဝယ်လိုအားဖြစ်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်များ ပေါကြွယ်ဝမှုကြောင့် မြန်မာနိုင်ငံသည် ကျား၊ ဆင်၊ သင်းခွေချပ် အပါအဝင် အခြားသောမျိုးစိတ်များ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား အမြတ်များသော ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်လိုသည့် ပိုင်နက်ကျူးကျော်၍ တိရစ္ဆာန်များအား ခိုးဖမ်းသူများ၏ ပစ်မှတ်ထားခြင်းကို ခံနေရသည်။ ရွှေတြိဂံနယ်မြေနှင့် ထိစပ်နေခြင်းကလည်း တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ ရွှေတြိဂံနယ်စပ်နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှဖြတ်၍ တရားမဝင် ကူးသန်းရောင်းဝယ်ရေးကို လွယ်ကူချောမောစေရန် ထောက်ပံ့ပေးနေသည်။

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ ပြဋ္ဌာန်းချက်[91]အရ အာရှကျားများနှင့် ဆင်များအား တရားမဝင်ရောင်းဝယ်ရန် အဓိက ပစ်မှတ်ထားခံရမှုကြောင့် ၎င်းအရေအတွက်မှာ သိသိသာသာကျဆင်းမှု ဖြစ်ပေါ်လာရသည်။ ယင်းကဲ့သို့သော အန္တရာယ်ကို ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါများမှာ အနက်ရောင်ကတိုးသမင်(*Moschus fuscus*)၊ တရုတ်နှင့် မလေးယန်း သင်းခွေချပ်များ(*Manis pentadactyla, javanica*)၊ ဝက်ဝံများ(*Healarctos malayans*)တို့ ဖြစ်ကြသည်။

[91] သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အစီရင်ခံစာ။
၂၀၁၄ ခုနှစ် မတ်လ၊ နေပြည်တော်

အဆိုပါ တောရိုင်းတိရစ္ဆာန်များအား ဘေးမဲ့ပေးရန် အစိုးရ၏ကြိုးပမ်းမှုသည် အချို့သော တိရစ္ဆာန်များတွင် တိုးတက်မှုများရှိလာပြီဖြစ်သော်လည်း စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးသည်။

## အပိုင်း(၃) ဥပဒေရေးရာမှုများ

### (က) မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာဥပဒေများ

အထွေထွေဥပဒေဆိုင်ရာမူကြမ်းကို အခန်း(၁)တွင်ဖတ်ရှု၍ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာမှုများ ဥပမာ- မျိုးသုဉ်းနိုင်ချေရှိသော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ ကုန်သွယ်မှုဆိုင်ရာကွန်ဗန်းရှင်း(ဝါရှင်တန်ကွန်ဗန်းရှင်း) (CITES) ကို အခန်း(၂)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ချမှတ်ထားသော သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ထုတ်ပြန်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

* သစ်တောဥပဒေ(၁၉၉၂)၊ ပို၍ ပြင်းထန်သော ပြစ်ဒဏ်များ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် ၁၅ နှစ်အထိချမှတ်ရန် ၂၀၁၈ တွင် စိစစ်ပြုပြင်ခဲ့သည်။
* ဆင်ထိန်းသိမ်းရေး အက်ဥပဒေ(၁၈၇၉)
* တောရိုင်းတိရိစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ(၁၉၃၆)
* ကာကွယ်စောင့်ရှောက်ခြင်းခံရသော တောရိုင်းတိရိစ္ဆာန်များစာရင်း(၁၉၉၄) (PLW)
* ထိန်းသိမ်းထားသော ဒေသများနှင့် တောရိုင်းတိရိစ္ဆာန်များဥပဒေ(၁၉၉၄) PWPAL
* သစ်တောညွှန်ကြားချက်များဆိုင်ရာအဖွဲ့အစည်း(၁၉၉၅) သစ်တောဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ပါဝင်အားဖြည့်သည်။

* ငါးမွေးမြူရေးဆိုင်ရာဥပဒေ(၁၉၈၉)
* ပိုးသတ်ဆေးဆိုင်ရာဥပဒေ(၁၉၉၀)
* ရေချိုငါးဆိုင်ရာဥပဒေ(၁၉၉၁)
* နိုင်ငံခြား ငါးဖမ်းရေယာဉ်များ၏ ငါးဖမ်းအခွင့်အရေးဆိုင်ရာဥပဒေ (၁၉၈၉, ၁၉၉၃ တွင်ပြင်ဆင်)
* မြန်မာနိုင်ငံ အဏ္ဏဝါငါးဖမ်းလုပ်ငန်းဥပဒေ (၁၉၉၀, ၁၉၉၃ တွင်ပြင်ဆင်)

ဤဥပဒေတွင် ငါးဖမ်းလုပ်ငန်းများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေအနေများ၊ တားမြစ်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ချမှတ်ခဲ့သည်။ ၁၉၉၃ ခုနှစ် ပြင်ဆင်ချက်သည် ၁၉၉၀ ပြည့်နှစ် ဥပဒေတွင် ဖော်ပြထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအတွက်လည်း အကျုံးဝင်သည်။

* မြန်မာ့သတ္တုတွင်းဆိုင်ရာ ဥပဒေ(၁၉၉၄)
* သီးနှံဖျက်ပိုး ပြန့်ပွားမှု ကာကွယ်ရေးဥပဒေ(၁၉၉၃, ၂၀၁၁ တွင်ပြင်ဆင်)
* ဓာတ်မြေသြဇာဆိုင်ရာဥပဒေ(၂၀၀၂)
* ဇီဝမျိုးကွဲနှင့် ထိန်းသိမ်းထားသောဒေသများ ကာကွယ်ရေးဥပဒေ(၂၀၁၈) တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်များနှင့် သဘာဝဇရိယာများ ကာကွယ်ခြင်းဆိုင်ရာ ဥပဒေအား အစားထိုးစည်းမျဉ်းစည်းကမ်း(၂၀၀၂)
* မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ပြီးသောဇရိယာများဥပဒေ ၂၀၁၈ ခုနှစ် မေလ ၂၁ ရက်တွင် ပြန်လည်စိစစ်ပြီး ထုတ်ပြန်ခဲ့သည်။
* သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေ(၂၀၁၂)နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(၂၀၁၄) ECL, ECR
* တိရိစ္ဆာန်များ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေ(၂၀၁၂) သစ်တောဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(၁၉၉၅)
* ရေအရင်းအမြစ်နှင့် မြစ်ချောင်းဆိုင်ရာဥပဒေ(၂၀၁၇)

* ထိန်းသိမ်းထားသော ဒေသများအား ခွဲခြားခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)
တောရိုင်းတိရစ္ဆာန်များ၊ အပင်များ၊ တောရိုင်း တိရစ္ဆာန်များ၊ ၎င်းတို့၏မျိုးနွယ်စုများနှင့် ထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားရေးကို နည်းစနစ်ကျအောင် ပြုလုပ်ပေးပြီး ထိန်းသိမ်းထားသော နယ်ပယ်ခုနစ်ခု (သိပ္ပံနည်းကျ ထိန်းသိမ်းထားသည့် မြေ၊ အမျိုးသားဥယျာဉ်၊ ပထဝီဝင်အနေအထားအရ သိသာထင်ရှားသောဒေသ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့ခွင့်၊ လူမှုအဖွဲ့အစည်း၏ ထိန်းသိမ်းခြင်းခံရသောဒေသ)

အထက်တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကျယ်ပြန့်သောဥပဒေများရှိသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသောကိစ္စများကို ဆောင်ရွက်ခြင်းကို လူထုနှင့်အတူ ထိန်းချုပ်သော်ငြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းအား စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဓိက ဥပဒေရေးရာမူမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ(၂၀၁၂) ဖြစ်သည်။ ဤဥပဒေသည် စီးပွားရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ကြောင်း သေချာစေရန် ခွင့်ပြုပေးသည့်စနစ်ကို တည်ထောင်ခြင်းအားဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍ၏ စည်းမျဉ်းစည်းကမ်းများအပေါ် လမ်းညွှန်ချက်များကို ချမှတ်ပေးပါသည်။ ယေဘုယျအားဖြင့် ကုမ္ပဏီများအားလုံး ၎င်းတို့၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို အကဲဖြတ်ရန် MONREC မှ ပြဋ္ဌာန်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု

(EIA)ကို[92] ခံယူကျင့်သုံးရမည်ဖြစ်သည်။ အကယ်၍ အတည်ပြုခဲ့ပါလျှင် ကုမ္ပဏီအား ဆက်လက် အလုပ် လုပ်ကိုင်နိုင်သော ငါးနှစ်အထိ အကျုံးဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေးစားလိုက်နာခြင်းလက်မှတ်(ECC)ကို ဝန်ကြီးဌာနမှ ထုတ်ပြန်ပေးသည်။

သဘာဝပတ်ဝန်းကျင်၊ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များအပါအဝင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်စေသည့် သဘာဝပတ်ဝန်းကျင်အား ဖြစ်ပေါ်စေသည့် ဆိုးကျိုး၊ အဆိုပါဆိုးကျိုးသည် ပရောဂျက်အား ဆောင်ရွက်သည့်သူများမှ ဆောင်ရွက်မှု (သို့မဟုတ်) မဆောင်ရွက်ခြင်း (သို့မဟုတ်) ပရောဂျက်၏ဒီဇိုင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဆောက်လုပ်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း (သို့မဟုတ်) ပိတ်သိမ်းခြင်း (သို့မဟုတ်) ထိုအရာများနှင့်သက်ဆိုင်သည့် ဆောင်ရွက်ချက်များမှ ဆိုးကျိုးများ ဖြစ်ပေါ်စေသည့်အခါ ဝန်ကြီးဌာနသည် ECC ကို ထုတ်ပေးမည်မဟုတ်ပါ။[93]

## ဦးဆောင်သည့် ဝန်ကြီးဌာန

၂၀၁၁ ခုနှစ်တွင် သစ်တောဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန(MOECAF)သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MONREC)ဟု ပြန်လည်ခေါ်တွင်ခဲ့ချိန်မှစတင်၍ မြန်မာနိုင်ငံ၏ သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၌ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

---

[92] MOECAF (2012) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
[93] အထက်ပါ ရည်ညွှန်းချက်အတိုင်း

ဝန်ကြီးဌာနတွင် အောက်ဖော်ပြပါဌာနများ ပါဝင်သည်။ ၎င်းတို့မှာ -

### (၁) စီမံကိန်းများနှင့် စာရင်းအင်းများ

ဝန်ကြီးဌာနမှာ တာဝန်ယူဆောင်ရွက်နေသော မူဝါဒများနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသည်။ ဤဌာနသည် စာရင်းဇယားများစုစည်းခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးမှတစ်ဆင့် မြန်မာနိုင်ငံ၏ လုပ်ငန်းဆောင်တာများကို မြှင့်တင်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သည်။

### (၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး

သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် နည်းဗျူဟာများ၊ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် တာဝန်ရှိပါသည်။

### (၃) သစ်တောရေးရာ

ဥယျာဉ်နှင့် ဘေးမဲ့တော ၂၀ ကို ထိန်းသိမ်းထားသော နယ်မြေများအဖြစ် တရားဝင်ကြီးကြပ်သော သဘာဝနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲ ရှိပါသည်။ မြန်မာနိုင်ငံ၏ သစ်တောများနှင့် သယံဇာတများကို ထိန်းထားနိုင်သော နည်းလမ်းများဖြင့် ကာကွယ်စောင့်ရှောက်ရေးအတွက် တာဝန်ရှိပါသည်။

### (၄) မြန်မာ့ကျွန်းသစ်လုပ်ငန်း

မြန်မာ့ကျွန်းသစ်ကို ခုတ်သိမ်းခြင်းနှင့် ကြီးကြပ်ခြင်းတွင် တာဝန်ယူထားပါသည်။

## (၅) အပူပိုင်းဇုန် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မြန်မာနိုင်ငံအလယ်ပိုင်းမှ အပူပိုင်းဇုန်များအား စိမ်းလန်းစိုပြည်ရေးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဧက သန်း ၂၀ ရှိသော ခြောက်သွေ့တောများအား ထိန်းသိမ်းရန် ရည်ရွယ်သည်။

## (၆) စစ်တမ်းဌာန

ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများကို ရေရှည်လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ကို မြေပုံချရာတွင် တာဝန်ရှိသည်။

မြန်မာနိုင်ငံ၏ အစိုးရနှင့်ဥပဒေရေးရာစနစ်၏ အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို အခန်း(၁) နှင့် (၂)တွင် အသေးစိတ် လေ့လာနိုင်ပါသည်။

MONREC ၏ တာဝန်နှင့် အာဏာများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ(၂၀၁၂)နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နည်းဥပဒေ(၂၀၁၄)တွင် ဖော်ပြထားသည်။ MONREC သည် ၎င်း၏ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ကို ဖြည့်ဆည်းရန်နှင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် အောက်ပါ ဝန်ကြီးဌာနများနှင့်လည်း လုပ်ကိုင်လျက်ရှိသည်။

- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန
- သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
- အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
- သတ္တုတွင်းဝန်ကြီးဌာန
- ကျန်းမာရေးဝန်ကြီးဌာန

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ(ECC)ကို ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာတွင် ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များကို ခိုင်မာစေရန်ရည်ရွယ်၍ စတင်ဖွဲ့စည်းခဲ့သည်။ MONREC ၏ ဝန်ကြီးက ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုဝန်ကြီးများက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းကို လိုက်နာရန်နှင့် အသိပညာပေးရေးအစီအစဉ်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မြှင့်တင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများကို အကဲဖြတ်ရာတွင် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်သည်။

ECC တွင် အလုပ်လုပ်သောကော်မတီ(WC) ငါးခုနှင့် အထူးတာဝန်တပ်ဖွဲ့(STF) ငါးဖွဲ့ပါဝင်သည်။

* မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ၊ (WC)
* စက်မှုလက်မှုလုပ်ငန်းရှင်များ စီမံကိန်း၊ မြို့ပြနှင့် ကျေးလက်ဒေသ(WC)
* သဘာဝအရင်းအမြစ်နှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး(WC)
* ရာသီဉတုပြောင်းလဲမှု လိုက်လျောညီထွေနှင့် ရွှေ့ပြောင်းနေထိုင်ခြင်း(WC)
* ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးရေးနှင့် အသိအမြင်မြှင့်တင်ခြင်း(WC)
* မြေယာအသုံးပြုမှု(STF)
* မြစ်များ၊ ချောင်းများနှင့် စိမ့်မြေများ(STF)
* စက်မှုဇုန်စီမံကိန်းများ၊ အကြီးစား စက်မှုလုပ်ငန်းများ၊ မြို့ပြနှင့် ကျေးလက်ဒေသများ(STF)

* သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ(STF)နှင့်
* သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ အသိပေးခြင်း

## *မြန်မာနိုင်ငံ တောရိုင်းတိရိစ္ဆာန်ဆိုင်ရာဥပဒေလိုက်နာခြင်း အထူးတပ်ဖွဲ့များ*

၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ တရားမဝင်ကုန်သွယ်ရေးကို တိုက်ဖျက်ချေမှုန်းရေး လုပ်ရှားမှုများကို အကောင်အထည်ဖော်ရန်နှင့် မျိုးသုဉ်းမှုအန္တရာယ် ကြုံတွေ့နေရသော အပင်များနှင့် တိရိစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည့် ဘက်ပေါင်းစုံစာချုပ်ဖြစ်သော မျိုးသုဉ်းလုနီးပါးမျိုးစိတ်များနှင့် သစ်ပင်ပန်းမန်များအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအပေါ် နိုင်ငံတကာသဘောတူညီချက်(CITES)ကို လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ တည်ဆဲဥပဒေ၏ လွတ်ပေါက်များအား ပိတ်ဆို့ပြီး မြန်မာနိုင်ငံအား တည်တံ့ခိုင်မြဲသော တရားဝင် တောရိုင်းတိရိစ္ဆာန်များအား ရောင်းဝယ်ရေးဆိုင်ရာ ဥပဒေအား ပေးအပ်ရန်ရည်ရွယ်သည်။

### *CITES*

CITES ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ မျိုးသုဉ်းအန္တရာယ် ကြုံတွေ့နေရသော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်မျိုးစိတ်များ ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်ပြီး အစိုးရများအကြား သဘောတူထားရှိသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ဖြစ်သည်။ ၎င်းသည် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သဘာတူညီချက်များတွင် အကြီးဆုံး အဖွဲ့ဝင်ဖြစ်ပြီး ယခုအခါ ပြည်နယ်အဖွဲ့ဝင်ပေါင်း ၁၈၃ ခု ရှိနေပြီဖြစ်သည်။

အပင်များအား ကုန်သွယ်ခြင်းသည် ပြည်တွင်းနယ်နိမိတ်များကို ဖြတ်ကျော်ရသောကြောင့် ယင်းအားထုတ်မှုကို အကောင်အထည်ဖော်ရန်နှင့် ၎င်းမျိုးစိတ်များ လွန်ကဲစွာ ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို လိုအပ်သည်။ ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ တောရိုင်းတိရိစ္ဆာန်များနှင့် အပင်မျိုးစိတ်များအား နိုင်ငံတကာတွင် ရောင်းဝယ်ကုန်သွယ်ခြင်းသည် ၎င်းတို့၏ရှင်သန်မှုအား ခြိမ်းခြောက်ခြင်းမရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်ဖြစ်သည်။ တောရိုင်းတိရိစ္ဆာန်များအား နိုင်ငံတကာတွင် ကုန်သွယ်ရောင်းဝယ်ခြင်းသည် နှစ်စဉ် ခန့်မှန်းခြေ ဘီလီယံ ဒေါ်လာတန်ပြီး အပင်မျိုးစိတ်များအား နိုင်ငံတကာတွင် ကုန်သွယ်ရောင်းဝယ်ခြင်းသည် မီလီယံ ရာချီတန်လျက်ရှိသည်။

ယနေ့တွင် CITES သည် မျိုးစိတ်ပေါင်းထောင်ချီသော အပင်များအား သက်ရှိ ဓာတ်ခွဲစစ်ဆေးရန် နမူနာများ (သို့မဟုတ်) ဆေးဖက်ဝင် အပင်ခြောက်များအဖြစ် ရောင်းဝယ်ခြင်းမှကာကွယ်ရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ အဖွဲ့ဝင်များသည် CITES စာရင်းဝင်မျိုးစိတ်များနှင့် ပါဝင်သော တရားမဝင် ရောင်းဝယ်ရေးအား ဖမ်းဆီးခြင်းဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို မည်သည့်နေရာတွင် မည်ကဲ့သို့ ဖမ်းဆီးခြင်းခံရသည်ဖြစ်စေ တင်ပြရသည်။

CITES အား ၁၉၆၃ ခုနှစ်တွင် (ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်း) IUCN အဖွဲ့ဝင်များ အစည်းအဝေးတွင် မူကြမ်းရေးဆွဲခဲ့ပါသည်။ CITES သည် အဖွဲ့ဝင်များအပေါ် တရားဝင် စည်းနှောင်အားရှိသော်လည်း နိုင်ငံတော်ဥပဒေများ၏ နေရာများအား အစားထိုးခြင်း မပြုနိုင်ပေ။ သို့သော်လည်း CITES သည် သဘောတူညီချက်အား နိုင်ငံတော်အဆင့်အထိ အကောင်အထည်ဖော်ခဲ့ကြောင်း သေချာစေရန်အတွက် မိမိကိုယ်ပိုင် ပြည်တွင်းဥပဒေပြဋ္ဌာန်းရသော အဖွဲ့ဝင်တစ်ဦးချင်းစီမှ လိုက်နာနိုင်ရန် မူဘောင်များကို ချမှတ်ပေးသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် CITES ၌ အသင်းဝင်ခဲ့ပြီး ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် သဘောတူညီစာချုပ်သည် နိုင်ငံတော် အတွင်းတွင်စတင်၍ အာဏာသက်ရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် (၅)ကြိမ်မြောက် အာဆီယံ တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ဥပဒေလိုက်နာခြင်းနှင့်စပ် လျဉ်းသည့် ကွန်ရက်များအစည်းအဝေးကို သဘာပတိအဖြစ် လက်ခံ၍ကျင်းပခဲ့ပါ သည်။

## *တိုးတက်မှုလက္ခဏာများ*

ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အများ ပြည်သူ နားလည်မှုများ တစ်စတစ်စကြီးထွားလာခြင်း၏ ကနဦးလက္ခဏာများရှိပါ သည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့(ဗိုလ်ချုပ်ဈေးနှင့် ရွှေတိဂုံ ဘုရား)၌ ဆင်စွယ်နှင့်တကွ အခြားတောရိုင်းတိရစ္ဆာန် ထုတ်ကုန်များအား ရောင်းချ ခြင်းကို ရပ်တန့်ရန် သဘောတူလိုက်ခြင်းတို့ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာ ယာရေးကော်မတီကလည်း TWT - Free Yangon အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားရန် သဘောတူလိုက်သည်။[94]

ထို့အပြင် တရားဥပဒေစိုးမိုးရေး အရာရှိများအားလည်း တရားမဝင်နည်းလမ်း များမှရရှိသော တောရိုင်းတိရစ္ဆာန်ထွက်ကုန်များကို ဖော်ထုတ်သိမ်းယူရန် လေ့ကျင့် သင်ကြားပေးလျက်ရှိပါသည်။ လတ်တလော ဥပဒေဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ထိန်းသိမ်းထားသော ဒေသများအား ကာကွယ်စောင့်ရှောက်ရေးဥပဒေ ၂၀၁၈ သည်

[94] WWF. Website : wwf.org.mm

MONREC အရ သစ်တောဌာနအား နည်းပညာပိုင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အများပြည်သူအတွက် ကာကွယ်ပေးထားသောဒေသဟု ခေါ်ဆိုသော ဒေသအတွက် စီမံခန့်ခွဲမှုအား အထောက်အကူပေးရန် လိုအပ်သော အဆိုပါဒေသအတွက် အမျိုးအစားအသစ်တစ်ခု သတ်မှတ်ပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးမှုများနှင့် အစီအစဉ်များမှ အကျိုးသက်ရောက်မှုရှိစေမည့် ဒေသခံ ပြည်သူများအတွက် စိုးရိမ်မှုအား ဖော်ပြထားပါသည်။

ယေဘုယျအားဖြင့် သစ်တောဦးစီးဌာန၏ အမိန့်ကြေညာစာအမှတ် ၅၈၃/၉၄[95] အရ မြန်မာနိုင်ငံ တောရိုင်းတိရိစ္ဆာန်များကာကွယ်ရေး အမျိုးအစားသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ -

အမျိုးအစား (၁) သစ်တောဦးစီးဌာနမှ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ထားသည့် မျိုးသုဉ်းတော့မည့် မျိုးစိတ်အမျိုးအစားများ ဖြစ်သော လုံးဝဉသုံ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ[96] ယင်းတွင် နို့တိုက်သတ္တဝါမျိုးစိတ် ၃၉ ခု၊ ငှက်မျိုးစိတ် ၅၀ ခုနှင့် တွားသွားသတ္တဝါနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၉ ခု ပါဝင်သည်။

အမျိုးအစား(၂) သစ်တောဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် မျိုးသုဉ်းရန်အန္တရာယ်ရှိ မျိုးစိတ်အမျိုးအစားဖြစ်သည့် ပုံမှန်အားဖြင့် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ[97] ယင်းတွင် နို့တိုက်သတ္တဝါမျိုးစိတ် ၁၂ ခု၊ ငှက်မျိုးစိတ် ၄၃ ခု၊ တွားသွားသတ္တဝါနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၆ ခု ပါဝင်သည်။

---

95 သစ်တောဌာန (၁၉၉၄)၊ သစ်တောဌာန အမိန့်ကြေညာစာအမှတ် ၅၈၃/၉၄ (၁၉၉၄)
96 ဇီဝမျိုးကွဲနှင့် ထိန်းသိမ်းထားသော ဒေသများ ကာကွယ်ရေးဥပဒေ (၂၀၁၈) အပိုဒ် ၂(ပ)
97 ဇီဝမျိုးကွဲနှင့် ထိန်းသိမ်းထားသော ဒေသများ ကာကွယ်ရေးဥပဒေ (၂၀၁၈) အပိုဒ် ၂(ဖ)

အမျိုးအစား(၃) သစ်တောဦးစီးဌာနမှ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ထားသည့် မျိုးသုဉ်းရန်အန္တရာယ်ရှိ မျိုးစိတ်အမျိုးအစားဖြစ်သည့် ရာသီအလိုက် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ[98] ယင်းတွင် နို့တိုက်သတ္တဝါမျိုးစိတ် နှစ်ခုနှင့် ငှက်မျိုးစိတ် ၁၃ ခု ပါဝင်သည်။

**မှတ်ချက်–** တိရစ္ဆာန်တစ်မျိုးမျိုးကို အထက်ပါ အမျိုးအစားတစ်ခုခုထဲသို့ မည်သည့်အခါတွင် ထည့်သွင်းနိုင်ကြောင်း သစ်တောဦးစီးဌာနက ဆုံးဖြတ်ချက်ချနိုင်ပါသည်။

လတ်တလော ဥပဒေဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ထိန်းသိမ်းထားသောဒေသများအား ကာကွယ်စောင့်ရှောက်ရေးဥပဒေ (၁၉၉၄)သည် တောရိုင်းတိရစ္ဆာန်များကာကွယ်ရေးနှင့် သဘာဝဒေသများကို စောင့်ရှောက်ရေးဆိုင်ရာဥပဒေ (၁၉၉၄)ကို ပယ်ဖျက်လိုက်ပါသည်။

## (ခ) နိုင်ငံတွင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ၎င်း၏ သယံဇာတများ၊ ဇီဝမျိုးကွဲများနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် အစဉ်အမြဲ သတိမူလျက်ရှိသည်။ မြန်မာနိုင်ငံ တောရိုင်းတိရိစ္ဆာန်ဆိုင်ရာ ဥပဒေလိုက်နာစေခြင်းဆိုင်ရာ အထူးတပ်ဖွဲ့များသည် နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း ကာကွယ်ထားသော

[98] ဇီဝမျိုးကွဲနှင့် ထိန်းသိမ်းထားသောဒေသများ ကာကွယ်ရေးဥပဒေ (၂၀၀၈) အပိုဒ် ၂(ဗ)

မျိုးစိတ်များအား ဒေသအတွင်း အထူးသဖြင့် တရုတ်နိုင်ငံမှ ဝယ်လိုအား များလျက်ရှိသဖြင့် ၎င်းတို့အား တရားမဝင် သတ်ဖြတ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းများအား အရေးယူဆောင်ရွက်မှုပြုရာတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။

ယခုစိန်ခေါ်မှုသည် မြန်မာနိုင်ငံတစ်ခုတွင်သာမက ၎င်း၏ အိမ်နီးချင်းနိုင်ငံများတွင်လည်း ယင်းကဲ့သို့ မျိုးသုဉ်းမှုအန္တရာယ် ကြုံတွေ့နေရသော မျိုးစိတ်များဖြစ်သည့် ကြံ့ချိုများနှင့် ဆင်စွယ်များကို မှောင်ခိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုများပြုရာတွင် အခက်အခဲများကို ကြုံတွေ့ရလျက်ရှိပါသည်။ နယ်နိမိတ်များ မလုံခြုံခြင်းနှင့် အရေးယူဆောင်ရွက်မှုများ မရှိခြင်းသည် မျိုးသုဉ်းမှုအန္တရာယ်ကြုံတွေ့နေရသော ရှားပါးမျိုးစိတ်များ၏ ဈေးကွက်မြင့်လာစေခြင်းကြောင့် မှောင်ခိုသမားများကို ဆွဲဆောင်လျက်ရှိသည်။ ထို့ကြောင့် ဒေသဆိုင်ရာအာဏာပိုင်များအတွက် ၎င်းတို့၏ မျိုးသုဉ်းလုအန္တရာယ် ကြုံတွေ့ရသော မျိုးစိတ်များကိုကာကွယ်ရန် အရေးယူဆောင်ရွက်မှုပြုရာတွင် ခက်ခဲစေသည်။

## အခန်း(၄) ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ရောင်းဝယ်ဖောက်ကားသူများအား မြန်မာနိုင်ငံ ဥပဒေစနစ်အရ အရေးယူရန် နည်းလမ်းများချမှတ်နိုင်သည်။




## အရေးယူနိုင်သော ပြစ်မှုများ

PWPAL ၏ အပိုဒ် ၃၆ အရ သတ်မှတ်ထားသောဒေသတွင် ခွင့်ပြုချက်မပါဘဲ ထိန်းသိမ်းကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များအား သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေခြင်းနှင့် ထိန်းသိမ်းကာကွယ်ထားသော အပင်ရိုင်းများအား နုတ်ယူခြင်း၊ စုဆောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းသည် မြန်မာနိုင်ငံ ဥပဒေအရ ပြစ်ဒဏ်အဖြစ်သတ်မှတ်ပြီး ထောင်ဒဏ် ငါးနှစ်အထိ (သို့မဟုတ်) ဒဏ်ငွေ ၃၀၀၀၀ ကျပ်အထိ (သို့မဟုတ်) နှစ်မျိုးလုံးဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည်။[99]

PWPAL ၏ ပုဒ်မ ၃၇ အရ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မပါရှိဘဲ လုံးဝထိန်းသိမ်းထားသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်း၊ အနာတရဖြစ်စေခြင်း (သို့မဟုတ်) တင်ပို့ခြင်းအား ထောင်ဒဏ် ခုနစ်နှစ်အထိ သို့မဟုတ် ဒဏ်ငွေ ၅၀၀၀၀ ကျပ်အထိ (သို့မဟုတ်) နှစ်မျိုးစလုံးဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည်။

[99] ဇီဝမျိုးကွဲနှင့် ထိန်းသိမ်းထားသော ဒေသများ ကာကွယ်ရေးဥပဒေ(၂၀၁၈)၏ သစ်ပင်ပန်းမန်များဆိုင်ရာ ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်များအား ပြင်ဆင်ပြဋ္ဌာန်းချက်အရ ဒဏ်ငွေ ၃၀၀၀၀ ကျပ်မှ ကျပ် ၁၀၀၀၀၀၀ (သို့မဟုတ်) ထောင်ဒဏ် ငါးနှစ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးဖြင့် အရေးယူနိုင်သည်။ (စာပိုဒ် ၄၀ ကို ကြည့်ရန်။)

## လက်တွေ့ရလဒ်များ

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မှတ်တမ်းတင်ထားသော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအား တရားမဝင်ရောင်းဝယ်ရေးဆိုင်ရာ အမှုပေါင်း ၁၄၃ ခုရှိသည်။ ယင်းအချိန်အတွင်းတွင်ပင် ဆင်သေကောင် ၄၁ ကောင် တွေ့ရှိမှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများရှိခဲ့သည်။

သစ်ပင်ပန်းမန်များဆိုင်ရာ ရာဇဝတ်မှုများကို တောရိုင်းတိရစ္ဆာန်များနှင့် ထိန်းသိမ်းထားသောဒေသများ ကာကွယ်ရေးဆိုင်ရာဥပဒေ (၁၉၉၄)အရ မြန်မာနိုင်ငံတရားရုံးများတွင် တရားစွဲဆိုလျက်ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အမှုပေါင်း ၂၉၄ မှု ရှိပါသည်။ ၎င်းတရားစွဲဆိုမှုများတွင် ၃၈ ရာခိုင်နှုန်းကို ထောင်ဒဏ်အဖြစ်၊ ၅၃ ရာခိုင်နှုန်းကို ငွေဒဏ်အဖြစ်နှင့် ၅၃ ရာခိုင်နှုန်းကို ဘဏ္ဍာငွေအဖြစ်၊ အမှုများ၏ ၁၈ ရာခိုင်နှုန်းမှာ တရားရုံးတွင် စီရင်နေဆဲ ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် တောရိုင်းတိရစ္ဆာန်များနှင့်စပ်လျဉ်းသည့် အမှုပေါင်း ၂၄၇ မှာ မြန်မာနိုင်ငံတရားရုံးများတွင် စွဲဆိုလျက်ရှိပြီး ၆၁ ဒသမ ၅ ရာခိုင်နှုန်းကို ထောင်ဒဏ်အဖြစ်၊ ၄၄ ဒသမ ၅ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ်၊ ၄၃ ရာခိုင်နှုန်းကို ဘဏ္ဍာငွေအဖြစ်နှင့် အမှုများ၏ ၁၃ ရာခိုင်နှုန်းမှာ တရားရုံးတွင် အမှုစွဲဆိုနေဆဲဖြစ်သည်။[100]

[100] မြန်မာနိုင်ငံ အမြင့်ဆုံးတရားရုံး။

| ဘဏ္ဍာနှစ် | အမှုများ(စုစုပေါင်း) | သိမ်းဆည်းရမိ ပစ္စည်းများ |
|---|---|---|
| ၂၀၀၈ - ၂၀၀၉ | ၃၄ | ပင်လယ်လိပ်နှင့် ကုန်းလိပ်များ၊ ဆင်သေများ၊ ဆင်စွယ်များ၊ ဆင်အရေခွံများ၊ ဆန်ဘားသမင်ချိုများ၊ ဆန်ဘားသခင်အရေခွံများ၊ ဂိုရယ်သမင်အရေခွံများ၊ မြွေများ၊ ငှက်များ၊ တောက်တဲ့များနှင့် သင်းခွေချပ်၏ အကြေးခွံများ |
| ၂၀၀၉ - ၂၀၁၀ | ၃၁ | ပင်လယ်လိပ်နှင့် ကုန်းလိပ်များ၊ ဝက်ဝံများ၊ ဝက်ဝံလက်သည်းများ၊ ဆင်စွယ်များ၊ ဆင်အရေခွံများ၊ ကျားစွယ်များ၊ ဆန်ဘားသမင်များ၏ ချိုများ၊ မြွေများ၊ ငှက်များ |
| ၂၀၁၀ - ၂၀၁၁ | ၃၀ | ပင်လယ်လိပ်နှင့် ကုန်းလိပ်များ၊ ဆင်စွယ်များ၊ ဆင်အရေခွံများ၊ သင်းခွေချပ်နှင့် သင်းခွေချပ်အရေခွံများ၊ ကျားစွယ်များ၊ ဆန်ဘားသမင်ချိုများနှင့် အရေခွံများ၊ မြွေများ၊ ငှက်များ၊ တောင်ကြောင်အရေခွံများ၊ ကြောင်ကတိုးအရေခွံ၊ မြွေဟောက်အရေခွံ၊ ရွှေကြောင်အရေခွံနှင့် ရုပ်လုံးသွင်းခြင်း၊ ရွှေကြောင်၊ အင်းကျားသစ်အရေခွံများ၊ ဂိုရယ်သမင်ဦးခေါင်းခွံနှင့် ချိုများ။ |
| ၂၀၁၁ - ၂၀၁၂ | ၂၁ | ဆင်များ၊ ဆင်စွယ်များ၊ ဆင်အရေခွံများ၊ ပင်လယ်လိပ်နှင့် ကုန်းလိပ်များ၊ သင်ခွေချပ်အခွံများ၊ ငှက်များ၊ ဆန်ဘားသမင်ချိုများ၊ မြွေများ၊ ဝက်ဝံရိုးများ၊ ဝက်ဝံများ၊ ဟော့ခ်သမင်သွားများနှင့် လက်လုပ်သေနတ်များ |
| ၂၀၁၂ - ၂၀၁၃ | ၅၉ | ဆင်များ၊ ဆင်စွယ်များ၊ ဆင်အရေခွံများ၊ ပင်လယ်လိပ်နှင့် ကုန်းလိပ်များ၊ သင်ခွေချပ်အခွံများ၊ ငှက်များ၊ ဆန်ဘားသမင်ချိုများ၊ ဂိုရယ်သမင်ချိုများ၊ မြွေများ၊ ဝက်ဝံရိုးများ၊ ဝက်ဝံများ၊ ဟော့ခ်သမင်သွားများ၊ လက်လုပ်သေနတ်များနှင့် သစ်ခွပင်များ |

အထက်ပါ ပြည်ထောင်စုတရားရုံးချုပ်၏ ဇယားအရ မြန်မာနိုင်ငံ၏ ဥပဒေစနစ်သည် မြန်မာနိုင်ငံ၏သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရိစ္ဆာန်များအား တရားမဝင် ရောင်းဝယ်နေသူများကို ဖမ်းဆီးရာတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း ထင်ရှားပေသည်။ တရားမဝင် မှောင်ခိုကူးခြင်းနှင့် ကူးသန်းရောင်းဝယ်ရေး လှုပ်ရှား

မှုများကို မှတ်တမ်းတင်ရန် ကျန်ရှိနေခြင်းကြောင့် ဥပဒေပြဋ္ဌာန်းမှုနယ်ပယ်သည် ခန့်မှန်းဖွယ်ရာကိစ္စရပ်ဖြစ်လာသည်။ အထက်ဖော်ပြပါဇယားတွင် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အကြား ဖမ်းဆီးရမိသော ပစ္စည်းများအား လေ့လာနိုင်သည်။[101]

## နိဂုံး

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ၏ သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များ ခေါင်းပုံဖြတ်ခြင်းမှကာကွယ်ရန် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များရှိကြောင်း ထင်ရှားပေသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အား တရားမဝင် ကူးသန်းခြင်းမှ ကာကွယ်ရာတွင် ပါဝင်ဆောင်ရွက်သော ဝန်ကြီးဌာနများလည်း ရှိပါသည်။ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် ဝန်ကြီးဌာနများ၏ တာဝန်ယူဆောင်ရွက်မှုများမှာ ချီးမွမ်းဖွယ်ရာဖြစ်သော်လည်း အတိုင်းအတာ တစ်ခုအထိရှိသော တာဝန်များကို ထပ်မံစိစစ်ရန် အခြားဌာနများသို့ လွှဲပြောင်းပေးအပ်ထားပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအား တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းအပေါ် အရေးယူဆောင်ရွက်ရေးအတွက် ဥပဒေများချမှတ်ရန်အလို့ငှာ လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဖွဲ့စည်းရန်အတွက် အခွင့်အလမ်းလည်း ရှိပါသည်။ ဥပဒေချိုးဖောက်မှုများအတွက် ငွေကြေးဆိုင်ရာ ဒဏ်ငွေများကို သက်ညှာထားသည်ဆိုသော်ငြား ဥပဒေများကို လွန်စွာယေဘုယျဆန်သော စကားရပ်များဖြင့်သာ ပြဋ္ဌာန်းထားပါသည်။ တရားမဝင် ရောင်းဝယ်ဖောက်ကားရေးမှ အမြတ်အစွန်းများမှာ ဥပဒေဆိုင်ရာ ပြစ်ဒဏ်များထက် အမြတ်အစွန်းများနေဆဲဖြစ်ပါသည်။

[101] Ibid

ယင်းတို့မှာ အစိုးရမှ ခေတ်နှင့်အညီ ဆောင်ရွက်သော အားထုတ်မှုများကို လုပ်ဆောင်နိုင်သော နယ်ပယ်များဖြစ်ပါသည်။ အချို့သောလိုအပ်ချက်များကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စိစစ်ပြင်ဆင်ခဲ့သော နိုင်ငံတော် ဇီဝမျိုးကွဲ မဟာဗျူဟာများနှင့်လုပ်ရှားမှု အစီအစဉ်များ(NBSAPs) တွင်တွေ့နိုင်သည်။ ယင်းတွင် ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ တည်ဆောက်ရန် မဟာဗျူဟာ အစီအမံများပါဝင်ပြီး အောင်မြင်ခြင်း ရှိ၊ မရှိကိုမူ အချိန်ကသာ စကားပြောပေလိမ့်မည်။

## အကိုးအကား

Ministry of Natural Resources and Environmental Conservation -

http://monrec.gov.mm/

Supreme Court of the Union of Myanmar -

http://www.unionsupremecourt.gov.mm/

Flora & Fauna International (FFI) -

https://www.fauna-flora.org/countries/myanmar

World Wide Fund for Nature (WWF) -

https://www.worldwildlife.org/

Myanmar Responsible Business (MCRB) -

https://myanmar-responsiblebusiness.org/

# ရေနှင့်လေထု ညစ်ညမ်းမှုထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံမှ ကျင့်သုံးသော ဥပဒေစနစ်

**William (BJ) Schulte, JD, LLM**
**Mekong Region Policy and Legal Advisor**
**Earth Rights International**

ရေနှင့်လေထု ညစ်ညမ်းခြင်းကို ကာကွယ်၊ ထိန်းချုပ်ရန်အတွက် မြန်မာနိုင်ငံမှ အတော်အသင့်အားကောင်းသော ဥပဒေ၊ စည်းမျဉ်း၊ လမ်းညွှန်ချက်များ ချမှတ်ထားပြီးဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ ပေါ်ပေါက်လာသော ဤစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော ပြည်ထောင်စုလွှတ်တော်(လွှတ်တော်)မှ ကျင့်သုံးသော လုပ်ငန်းတာဝန်များနှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။[102] ၂၀၁၂ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(ECL)ကို ဤတာဝန်များ အကောင်အထည်ဖော်ရန် ခွင့်ပြုလိုက်သည်။[103] ECL တွင် ပါဝင်သောနောက်ဆက်တွဲအရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး

[102] ၂၀၀၈ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅
[103] ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (ဥပဒေအမှတ် ၉/၂၀၁၂)

ဌာနမှ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် အတွက် စည်းမျဉ်း၊ စည်းကမ်းချက်များစွာကို ထုတ်ပြန်ခဲ့သည်။ လွှတ်တော်မှ လေထု ညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက် ပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး အခြားသော အရေးကြီးဥပဒေများကိုလည်း ပြဋ္ဌာန်းထားကြောင်း တွေ့ရှိနိုင်သည်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် မူဘောင်

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ(ECL)တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးနှင့်ပတ်သက်၍ ထိရောက်မှုရှိသော စံနှုန်းသတ်မှတ်မှုများ မပါဝင်ချေ။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန် အစိုးရမှ လိုက်နာ၍ အကောင်အထည်ဖော်ရန် လိုအပ်သောကိစ္စရပ်အားလုံး ပါဝင်သောမူကြမ်းကို ရေးဆွဲရန်ဖြစ်သည်။ ECL တွင် "လေထုညစ်ညမ်းမှု" နှင့် "လေထုညစ်ညမ်းမှု ဖြစ်စေသောအရာ" အစရှိသော ဝေါဟာရများကိုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "လေထုညစ်ညမ်းမှု"ဆိုသည်မှာ -

*". . . သဘာဝပတ်ဝန်းကျင်၏ အစိတ်အပိုင်းဖြစ်သော မြေထု၊ ရေထုနှင့် လေထုမှ ဆင့်ကဲပြောင်းလဲလာသော ရုပ်ဝတ္ထု၊ အပူ၊ ဓာတုဗေဒ (သို့မဟုတ်) ဇီဝဗေဒဆိုင်ရာ ဂုဏ်သတ္တိများ၏ တိုက်ရိုက် (သို့မဟုတ်) တဆင့်ပြောင်းလဲမှုများသည် ဤဥပဒေမှ ခွင့်ပြုထားသော အခြေအနေ၊ သတ်မှတ်ချက် (သို့မဟုတ်) တားမြစ်ချက်များကို ချိုးဖောက်သော အန္တရာယ်ရှိအရာများ၊ လေထုညစ်ညမ်းစေသောအရာများသို့ စွန့်ပစ်ပစ္စည်းများအား ထုတ်လွှတ်ခြင်း (သို့မဟုတ်) စွန့်ပစ်ခြင်း. . . "*[104]ဟုဖော်ပြထားသည်။

[104] ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂(c)

"လေထုညစ်ညမ်းစေသောအရာ"ကို *"... သဘာဝပတ်ဝန်းကျင်၏ တစိတ်တပိုင်း (သို့မဟုတ်) အခြေခံပါဝင်မှုများကို အကျိုးရှိစွာအသုံးပြုခြင်း၏ အရည်အသွေးကို တိုက်ရိုက် (သို့မဟုတ်) တစ်ဆင့်ခံအကျိုးသက်ရောက်မှုရှိသော (သို့မဟုတ်) အန္တရာယ်ရှိသော (သို့မဟုတ်) ကျန်းမာရေးကို ထိခိုက်စေနိုင်သော (သို့မဟုတ်) လေထုညစ်ညမ်းစေသောအစိုင်အခဲ၊ အရည် (သို့မဟုတ်) အငွေ့... "*ဟု[105] ECL မှ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤအသုံးအနှုန်းများကို အကျယ်တဝင့် ဖော်ပြခြင်းအားဖြင့် လေထုနှင့် ရေထု ညစ်ညမ်းစေသောအရာများကို ထိန်းညှိစေရန် အစိုးရအား လွတ်လပ်စွာ ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာကို အပ်နှင်းလိုက်သည်။ ECL ကိုအာဏာအပ်နှင်းခြင်း နောက်ဆက်တွဲအရ MONREC မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ[106]၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ[107]၊ အမျိုးသား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ[108]၊အသေးစိတ်ကို အောက်တွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

ECL ကို အကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိသော အစိုးရအဖွဲ့အစည်းမှာ MONREC ပင်ဖြစ်သည်။ ECL မှ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ(ကော်မတီ)[109]နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးဌာန(ECD)[110]" ဆိုသော အဖွဲ့အစည်းနှစ်ခု၏ လေထုညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသော အခန်းကဏ္ဍများအကြောင်း ဖော်ပြထားသည်။ ကော်မတီ

---

105 ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂(ဆ)
106 ၂၀၁၄ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ။ အမှတ် ၅၀/၂၀၁၄
107 ၂၀၁၅ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။ အမှတ် ၆၁၆/၂၀၁၅
108 ၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ
109 ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄
110 ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂(ဓ)

သည် MONREC နှင့် ECD ၏ကိစ္စရပ်များကို အကြံပေးအပ်သော အကြံပေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး ECD သည် MONREC မှချမှတ်ပေးသည့် အမျိုးမျိုးသော တာဝန်ရပ်များကို ဆောင်ရွက်ပေးအပ်သော MONREC အောက်ရှိ ဌာနတစ်ခုပင်ဖြစ်သည်။[111]

ECL ၏ ပုဒ်မ ၇ တွင် လေထုညစ်ညမ်းမှု ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် သက်ဆိုင်သော MONREC ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပုဒ်မ ၇(ဃ)တွင် *"ထုတ်လုပ်ခြင်း၊ စွန့်ပစ်ခြင်း၊ အညစ်အကြေးအစိုင်အခဲများ၊ ထုတ်လုပ်ခြင်း လုပ်ထုံးလုပ်နည်းဖြစ်စဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရည်အသွေးကို တိုးတက်အောင်ပြုစေသော ထုတ်ကုန်များအပါအဝင် ပတ်ဝန်းကျင်အရည်အသွေး စံနှုန်းများ အစရှိသည်တို့ကို လိုက်နာစေသည်။"* ထိုနည်းတူစွာ ပုဒ်မ ၇(ည)တွင် *"စက်မှုဇုန်များ၊ အခြားလိုအပ်သောနေရာများနှင့် အဆောက်အအုံများ၊ စက်ကိရိယာ၊ ယာဉ်များနှင့် ယန္တရားများ ထုတ်လုပ်မှုကို သက်ရောက်မှုရှိသော ကိုင်တွယ်မှုများကို ဖော်ပြထားသော စည်းမျဉ်းနှင့် သတ်မှတ်ချက်များ"* သည် MONREC နှင့် တိုက်ရိုက်သက်ရောက်မှုရှိသည်။ အဆိုပါ စည်းကမ်းသတ်မှတ်ချက်များတွင် "သဘာဝပတ်ဝန်းကျင် သက်ရောက်မှုကို ကုစားပေးသော"[112]၊ လေထုညစ်ညမ်းမှုကိုဖြစ်စေသော ပရောဂျက် (သို့မဟုတ်) လုပ်ဆောင်မှုများ ပါဝင်သည်။ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် သက်ရောက်မှု အကဲဖြတ်စနစ်တွင် အဓိကပါဝင်သော ပရောဂျက်နှင့် လုပ်ဆောင်မှုများတွင်ရှိရမည့် စံနှုန်းနှင့် အခြေအနေများကို MONREC မှ ECL ၏ ပုဒ်မ ၇(ဌ)အရ ချမှတ်ရန် တာဝန်ရှိသည်။

---

111 ၂၀၁၄ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ ပုဒ်မ ၂၃(ခ)
112 ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇(ဏ)

ပုဒ်မ ၇(ဂ) အရ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အတွက် MONREC အား စောင့်ကြည့်လေ့လာသော အစီအစဉ်များကို ချမှတ်ပြီး ကျင့်သုံးစေသည်။ ဤတာဝန်သည် ECL ၏ ပုဒ်မ ၁၃ တွင် ပို၍ အသေးစိတ်ကျစွာ အဓိပ္ပာယ်ဖွင့်ထားသည်။ ထို့မှတစ်ဆင့် ကော်မတီ၏ စောင့်ကြည့်မှုအောက်တွင် အမျိုးမျိုးသော လေထုညစ်ညမ်းမှုကိစ္စရပ်များကို "သေသေချာချာ စောင့်ကြည့်သောစနစ်"ကို တည်မြဲအောင် MONREC အား လုပ်ဆောင်စေသည်။ ထိုအရာများတွင် စိုက်ပျိုးရေး ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ စက်မှုလုပ်ငန်းအတွက် ညစ်ညမ်းမှုနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ကျောက်ထုတ်လုပ်သောကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများ ပါဝင်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သည့် စည်းမျဉ်းများ ပါဝင်သော လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချရန် လုပ်ဆောင်ရသော ကိစ္စများနှင့် အစီအစဉ်များမှာ ကော်မတီ၏ အတည်ပြုချက် ယူရမည်ဖြစ်သည်။[113]

ကော်မတီနှင့် ECD, ECL တို့သည် MONREC မှချမှတ်ထားသော လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို ဆောင်ရွက်ရမည့်အပြင် လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသော လူနှင့် အဖွဲ့အစည်းများအပေါ် အပြုသဘောဆောင်သော တာဝန်များ ပေးအပ်သည်။ ECL ၏ ပုဒ်မ ၁၄ အရ *"ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော၊ ညစ်ညမ်းရန် အဓိကလုပ်ဆောင်သော ပုဂ္ဂိုလ်သည် ထိုညစ်ညမ်းမှုဖြစ်စေသော ပစ္စည်းဥစ္စာများကို ဆက်ခံခြင်း၊ ထုတ်လွှတ်ခြင်းနှင့် စွန့်ပစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အရည်အသွေး စံနှုန်းများ ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။"* ပုဒ်မ (၁၅) အရ ပိုင်ရှင် (သို့မဟုတ်) စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသော ပစ္စည်း (သို့မဟုတ်) နေရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများအား စောင့်ကြည့်စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခြင်း၊ လျှော့ချ

[113] ၂၀၁၄ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ ပုဒ်မ ၁၆(က)

ခြင်း (သို့မဟုတ်) ဖယ်ထုတ်ခြင်းများအတွက် စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို တပ်ဆင်ခြင်း (သို့မဟုတ်) အသုံးပြုခြင်း (သို့မဟုတ်) ပစ္စည်းကိရိယာ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်။ အကယ်၍ ထိုဆောင်ရွက်များသည် လက်တွေ့အကောင်အထည် မဖော်နိုင်လျှင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာသည့် နည်းလမ်းများနှင့်အညီ စွန့်ပစ်ပစ္စည်းအား စွန့်ပစ်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ ECL အပြင် "သဘာဝနှင့် လူမှုပတ်ဝန်းကျင် ပျက်ဆီးခြင်း၊ ညစ်ညမ်းခြင်းနှင့် ဆုံးရှုံးမှုများ မဖြစ်နိုင်စေရန် ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံတကာတွင် အသုံးပြုသော အကောင်းဆုံး စံနှုန်းစံထားများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများနှင့် သက်ဆိုင်ရာ ဥပဒေများကို ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည်"ဟူသောအချက်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသည်။[114]

အထက်တွင်ပါရှိသည့် အရေးကြီးသော အချက်များနှင့် မေးခွန်းများ ECL ၏ ပုဒ်မနှစ်ခုတွင် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ပထမအချက်သည် ဤပုဒ်မနှစ်ခုတွင် ညစ်ညမ်းမှုကို အဓိကဖြစ်စေသော ရင်းမြစ်ကိုသာလျှင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ဥပဒေဘောင်တွင် "အဓိကအရင်းအမြစ်" အား ဖော်ပြထားခြင်း မရှိသော်လည်း အများအားဖြင့် ရေးဆိုးစီးဆင်းသည့် ပိုက်များကဲ့သို့သော ရေညစ်ညမ်းခြင်းဆိုင်ရာ ရင်းမြစ်များကို ခြားနားခြင်းနှင့် ခွဲခြားခြင်းများကို ရည်ညွှန်းမှုအား နားလည်ရန်နှင့် သာမန်အားဖြင့် ရေညစ်ညမ်းမှုဆိုင်ရာ ကိုးကားချက်တွင် အသုံးပြုသည်။[115] ဆန့်ကျင်ဖက်အနေဖြင့် ရေညစ်ညမ်းမှုကို မဖြစ်စေသော ရင်းမြစ်အား မြေယာမျောပါခြင်း၊ မိုးရွာခြင်း၊ Atmospheric Deposition၊ ရေဖောက်ထုတ်ခြင်း၊

---

[114] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အမှတ် ၆၀/၂၀၁၆(၂၀၁၆)၊ ပုဒ် ၆၅(ဆ)

[115] ဥပမာ အမေရိကန် ပြည်ထောင်စု သန့်ရှင်းသော ရေဆိုင်ရာအက်ဥပဒေတွင် "အဓိကအရင်းအမြစ်"ကို "ညစ်ညမ်းစေသော အရာများ စွန့်ပစ်နိုင်သော မည်သည့်ပိုက်၊ မြောင်း၊ ဥပင်၊ လိုဏ်ခေါင်း၊ လမ်း၊ ဥမင်တွင်း၊ တိရစ္ဆာန်အစာကျွေးခြင်း၊ ရေယာဉ် (သို့မဟုတ်) အခြားရေပေါ်ယာဉ်။ ဤဝေါဟာရသည် စိုက်ပျိုးရေး စွန့်ပစ်ရေများနှင့် ဆည်မြောင်းစိုက်ပျိုးရေးမှ ပြန်လည်စီးဆင်းသော ရေများ မပါဝင်ပါ" အမေရိကန်ပြည်ထောင်စု သန့်ရှင်းသော ရေဆိုင်ရာ အက်ဥပဒေ။ ပုဒ်မ ၅၀၅။

စိမ့်ထွက်ခြင်း (သို့မဟုတ်) ဇလဗေဒ ပြုပြင်မွမ်းမံခြင်းတို့မှ ဖြစ်ပေါ်လာသည့် ရလဒ်များဟု သာမန်အားဖြင့် သိရှိနားလည်ကြသည်။[116] ရေညစ်ညမ်းမှုကို မဖြစ်စေသောရင်းမြစ်၏ ဥပမာအနေဖြင့် စိုက်ပျိုးရေးနှင့် မိမိတို့နေအိမ်နှင့်ဆိုင်သော ဧရိယာများတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စိုက်ပျိုးသီးနှံ တောတောင်မြေများနှင့် ချောက်ကမ်းပါးတိုက်စားခြင်းတို့မှ မမှန်ကန်စွာ စီမံမှုများမှ နုန်းတို့ပါဝင်သည်။[117] ရေညစ်ညမ်းမှုကို မဖြစ်စေသော ရင်းမြစ်၏ သဘာဝကြောင့် ဤအရာသည် ဖော်ထုတ်ရန်နှင့် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရန်ခက်ခဲပေသည်။ ECL မှ ရေညစ်ညမ်းမှုကို မဖြစ်စေသော ရင်းမြစ်၏ အကြောင်းတရားအား အတိအလင်း ဖော်ပြခဲ့ခြင်းမရှိသော်လည်း MONREC မှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း[118]အရ လုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအရ ညစ်ညမ်းမှုနှုန်းများ သတ်မှတ်ထားသော စက်ရုံကို အသုံးပြုခြင်းများကဲ့သို့သော အဓိကမဖြစ်စေသာ ရင်းမြစ်များ လိုအပ်ခြင်းကို ပြုလုပ်နိုင်ရန် MONREC သည် အစဉ်အလာအရ အကောင်အထည်ဖော်လျက် ရှိခဲ့ပြီးဖြစ်သည်။[119]

ECL ၏ ပုဒ်မ ၁၅ နှင့်တကွ ပြုလုပ်ရန်လိုအပ်သည့် ဒုတိယအချက်တွင် ဖော်ပြထားသည်မှာ အကယ်၍ လက်တွေ့အကောင်အထည်ဖော်နိုင်လျှင် ညစ်ညမ်းမှုဖြစ်စေသာ အဓိကရင်းမြစ်ကို ဖော်ထုတ်နိုင်ရန် လုပ်ငန်းခွင်အတွင်း ညစ်ညမ်းမှုကိုထိန်းသိမ်းသောကိရိယာများကို အသုံးပြုပြီး ပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာသည့်နည်းလမ်းနှင့်အညီ အမှိုက်သရိုက်များကို စွန့်ပစ်ရာတွင် စီမံရမည်ဖြစ်သည်။ ဤစည်းကမ်းချက်

116 "ရေညစ်ညမ်းမှုကို မဖြစ်စေသော အရင်းအမြစ်ဆိုင်ရာ အခြေခံအချက်အလက်"
အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင်ထိန်း သိမ်းရေး အေဂျင်စီ
https://www.epa.gov/nps/basic-information-about-nonpoint-source-nps-pollution
117 အထက်တွင် ညွှန်းထားသည့်အတိုင်း
118 ၂၀၁၅ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ(၁)
119 ၂၀၁၅ ခုနှစ် သဘာဘပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ(၁)(၂-၂)

သည် ညစ်ညမ်းမှုကိုထိန်းချုပ်ရန် အသုံးပြုခြင်းသည် လက်တွေ့အကောင်အထည် မဖော်နိုင်လျှင် တိတိကျကျမည်ကဲ့သို့ ဆုံးဖြတ်မည်နှင့် ညစ်ညမ်းမှုနှင့် အမှိုက်သရိုက် စွန့်ပစ်ခြင်းတို့အတွက် "ပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာသည့်နည်းလမ်းများ"နှင့်အညီ ကျိုးကြောင်းညီညွတ်ရန် မည်သို့ဆုံးဖြတ်မည် စသည်တို့နှင့်သက်ဆိုင်သည့် မေးခွန်းများကို ဖြစ်ပေါ်စေသည်။ ထိုသို့ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ECD ကဲ့သို့ ထိန်းသိမ်းရန် အပ်နှင်းထားသောအဖွဲ့၏ အစိတ်အပိုင်း၌ ကုံလုံသောအချိန်နှင့် အရင်းအမြစ်များ သေချာပေါက် ပါဝင်သဖြင့် အချက်အလက်နှင့် အမှုကိစ္စများအပေါ် အခြေခံရန်လိုအပ်သည်။ ဤအကြောင်းအရာသည် အခြားသော မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘောင်အတွင်းရှိ ဧရိယာများတွင် သက်ရောက်လျက်ရှိသည်။ ဥပမာအားဖြင့် ဆိုသော် NEQG ၏ ပုဒ်မ ၃ တွင်ဖော်ပြထားသည်မှာ လမ်းညွှန်ချက်များကို အသုံးပြု၍ တည်ရှိပြီးသောစက်ရုံများတွင် လုပ်ငန်းခွင်ဆိုင်ရာ တိကျသောပစ်မှတ်များကို ပြီးမြောက်အောင်မြင်နိုင်ရန် သင့်လျော်သော အချိန်ဇယားဖြင့် တည်ထောင်နိုင်ခြင်းတို့ ပါဝင်သည်။ MONREC နှင့် ECD တို့သည် ယခုနှစ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှု စည်းကမ်းလိုက်နာမှုအတွက် များပြားသော တိုးတက်မှုများကို ၎င်းတို့၏ လုပ်နိုင်စွမ်း ခိုင်ခံ့စေရန် ပြုလုပ်ပြီးဖြစ်သော်လည်း တစ်ခါတစ်ရံတွင်မူ ၎င်းအရာများကဲ့သို့ ပြဋ္ဌာန်းချက်များကို လုံလုံလောက်လောက် အကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (EIA)ဖြင့် ညစ်ညမ်းမှုကို ထိန်းချုပ်သောလိုအပ်ချက်များအား ကျင့်သုံးခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုစံနှုန်းများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ်နှင့်အညီ အများအားဖြင့် စီမံကိန်းများနှင့် လုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် MONREC မှ အတည်ပြုခဲ့သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုစမ်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA Procedure) အား မြန်မာနိုင်ငံအတွင်းရှိ မည်သည့်စီမံကိန်းမဆို (သို့မဟုတ်) လုပ်ငန်းများတွက် ကျယ်ပြန့်စွာ အသုံးပြုပြီး ၎င်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများတွင် ဆိုးကျိုးများဖြစ်စေရန် အလားအလာရှိပေသည်။[120] EIA သည် စီမံကိန်းတစ်ခု (သို့မဟုတ်) လုပ်ငန်းစု၏ သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများ စွမ်းရည် (သို့မဟုတ်) အလားအလာရှိမှုတို့ကို ကြိုတင်ခန့်မှန်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ ထိုကဲ့သို့သော သက်ရောက်မှုများကို သင့်တော်သော စီမံချက်များနှင့် လျှော့ချခြင်းနှင့် ဖယ်ထုတ်ခြင်းများကို ဖော်ထုတ်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ EIA Procedure တွင် ပထမအဆင့်အနေဖြင့် စီမံကိန်းအဆိုပြုသူမှ လျှောက်လွှာတင်ခြင်း စိစစ်မှုကို တင်ပြခြင်းဖြစ်သည်။ ECD သည် စမ်းစစ်မှု လျှောက်လွှာတင်ခြင်းကို အခြေခံ၍ သင့်တော်သောအဆင့်ကို သတ်မှတ်မည်ဖြစ်သည်။ ပမာဏအားဖြင့်သော်လည်းကောင်း (သို့မဟုတ်) နယ်ပယ်အတိုင်းအတာအားဖြင့်သော်လည်းကောင်း သေးငယ်ပြီး စွမ်းဆောင်ရည်နိမ့်

[120] ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။ ပုဒ်မ ၃

သော စီမံကိန်းများသည် ကနဦး သဘာဝပတ်ဝန်းကျင် စိစစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုကို လိုအပ်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ ပိုမိုကြီးမား၍ စွမ်းဆောင်ရည်မြင့်သော စီမံကိန်းများမှာမူ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းကို အပြည့်အဝ စီမံရန်လိုအပ်ပေသည်။[121] IEE နှင့် EIA အမျိုးအစားစီမံကိန်းများသည် လေထုနှင့် ရေထု ညစ်ညမ်းခြင်းများလည်း ပါဝင်သော သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများကို လျှော့ချခြင်း (သို့မဟုတ်) ဖယ်ထုတ်ရာတွင် အသုံးပြုသည့် စီမံချက်များကို လျှော့ချခြင်းကိုဖော်ပြသည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီစဉ်အလိုက် တိုးတက်ပြောင်းလဲရန်လိုအပ်သည်။[122] ထို့အပြင် IEE နှင့် EIA နှစ်မျိုးစလုံးမှ စီမံကိန်းတွင် အသုံးပြုနိုင်သည့် အစိုးရမှချမှတ်ထားသည့် ညစ်ညမ်းမှုစံနှုန်းများနှင့် သက်ဆိုင်ရာ အစီရင်ခံစာများကို ဖော်ထုတ်သင့်သည်။[123]

IEE (သို့မဟုတ်) EIA ဖြင့် အစီရင်ခံမှု ပြီးစီးခြင်းအပေါ်တွင် စီမံကိန်းအဆိုပြုသူသည် ပြန်လည်ဆန်းစစ်ခြင်းနှင့် သဘောတူညီချက်ရရန်အတွက် ECD သို့ အစီရင်ခံစာ တင်ပြရမည်ဖြစ်သည်။ EIA စီမံကိန်းများအတွက်မူ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့သို့ ECD မှ ရှေးဦးစွာ ရရှိသည့် သဘောတူညီမှုကို သဘောထားသက်မှတ်ချက်နှင့် အကြံပြုချက်များအတွက် အစီရင်ခံစာ ပေးပို့သင့်သည်။[124] EIA Procedure ၏ စည်းကမ်းချက်များအရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ သုံးသပ်ရေးအဖွဲ့မှ EIA အစီရင်ခံစာအား ပြန်လည်စစ်ဆေး မေးမြန်းလာသောအခါ သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် ညစ်ညမ်းမှုအား ထိန်းချုပ်ရန် လိုအပ်ချက်များကို လုံလောက်စွာ ဖော်ထုတ်ခြင်းနှင့်

[121] EIA လုပ်ငန်းစဉ် ပုဒ်မ ၂၃
[122] EIA လုပ်ငန်းစဉ် ပုဒ်မ ၃၆ နှင့် ၆၃
[123] EIA လုပ်ငန်းစဉ် ပုဒ်မ ၃၆(ဇ)၊ ၅၉ နှင့် ၆၃
[124] EIA လုပ်ငန်းစဉ် ပုဒ်မ ၆၇(က)

ဖော်ပြခြင်းမရှိသော်လည်း အခြားအရာများအပေါ်တွင် ချင့်ချိန်ဆုံးဖြတ်ချက်များအရ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ထုတ်ဖော်ပြသင့်သည်။[125] အကယ်၍ ECD သည် IEE (သို့မဟုတ်) EIA အစီရင်ခံစာတွင် သက်ဆိုင်ရာလုပ်ငန်းစဉ်နှင့် ထိရောက်သော လိုအပ်ချက်များအားလုံး ပါဝင်လာပါက စီမံကိန်းအတွက် ECD သည် အစီရင်ခံစာကို ထောက်ခံခြင်းနှင့် တိုးတက်ပြောင်းလဲခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်အား ထုတ်ပြန်သွားမည်ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ

ECC ဆိုသည်မှာ ဥပဒေအရ အကျိုးသက်ရောက်မှုရှိသည့်အပြင် ECC အား ထုတ်ပြန်ရခြင်းအကြောင်းများဖြစ်သည့် စီမံကိန်းများ (သို့မဟုတ်) ပြုဖွယ်ဆောင်တာ အမှုကိစ္စများတွင် ချမှတ်ထားသော ဥပဒေအရ စည်းနှောင်မှု အရာအားလုံးပါဝင်သော စာရွက်စာတမ်း ဖြစ်ပါသည်။ EIA လုပ်ငန်း လုပ်ထုံးသည် စီမံကိန်း၏ ECC တွင်ရှိသော လေထု၊ မြေထုညစ်ညမ်းမှုနှင့် ပတ်သက်သော အခြေအနေအမျိုးမျိုးမှာ ဝန်ကြီးဌာန၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပါရန် တရားဝင်ခွင့်ပြုထားသည်။[126] ဥပမာ-ဝန်ကြီးဌာနများအနေဖြင့် အောက်ဖော်ပြပါ ထုတ်လွှင့်မှု အခြေအနေများအပေါ်တွင် ပြစ်ဒဏ်ချမှတ်ခွင့် ရှိပါသည်။ ၎င်းတို့မှာ “(က)ခွင့်ပြုမထားသော ထုတ်လွှင့်မှုများ၊ (ခ)အမျိုးအစားများ၊ အရာဝတ္ထုများ၊ ဝန်ပမာဏများ၊ ဒြပ်ပါဝင်မှုများ၊ နှုန်းထားများ၊

---

[125] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၆

[126] EIA လုပ်ငန်းစဉ် ပုဒ်မ ၉၁

အချိန်ပမာဏများ၊ ကာလကြာချိန် ကြိမ်နှုန်း၊ ဥတုရာသီနှင့် စီမံကိန်း ပြောင်းလဲတိုးတက် ဖြစ်ပေါ်မှု အဆင့်နှင့်ဆိုင်သော ထုတ်လွှင့်မှု ကန့်သတ်ချက်နှုန်းထား၊ (ဂ)ထုတ်လွှတ်မှု အမှတ်၊ (ဃ)ပုံစံနှင့် ကြားခံများ၊ (င)လက်ခံရရှိသူများ၊ (စ)သဘာဝပတ်ဝန်းကျင် အရည် အသွေး စံအပေါ် အကျိုးဖြစ်ထွန်းမှု၊ (ဆ)လေးစားလိုက်နာမှုကို သက်မှတ်ပေးသော စာရင်းဇယား နည်းလမ်းများ စသည်တို့ဖြစ်သည်။[127]" ဝန်ကြီးဌာနအနေဖြင့် ကုန်ထုတ် လုပ်ခြင်း (သို့မဟုတ်) ဆောက်လုပ်ခြင်းနည်းလမ်း (သို့မဟုတ်) စွန့်ပစ်ပစ္စည်း သိုလှောင် မှုနှင့် ထိန်းသိမ်းမှု အထောက်ပံ့များ၏ အကျိုးသက်ရောက်မှုများကို ကာကွယ်ရန် (သို့မဟုတ်) ညစ်ညမ်းမှုအန္တရာယ်ကို အနည်းဆုံးဖြစ်စေရန်နှင့်ဆိုင်သည့် အခြေအ နေများ[128]နှင့် ညစ်ညမ်းမှုကာကွယ်ရေး (သို့မဟုတ်) လုပ်ဆောင်ချက်များကို အနည်း ဆုံးဖြစ်အောင် လျှော့ချခြင်းနှင့်ဆိုင်သည့် အခြေအနေများပါသည့် ညစ်ညမ်းညမ်းမှု ကာကွယ်ရေးနှင့်ဆိုင်သော အခြေအနေများကို အထူးသဖြင့် စည်းကြပ်နိုင်ပါသည်။[129] နောက်ဆုံးအနေနှင့် ဝန်ကြီးဌာနအနေဖြင့် ECC တွင် လိုအပ်ချက်များဖြစ်သည့် စီမံ ကိန်းပိုင်ရှင်မှ ပေးဆောင်ရမည့် အခကြေးငွေများ (သို့မဟုတ်) ဝန်ကြီးဌာန၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအဖြစ် ပါဝင်ထောက်ပံ့မည့် အညစ်အကြေး ထုတ်လွှတ်မှုအတွက် အခကြေးငွေများတွင် ပါဝင်ဆောက်ရွက်ပိုင်ခွင့်ရှိသည်။[130]

လေနှင့်ရေ အညစ်ကြေးများ ထုတ်လွှတ်ခြင်းအတွက် ပြင်ဆင်မှု သတ်မှတ် ချက်များတွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီစဉ် စီမံကိန်းနှင့် ECC စီမံကိန်း နှစ်ခုစလုံးသည် NEQG ၏ နောက်ဆက်တွဲတွင် ပါဝင်သော အထွေထွေနှင့် သီးခြား စက်မှုလုပ်ငန်းမှ ထုတ်လွှတ်ခြင်း စံနှုန်းများတွင် ပါဝင်ခြင်းနှင့် ကျင့်သုံးခြင်းကို လုပ်

[127] EIA လုပ်ငန်းစဉ် ပုဒ်မ ၉၁(ဃ)
[128] EIA လုပ်ငန်းစဉ် ပုဒ်မ ၉၁(ဃ)
[129] EIA လုပ်ငန်းစဉ် ပုဒ်မ ၉၁(ဋ)
[130] EIA လုပ်ငန်းစဉ် ပုဒ်မ ၉၁(တ)

ဆောင်ရမည်ဖြစ်သည်။[131] NEQG သည်ထုတ်လွှတ်မှု ကန့်သတ်ခြင်းများတွင် "တည်ဆဲနည်းပညာနှင့် သင့်တော်သော ကုန်ကျစရိတ်များဖြင့် တည်ဆောက်ထားသော အဆောက်အအုံသစ်များ ဖြစ်နိုင်သည်ဟု ယေဘုယျသတ်မှတ်ခြင်း" ပါဝင်သည်ဟု ဖော်ပြထားပါသည်။[132] သို့သော် NEQG အား လက်ခံကျင့်သုံးနေသည့် အချိန်တွင် တည်ရှိပြီးသား စီမံကိန်းများအတွက် ဝန်ကြီးဌာနမှ "၎င်းလမ်းညွှန်ချက်များအား သင့်တော်သလို ထောက်ပံ့ခြင်းများထက် ပြေလည်သောအဆင့်များနှင့် လုပ်ဆောင်ချက်များ"အားကျင့်သုံးရန် ဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။[133] NEQG တွင် လမ်းညွှန်ချက်များ၏ ပုဒ်မ ၂ တွင် ပါဝင်သော တိကျသော စက်မှုလုပ်ငန်းစံနှုန်းများ၏ စာရင်းအပြည့်အစုံ၊ စံသက်မှတ်ချက်များ၊ ပါဝင်သော စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးနှင့် တိရစ္ဆာန်မွေးမြူရေး အခန်းကဏ္ဍများနှင့် ကုန်ထုတ်လုပ်မှုများ ပါဝင်သည်။ ၎င်းအခန်းကဏ္ဍများသည် သီးခြားစီမံကိန်းပုံစံဖြင့် ပေါ်ထွက်လာပါသည်။ ဥပမာ- ဓာတ်ငွေ့များ၊ အရည်နှင့် လောင်စာခဲများနှင့် ဇီဝလောင်စာနှင့် ရေနွေးငွေ့၊ အပူ (သို့မဟုတ်) ၎င်းတို့ပေါင်းစပ်ခြင်းမှ လျှပ်စစ် (သို့မဟုတ်) စက်ပစ္စည်းဆိုင်ရာ စွမ်းအင်သို့ လွှဲပြောင်းပေးအပ်ရန် ပုံဖော်ထားသော လောင်စာလောင်ကျွမ်းခြင်းဖြစ်စဉ်များ ပါဝင်သော အပူစွမ်းအင်စီမံကိန်းသည် NEQG နောက်ဆက်တွဲ ပုဒ်မ ၁ တွင် ပါဝင်သော ယေဘုယျထုတ်လွှတ်ခြင်း စံနှုန်းများနည်းတူ NEQG နောက်ဆက်တွဲ ပုဒ်မ ၂ (၁-၁)တွင် ပါဝင်သော အပူစွမ်းအင်လုပ်ငန်းများအတွက် သည်းခြားစက်မှုလုပ်ငန်း စံနှုန်းများကို ကျင့်သုံးရမည်ဖြစ်သည်။

---

131 ၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ။ ပုဒ်မ ၆
132 ၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ။ ပုဒ်မ ၃
133 ၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ။ ပုဒ်မ ၁၁

## စောင့်ကြည့်လေ့လာခြင်း၊ အစီရင်ခံခြင်းနှင့် ပြစ်ဒဏ်များ

ECC တွင် ညစ်ညမ်းမှုစံနှုန်းများကို ယေဘုယျဆိုင်ရာများနှင့် သီးခြားစက်မှုလုပ်ငန်း လမ်းညွှန်ချက်များအား NEQG တွင် ကျင့်သုံးခြင်းဖြင့် တည်ထောင်ထားသည်။ စီမံကိန်းဦးဆောင်သူသည် စီမံကိန်းပြုလုပ်မှုပုံစံနှင့် သက်ဆိုင်သော၊ မကောင်းသော အကျိုးသက်ရောက်မှုများအား အဆက်မပြတ် ပြည့်စုံစွာ စောင့်ကြည့်စစ်ဆေးခြင်းအတွက် ဌာနရမ်းရန်နှင့် ECC တွင်ရှိသော ညစ်ညမ်းမှုစံနှုန်းများကိုပါ လိုက်နာရန် တာဝန်ရှိသည်။[134] စီမံကိန်းဦးဆောင်သူသည် မည်သည့် ECC ၏ ညစ်ညမ်းမှုစံနှုန်းအား ချိုးဖောက်မှုမျိုးကိုမဆို နည်းလမ်းနှစ်မျိုးနှင့် အကြောင်းကြားရန် လိုအပ်ပါသည်။ ပထမအချက်အနေဖြင့် ဦးဆောင်သူသည် MONREC သို့ ချိုးဖောက်မှုအား သိရှိပြီး ခုနစ်ရက်အတွင်း စာဖြင့် ရေးသားအကြောင်းကြားရပါမည်။[135] သို့သော် ၎င်းချိုးဖောက်ခြင်းသည် ကြီးမားသော ဆိုးကျိုးများဖြစ်စေခြင်း (သို့မဟုတ်) ဝန်ကြီးဌာနမှ အရေးတကြီး ဂရုပြုခံရခြင်း (သို့မဟုတ်) လိုအပ်လျှင်သော်လည်းကောင်း စီမံကိန်းဦးဆောင်သူသည် ၂၄ နာရီအတွင်း MONREC သို့ အကြောင်းကြားစာ ပို့ရမည်ဖြစ်သည်။[136] ဒုတိယအနေဖြင့် စီမံကိန်းဦးဆောင်သူသည် အနည်းဆုံး ခြောက်လတစ်ကြိမ် (သို့မဟုတ်) မကြာခဏသော်လည်းကောင်း MONREC သို့ စစ်ဆေးမှုတင်ပြချက်များအား တင်ပြရမည်ဖြစ်သည်။[137] MONREC သို့ တင်ပြထားသော စစ်ဆေးမှု တင်ပြချက်များသည် သဘာဝပတ်ဝန်းကျင် သက်မှတ်ချက်များအား စုံစမ်းမှု အချက်လက်များနှင့် EMP မှ ချမှတ်ထားသော စည်းကမ်းချက်များ (သို့မဟုတ်) အခြားလိုအပ်ချက်များအားလုံး ပါ

[134] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၆ နှင့်
၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ပုဒ် ၁၂။
[135] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၇
[136] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၇
[137] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၈

ဝင်ရမည်ဖြစ်ပြီး[138] EMP နှင့် ECC တို့မှ ဦးဆောင်ချမှတ်ထားသော လိုက်နာမှုမှတ်တမ်းများနှင့် လိုက်နာမှုမရှိသော အခြေအနေများအား မှတ်တမ်းတင်ခြင်းလည်း ပါဝင်သည်။[139] ရှေးဦးစွာမှတ်သားရမည်မှာ ၎င်းစီမံကိန်းသည် EMP ရော ECC ပါဖြစ်ပြီး NEQG တွင် အထွေထွေသက်ဆိုင်မှုများနှင့် သီးခြားစက်မှုလုပ်ငန်း ညစ်ညမ်းမှုစံနှုန်းများလည်း ပါဝင်ပြီး ကျင့်သုံးရမည်ဖြစ်သည်။

နောက်ဆုံးအနေ ဖြင့်စီမံကိန်းဦးဆောင်သူ၏ တာဝန်များသည်ညစ်ညမ်းမှုစံနှုန်းများနှင့် လိုက်နာမှုမရှိသော ဖြစ်စဉ်များအပေါ် MONREC သို့ အစီရင်ခံစာ တင်ပြရမည်ဖြစ်ပြီး ကိုယ်ပိုင်စစ်ဆေးမှုများ ပြုလုပ်ရန်ဖြစ်သည်။ MONERC သည် ကျင့်သုံးနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့် စီမံကိန်းမှ လိုက်နာစေမှုများအား ဆုံးဖြတ်ချက်ချရန်နှင့် ထိန်ချုပ်ရန်အလို့ငှာ စီမံကိန်းများကို စောင့်ကြည့်ရန်နှင့် စစ်ဆေးရန် အခွင့်အာဏာရှိပါသည်။[140] MONREC သည်စီမံကိန်းအား ECC မှ ဦးဆောင်ချမှတ်ထားသော ညစ်ညမ်းသောဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းဆိုင်ရာ စံနှုန်းများ အပါအဝင် စည်းကမ်းချက်တစ်ခုခုအား လိုက်နာမှုမရှိခြင်းအား စစ်ဆေးပြီးလျှင် စီမံကိန်းဦးဆောင်သူအား “ပပျောက်ရေး လုပ်ဆောင်ချက်များအတွက် တာဝန်ယူရန်”၊ ဒဏ်ငွေပေးဆောင်ရန် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးသော်လည်ကောင်း ချမှတ်ရန် MONREC တွင်အာဏာရှိသည်။[141] စီမံကိန်းဦးဆောင်သူသည် ငွေဒဏ် (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်ခံရလျှင် ထပ်မံ၍ကုစားခြင်း၊ သန့်ရှင်းရေးနှင့် လျော်ကြေးငွေအတွက် ဝန်ကြီးဌာနမှ ကျသင့်သော ကုန်ကျစရိတ်များအား ပေးရမည်ဖြစ်သည်။[142]

[138] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၉(စ)
[139] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၀၉(က)နှင့် (ဃ)နှင့်
၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ပုဒ်မ ၁၂။
[140] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၁၁
[141] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၂၇
[142] EIA လုပ်ငန်းစဉ် ပုဒ်မ ၁၂၈

EIA ကျင့်ထုံး နောက်ဆက်တွဲ(၃)တွင် ချိုးဖောက်မှုပုံစံအမျိုးမျိုးနှင့် ၎င်းတို့၏ သက်ဆိုင်ရာ ပြစ်ဒဏ်ပမာဏများအတွက် အသေးစိတ်အချက်လက်ဇယား ပါဝင်သည်။

## နယ်နမိတ်သတ်မှတ်ချက်ကျော်ပြီး ညစ်ညမ်းစေခြင်းကို ဖြေရှင်းခြင်း

နောက်ဆုံးကိစ္စရပ်အား ညွှန်းရမည်ဆိုလျှင် နယ်နမိတ်စည်းကျော်ကာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေခြင်း ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ နယ်နမိတ်များသည် လေထုနှင့် ရေထုညစ်ညမ်းမှုများကိုပါ ကန့်သတ်ထားပါသည်။မြန်မာနိုင်ငံတွင်လည်း (ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို PDR နှင့် ထိုင်း) စသည့်နိုင်ငံငါးနိုင်ငံတို့ဖြင့် နယ်နမိတ် သတ်မှတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ နယ်နမိတ်သတ်မှတ်ချက်ကို ကျော်လွန်ပြီး လေထုနှင့် ရေထုအား ညစ်ညမ်းစေမှုအပြင် အခြား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအတွက် မြန်မာနိုင်ငံသည်လည်း တာဝန်ရှိသည်ဟူ၍ ဆုံးဖြတ်ထားသည်မှာ အရေးကြီးသော အချက်ဖြစ်သည်။ မြန်မာနိုင်ငံ အိမ်စောင့်ဥပဒေတွင်လည်း ၎င်းကိစ္စရပ်နှင့် ပတ်သက်၍ သတ်မှတ်ထားခြင်းများ မရှိပေ။ အကြောင်းမှာ နယ်နမိတ်သတ်မှတ်ချက်ကို ကျော်လွန်၍ ထိခိုက်ပျက်ဆီးစေမှုများအတွက် EIA ကျင့်ထုံး၏ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကန့်သတ်ချက် အပိုဒ် ၂၈ တွင် ECD မှ ရည်ရွယ်ထားသော စီမံကိန်းအဆင့် သုံးသပ်ချက်များကို စိစစ်သတ်မှတ် ပြသထားသော အချက်များထဲမှ တစ်ခုအဖြစ်ပြဌာန်းထားပါသည်။

နိုင်ငံများ၏ စီရင်ပိုင်ခွင့်ကြောင့် မိမိနိုင်ငံနယ်စပ် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်လာသောအခါ အခြားအိမ်နီးချင်းနိုင်ငံများ၏ အကြံပေးချက်များနှင့် ကြေညာချက်များမှတစ်ဆင့် နယ်စပ် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချရန်အတွက် အပြည်ပြည်ဆိုင်ရာဥပဒေသည် မြန်မာအပါအဝင် အခြားနိုင်ငံအားလုံးအတွက် ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တ

ရားသည် အမေရိကန်ပြည်ထောင်စုနှင့် နယ်နမိတ်ချင်းထိစပ်နေသော ဗြိတိသျှကိုလံဘီယာတွင်ရှိသော ခဲနှင့် သွပ် ကြိုချက်လုပ်ငန်းမှတစ်ဆင့် နယ်စပ်ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့်ပတ်သက်ပြီး အငြင်းပွားမှု ပေါ်ပေါက်ခဲ့မှုကြောင့် Trial Smelter Arbitration အမှုကို အစပြုခဲ့ပါသည်။[143] အဆိုပါအမှုအား ၁၉၄၁ ခုနှစ်တွင် ခုံရုံးအဖွဲ့မှ ဆုံးဖြတ်သည်မှာ မည်သည့်နိုင်ငံမှ အခြားနိုင်ငံ၏ နယ်နမိတ် (သို့မဟုတ်) ပစ္စည်း (သို့မဟုတ်) လူပုဂ္ဂိုလ်များအား အခိုးငွေ့များဖြင့် ညစ်ညမ်းထိခိုက်စေရန်အတွက် မိမိနိုင်ငံ၏ နယ်နိမိတ်အား အသုံးပြုခွင့် (သို့မဟုတ်) အသုံးပြုခွင့်ပေးနိုင်သည့် အခွင့်အရေးမရှိဟု ဆုံးဖြတ်ခဲ့သည်။[144] ထိုအချိန်မှစ၍ ဤမူသဘောတရားတွင် နိုင်ငံ၏ကျင့်သုံးမှု၊ ဘက်ပေါင်းစုံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာစီရင်ဆုံးဖြတ်ချက်များနှင့် ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ Rio ကြေညာစာတမ်းမှတစ်ဆင့် ရှင်းလင်းသည့် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားပေါ်ပေါက်ခဲ့သည်။ Rio ကြေညာချက်မူဝါဒ (၂)အရ နိုင်ငံများ၏ ကိုယ်ပိုင်စီရင်ခွင့် (သို့မဟုတ်) ထိန်းချုပ်မှုအောက်တွင်ရှိသည့် ဆောင်ရွက်ချက်တွင် အခြားနိုင်ငံ (သို့မဟုတ်) မိမိနိုင်ငံ၏ စီရင်ပိုင်ခွင့်အလွန်တွင် ရှိနေသော နယ်နိမိတ်များ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေရန် တာဝန်ရှိသည်။ မူဝါဒ(၁၈)အရ မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများသည် အခြားနိုင်ငံများသို့ ၎င်းနိုင်ငံများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော ဘေးအန္တရာယ်များ (သို့မဟုတ်) အရေးပေါ်ကိစ္စရပ်များကို အကြောင်းကြားရန်လိုအပ်ပါသည်။ နောက်ဆုံးတွင် မူဝါဒ(၁၉)အရ နိုင်ငံများအနေဖြင့် ထိခိုက်နစ်နာနိုင်ချေရှိသော သိသာထင်ရှားသည့် ဆိုးရွားသော နယ်

[143] ၁၉၄၁ ခုနှစ် 35 AJIL ၆၈၄
[144] ၁၉၄၁ ခုနှစ် 35 AJIL ၇၁၆

စပ်ဖြတ်ကျော် သဘာဝအကျိုးသက်ရောက်မှုရှိနေသော နိုင်ငံများအား ကြိုတင်အကြောင်းကြားခြင်းနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များ ထောက်ပံ့ခြင်းတို့ ပြုလုပ်ရမည် ဖြစ်ပြီးအစောပိုင်းအဆင့်သို့ ရောက်ရှိနေသော နိုင်ငံများနှင့် ယုံကြည်ချက်ရှိသော နိုင်ငံများနှင့်လည်း ဆွေးနွေးတိုင်ပင်ရမည် ဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံသည် လေနှင့် ရေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် မျှတကြံ့ခိုင်သော စနစ်တစ်ခုကို တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)နှင့် အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများအရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံတွင် လျှင်မြန်စွာ တိုးပွားလာသည်နှင့်အမျှ ဤစနစ်၏ ထိရောက်သော အကောင်ထည်ဖော်မှုသည် ဤဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့သော ပုံစံဖြင့် ဖြစ်ပေါ်စေပါသည်။

# ပတ်ဝန်းကျင်ဆိုင်ရာ အကျိုး သက်ရောက်မှုကို ဆန်းစစ်ခြင်းအတွက် မြန်မာနိုင်ငံတွင် ပူးပေါင်းပါဝင်မှု ယန္တရားများ

**Matthew Baird, BA, LLB**
**Director, Asian Research Institute for Environmental Law**
**Visiting Scholar, Vermont Law School Research Fellow,**
**Myanmar Centre for Responsible Business**

## အကျဉ်းချုပ်

ဤအခန်းတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုအတွက် ဥပဒေများတွင် ပါဝင်သော အဓိကပြဋ္ဌာန်းချက်များက ပေးအပ်ထားသော အခွင့်အလမ်းများအကြောင်း ဖော်ပြသွားမည်။ အများဆုံး သိသာထင်ရှားသော အခွင့်အလမ်းများသည် စီမံကိန်းများအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA)အနေဖြင့် ပါဝင်ပါသည်။ ၎င်းမှ ဤစီမံကိန်းကြောင့် အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်သော လူ့အဖွဲ့အစည်းနှင့် ဆွေးနွေးမှုများအား စီမံပေးပါသည်။

## နိဒါန်း

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အရေးကိစ္စများ၌ အများပြည်သူ ပါဝင်မှုနှင့်ပတ်သက်သော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများစွာ ရှိပေသည်။ ဤအခန်းတွင် အဓိကကျသော ဥပဒေပြဋ္ဌာန်းချက်များနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများ အနေဖြင့် မည်ကဲ့သို့ပါဝင်နိုင်သည်ကို ဖော်ပြထားသည်။ မြန်မာနိုင်ငံ အစိုးရအတွက် လူထု ပါဝင်ဆောင်ရွက်မှုသည် အယူအဆ အသစ်တစ်ရပ် ဖြစ်နေသေးသည်ကို မှတ်သားရပေမည်။

ယခုအခါတွင် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် ပြည့်စုံကောင်းမွန်သည့် အလေ့အထ စနစ်တစ်ခု ရှိနေပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA) အား ပြဋ္ဌာန်းပြီးချိန်မှစ၍ စီမံကိန်းအများစုသည် ပတ်ဝန်းကျင်နှင့် လူမှုထိခိုက်မှုဆန်းစစ်ချက်များကို လိုက်နာရသော လုပ်ငန်းစဉ်တစ်ခုရှိပေသည်။ သို့သော် ထိုလုပ်ငန်းစဉ်မှာ အသစ်ဖြစ်နေဆဲပင်ဖြစ်သောကြောင့် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အားနည်းမှုများလည်း များစွာရှိနေသေးသည်။ ဤအားနည်းချက်များမှာ EIA လုပ်ထုံးလုပ်နည်း တာဝန်များကို ထိရောက်စွာထမ်းဆောင်ရန် မြန်မာနိုင်ငံရှိ တာဝန်ရှိ အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ပိုင်းတွင်သာမက ရှုပ်ထွေးခက်ခဲသော စီမံကိန်းများကို စီမံခန့်ခွဲရန် ပုဂ္ဂလိကအခန်းကဏ္ဍ EIA အတိုင်ပင်ခံများ၏ စွမ်းဆောင်ရည်ပိုင်းတွင်လည်း ရှိပေသည်။

၂၀၁၂ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းချိန်မှစ၍ မြန်မာအစိုးရသည် စီမံကိန်းအများစုအတွက် ၂၀၁၆ ခုနှစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေ အပါအဝင် ပြည့်စုံသောဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ဤဥပဒေများသည် အသစ်ဖြစ်သည့်အလျောက် အကောင်အထည်ဖော်ခြင်းနှင့် အာဏာသက်ရောက်စေရန် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိပေသည်။

မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်းအတွက် EIA စနစ်တွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းများစွာရှိသော်လည်း ဤစနစ်သည် အသစ်ပင်ဖြစ်နေသေးပြီး နှေးကွေးစွာပင် အကောင်အထည်ဖော်နိုင်သည်။ ဤသည်မှာ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ [Project–Affected People (PAP)]အနေဖြင့် EIA လုပ်ထုံးလုပ်နည်းအောက်တွင် ၎င်းတို့၏ အခွင့်အရေးများကို အသုံးချရန် စွမ်းဆောင်ရည် အကန့်အသတ်များ ရှိနေသောကြောင့်ဖြစ်သည်။ ထိရောက်သော လူထုပါဝင်မှုရှိစေရန်အတွက် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် အများပြည်သူ ပါဝင်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုများနှင့် အထောက်အပံ့များ လိုအပ်ပေသည်။

## အထွေထွေ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် ဆန္ဒခံယူပွဲ ကျင်းပ၍ ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးစနစ်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များစွာ ပါဝင်ပေသည်။ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် နိုင်ငံတော်ကို အထောက်အကူပြုရန် တာဝန်ရှိပေသည်။

## မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်

၃၇။ နိုင်ငံတော်သည်

(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

(ခ) နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်။

(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင် လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ခွင့်ပြုရမည်။

၄၅။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် ထိန်းသိမ်းစောင့် ရှောက်ရမည်။

၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်။

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ

### ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ၂၀၁၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MONREC)၊ (ယခင် MOECAF)သည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA)ကို အကောင်အထည်ဖော်ရန် အခွင့်အာဏာနှင့် တာဝန်ရှိသော ဝန်ကြီးဌာနဖြစ်သည်။ ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေအရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA လုပ်ငန်းစဉ်) ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် EIA စနစ်တွင် လူထုပါဝင်မှုနှင့်စပ်လျဉ်း၍ လမ်းညွှန်မှု မူကြမ်းများကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ထိုလမ်းညွှန်မှုကြမ်းများမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အတည်ပြု မပြဋ္ဌာန်းရသေးပေ။

၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတွင် မြန်မာနိုင်ငံအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ခြုံငုံဖော်ပြထားသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ -

ပုဒ်မ ၃

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(င) သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

## (၂၀၁၆)ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် (၂၀၁၇)ခုနှစ် ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အားပေး၍ စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် မြှင့်တင်ပေးနိုင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အစိုးရအနေဖြင့် ချဉ်းကပ်ရန်အတွက် ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နောက်ဆက်တွဲ ၂၀၁၄ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့မှ အကောင်အထည် ဖော်ပေးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ထိခိုက်မှုများ မဖြစ်ပေါ်စေရန် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ ၂၀၁၄ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ၏ ပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး

သက်ရောက်မှုများအား ဆန်းစစ်ရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာကိုတင်ပြသည့်အခါ ကော်မရှင်မှ ထိုအဆိုပြုလွှာကို ရင်းနှီးမြှုပ်နှံမှု အဆိုပြုလျှောက်ထားလွှာတွင် EIA (သို့မဟုတ်) SIA မှ အစီအရင်ခံစာများ ပူးတွဲတင်ပြရမည်။ ထို့နောက် ထိုအဆိုပြုလျှောက်ထားလွှာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ပဏာမစိစစ်မှုအတွက် ပေးပို့ရမည်။ ယင်းကို ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ[145]နှင့် ၂၀၁၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ[146]တို့ဖြင့် အစားထိုးထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများစွာရှိပေသည်။ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၁၇ တွင် ကန့်သတ်ထားသော လုပ်ငန်းများနှင့် နိုင်ငံခြားသားများ (သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီများကို ဆောင်ရွက်ခွင့်မပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖော်ပြထားသည်။[147]

ရင်းနှီးမြှုပ်နှံမှုဥပဒေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကြီးကြပ်ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်များချမှတ်ပေးသည်။ ပုဒ်မ ၃၆ အရ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းများအပေါ် သိသာစွာ အကျိုးသက်ရောက်မှုများ ရှိနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA)ကို လုပ်ကိုင်ရန် လိုအပ်ပေသည်။ ၎င်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များသည် ၂၀၁၅ ခုနှစ် EIA နည်းဥပဒေအရ ညှိနှိုင်းဆွေးနွေးမှုနှင့် ပါဝင်လုပ်ဆောင်ချက်များ ပါဝင်ရမည်ဟု ညွှန်ပြနေသည်။

[145] ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀/၂၀၁၆။
၁၃၇၈ ခု သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်)
[146] စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇။
၁၃၇၈ ခု၊ တန်ခူးလဆန်း ၃ ရက် (၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်)
[147] နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲဖော်ပြထားသည်။

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်။

(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်။

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။

(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်။

(စ) နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်။

(ဈ) နိုင်ငံတကာ စံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

အခန်း(၁၆)တွင်လည်း ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပေသည်။ ပုဒ်မ ၆၅(ဆ)တွင် ရင်းနှီးမြှုပ်နှံသူသည် "မိမိ၏ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်"ဟု ဖော်ပြထားသည်။

နစ်နာသူတွင် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအတွက် ထိရောက်သော နစ်နာကြေး ပြန်လည်ပေးလျော်ခြင်း တာဝန်တစ်ရပ်အားလည်း ပြဋ္ဌာန်းချက်တစ်ရပ်အဖြစ် ပါရှိပါသည်။ "ခွင့်ပြုမိန့် (သို့မဟုတ်) အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ရမည်"ဟူ၍ဖြစ်သည်။[148]

၂၀၁၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ချပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူအား ၂၀၁၅ ခုနှစ် EIA လုပ်ငန်းစဉ်နှင့်အညီ လုပ်ကိုင်ရမည်ဆိုသည့် လိုအပ်ချက်ကို ကင်းလွတ်ခွင့်ပေးခြင်းမဟုတ်ဟူ၍ ရှင်းလင်းဖော်ပြထားသည်။

[148] ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅(ဏ)

၇၁။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်မှု ဆန်းစစ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ဆန်းစစ်ချက်တို့ကို ဆောင်ရွက်ရမည်။

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကျင့်သုံးမှုများကို ဖော်ပြထားသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် သဘာဝပတ်ဝန်းကျင် (သို့မဟုတ်) လူ့အဖွဲ့အစည်းအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖော်ပြထားသည်။ ယင်းတွင် လူဦးရေ အယောက် ၁၀၀ ခန့်အား ပြန်လည်နေရာချထားနိုင်ဖွယ်ရာရှိသော လုပ်ငန်းများလည်း ပါဝင်သည်။ ထိုရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတွင် အကြံပေးမှုအတွက် အသေးစိတ်လိုအပ်ချက်များမရှိပေ။

၅။ ဥပဒေပုဒ်မ ၃၆(ဂ)ပါ ပြဋ္ဌာန်းချက်အလို့ငှာ အောက်ဖော်ပြပါ သတ်မှတ်ချက် တစ်ခုခုနှင့် ကိုက်ညီမှုရှိလျှင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံ လူထုအပေါ် ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအဖြစ် မှတ်ယူရမည်။

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်း အမျိုးအစားဖြစ်ခြင်း (သို့မဟုတ်) ဖြစ်နိုင်ချေရှိခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများအရ သတ်မှတ်ထားသည့် (သို့မဟုတ်) အဆိုပြုထားသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာ၊ အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ (သို့မဟုတ်) ဂေဟစနစ်ဝန်ဆောင်မှုအား အထောက်အပံ့ပြုရန် အရေးပါသည်ဟု ရွေးချယ်သတ်မှတ်ခံထားရသည့် ဧရိယာများနှင့် ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှု အထိမ်းအမှတ်နှင့် မပြုမပြင်ဘဲ သဘာဝအတိုင်း တည်ရှိနေသော ဧရိယာများတွင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း။

(ဂ) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် အသုံးပြုမည့်မြေ (သို့မဟုတ်) ငှားရမ်းသည့်မြေသည်

(၁) တည်ဆဲဥပဒေများနှင့်အညီ လျော်ကြေးပေး၍ သိမ်းယူခြင်း (သို့မဟုတ်) နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူခြင်း (သို့မဟုတ်) လျော်ကြေးပေး၍ သိမ်းယူခြင်း (သို့မဟုတ်) နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူရန် ကြိုတင်သဘောတူညီချက်ဖြင့် ပြုလုပ်ခြင်းနှင့် ထိုကဲ့သို့ သိမ်းယူခြင်းကြောင်း ယင်းမြေ၌ အမြဲတမ်းနေထိုင်သူဦးရေ အနည်းဆုံး ၁၀၀ ယောက် (သို့မဟုတ်) မြေ ၁၀၀ ဧက အထက်အား ပြန်လည်နေရာချထားပေးရန် လိုအပ်ခြင်း။

(၂) မြေတွင် နေထိုင်ခွင့် (သို့မဟုတ်) မြေအသုံးပြုခွင့်အား ဧက ၁၀၀ ထက်ပို၍ ရယူရာတွင် မြေတွင်နေထိုင်ခွင့် (သို့မဟုတ်) မြေအသုံးပြုခွင့် ရှိသူတို့မှ အတင်းအကြပ် ပိတ်ပင်ခြင်းဖြင့် ဥပဒေအရ အသုံးပြုခွင့်ရှိသော ပုဂ္ဂိုလ်အား ဆုံးရှုံးမှု ဖြစ်ပေါ် စေနိုင်ခြင်း။

(၃) မြေတွင် နေထိုင်ခွင့် (သို့မဟုတ်) မြေအသုံးပြုခွင့်အား ဧက ၁၀၀ ထက်ပို၍ ရယူရာတွင် ပုဂ္ဂိုလ်တစ်ဦးက ရိုးဖြောင့်သော သဘောဖြင့် တရားစွဲဆို တောင်းဆိုခြင်း (သို့မဟုတ်) မြေ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ဖြစ်နေခြင်းတို့ကြောင့် အဆိုပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပဋိပက္ခဖြစ်စေနိုင်ခြင်း (သို့မဟုတ်)

(၄) မြေတွင် နေထိုင်ခွင့် (သို့မဟုတ်) မြေအသုံးပြုခွင့်ကြောင့် လျှောက်ထားချိန်တွင် စိစစ်ခွင့်ရှိသည့် အဖွဲ့အစည်းက စိစစ် ထားသည့် မြေတွင်နေထိုင်သူဦးရေ အနည်းဆုံး ၁၀၀ ယောက် အား ယင်းမြေတွင် ဆက်လက်နေထိုင်ခြင်းဖြင့် အခြားသော ဆိုးကျိုး သက်ရောက်စေနိုင်ခြင်း။

## ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေ

အထူးစီးပွားရေးဇုန်များ(SEZs)ကို မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအောက်တွင်အုပ်ချုပ်၍ အစိုးရကို SEZs ဖွဲ့စည်းရန် အခွင့်အာဏာပေးထားသည်။ ထိုဥပဒေ အခန်း (၈) တွင် SEZ ဧရိယာများတွင် လုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများကို ဖော်ပြထားသည်။[149]

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအား အတိအကျ ညွှန်းထားပါသော်လည်း ၎င်းဥပဒေ၏ ပြဋ္ဌာန်းချက်များကိုသာ ကျင့်သုံးရမည် ဖြစ်သည်။

> ၃၅။ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပါ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာရမည့်အပြင် လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ မရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

ဤလိုအပ်ချက်အရ အထူးစီးပွားရေးဇုန်နှင့် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို အတိအကျ လိုက်နာရန် လိုပေသည်။

[149] ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ ပုဒ်မ ၂၉။

၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန် ဥပဒေသည် ၂၀၁၁ ခုနှစ် အထူးစီးပွားရေးဇုန် ဥပဒေ၏ ပြဋ္ဌာန်းချက်များ၌ အခြားသော စည်းမျဉ်းလိုအပ်ချက်များနှင့် ကိုက်ညီရန်အတွက် အစားထိုး ပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။

၈၅။ အထူးစီးပွားရေးဇုန်တွင် နေထိုင်သော ရင်းနှီးတည်ဆောက်သူ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူနှင့် ယင်း၏ အလုပ်သမားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်တို့သည် ဤဥပဒေပြဋ္ဌာန်းချက်များအပြင် မြန်မာနိုင်ငံ၏ အခြားတည်ဆဲဥပဒေများကိုလည်း လိုက်နာကြရမည်။

ဆိုလိုသည်မှာ အထူးစီးပွားရေးဇုန်တွင်ရှိသော မည်သည့် စီမံကိန်းမဆို ၂၀၁၅ ခုနှစ် EIA လုပ်ထုံးလုပ်နည်းတွင် ပါရှိသော လူထုပါဝင်မှု ပြဋ္ဌာန်းချက်ကို လိုက်နာရန် လိုခြင်းဖြစ်သည်။

## မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်သော နိုင်ငံတကာအခြေခံမှုများ

### ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာကြေညာစာတမ်း

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း၌ လက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း ၁၄၄ နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပေသည်။ ဤလူ့အခွင့်အရေးစာချုပ်စာတမ်းကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံတွင်ရှိသော ဌာနေတိုင်းရင်းသားများ၏ အခြေနေများကို မြှင့်တင်ရာရောက်ပေလိမ့်မည်။ ပဋိညာဉ်ပါ အပိုဒ်(၃၂)တွင် တိုင်းရင်းသားလူမျိုးတို့၏ ကြိုတင်ညှိနှိုင်း ဆွေးနွေးတိုင်ပင်နိုင်ခွင့် (FIPC) များအကြောင်းကို ဖော်ပြထားသည်။

*“နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသား လူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့် သဘာဝ သယံဇာတပစ္စည်းများကို နိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်လိုပါက ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဆွေးနွေး၊ ညှိနှိုင်းတိုင်ပင်ရမည်။”*

တိုင်းရင်းသားလူမျိုးတို့ကို အတင်းအကျပ် နေရာချထားခြင်းနှင့် FPIC လိုအပ်ချက် အပိုဒ် (၁၀)နှင့် မြေယာနှင့်ပတ်သက်သည့် ရပိုင်ခွင့်များ အပိုဒ် (၂၆)တို့သည်လည်း မြန်မာ ဌာနေတိုင်းရင်းသားလူမျိုးတို့အတွက် သက်ဆိုင်သော အပိုဒ်များပင်ဖြစ်သည်။

၎င်းကို မြန်မာဥပဒေထဲတွင် ထည့်သွင်း မဖော်ပြရသေးပေ။ ၂၀၁၅ ခုနှစ် EIA လုပ်ထုံးလုပ်နည်း (အောက်ပါအတိုင်း)တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ပါဝင်ပေသည်။ သို့သော် ၂၀၁၇ ခုနှစ်အထိ သဘောဆန္ဒမပါသော ပြန်လည်နေရာချထားမှုနှင့် ပတ်သက်သော လုပ်ငန်းစဉ် မရှိသေးပေ။

၇။ အိမ်ရာပြောင်းရွှေ့ရမှု (သို့မဟုတ်) တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ဆိုးကျိုး သက်ရောက်မှု ရှိနိုင်သော စီမံကိန်းများဆိုင် သီးသန့်ကိစ္စများနှင့် စပ်လျဉ်း၍ သီးခြားလုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်းမပြုမီ အိမ်ရာပြောင်းရွှေ့ ရမှု (သို့မဟုတ်) တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ထိခိုက်မှုရှိနိုင်သည့် စီမံ ကိန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများက သီးခြားထုတ်ပြန်သည့် လုပ် ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ သီးခြားလုပ်ထုံးလုပ် နည်းများ မရှိလျှင် ယင်းစီမံကိန်းအားလုံးသည် ကမ္ဘာ့ဘဏ်အုပ်စု၊ အာရှဖွံ့ဖြိုး ရေးဘဏ် အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများက လက်ခံထားသော ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှုနှင့် တိုင်းရင်းသားမျိုး နွယ်စုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာ ဆောင်ရွက်ရမည်။

များသောအားဖြင့် ထိခိုက်မှုရှိသော လူများနှင့် လူ့အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရာတွင် အဆိုပါလျှောက်ထားချက်များသည် နိုင်ငံတကာ စံနှုန်းများ နှင့် ကိုက်ညီမှုရှိရန်လိုအပ်သည်။ လက်ရှိတွင်မူ မြန်မာနိုင်ငံတွင် လုပ်ထုံးလုပ်နည်းများ မရှိသေးပေ။

# မြန်မာနိုင်ငံဥပဒေအရပူးပေါင်းဆောင်ရွက်မှုအတွက် ဥပဒေဆိုင်ရာအစီအစဉ်များ

## ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံလုပ်ငန်းများ ခွင့်ပြုခြင်းနှင့်ပတ်သက်သော အဓိကကျသော ယန္တရားမှာ EIA စနစ်ဖြစ်ပေသည်။ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပုဒ်မ ၁၅ တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(MONREC)သည် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)တို့ကို သုံးသပ်စိစစ်ခြင်းအတွက် သီးသန့်အခွင့်အာဏာရှိသည်ဟု ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် မြန်မာနိုင်ငံရှိ EIA နှင့် IEE ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည် (ပုံ-၁ ကိုကြည့်ရန်)။ ထို ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် EIA အတွက် အခြေခံ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပေသည်။

- စိစစ်ခြင်း
- EIA ကျွမ်းကျင်သူများကို ရွေးချယ်ခြင်းနှင့် စိစစ်ခြင်း
- နယ်မြေတိုင်းတာသတ်မှတ်ခြင်း
- EIA ဆန်းစစ်ခြင်း
- EIA အစီရင်ခံစာ
- EIA သုံးသပ်ခြင်းလုပ်ငန်းစဉ်
- ECC ထုတ်ပေးခြင်း (သို့မဟုတ်) စီမံကိန်းပယ်ဖျက်ခြင်း

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် EIA အကြံပေးများသည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန(MONREC)တွင် မှတ်ပုံတင်ရမည်ဟု ထပ်မံဖော်ပြထားသည်။ အကြံပေး (သို့မဟုတ်) ကုမ္ပဏီအနေဖြင့် မှတ်ပုံမတင်ထားလျှင် မည်သည့် ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို လုပ်ဆောင်ခွင့်မရှိပေ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် EIA ကျွမ်းကျင်သူများ မှတ်ပုံတင်ရန်အတွက် ယာယီစနစ်တစ်ခုကို ဖွဲ့စည်းထားသည်။

၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေတွင် EIA နှင့် IEE တို့အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထပ်မံဖော်ပြထားသည်။

**ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း(EIA)**

(ယ) ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုသည်မှာ ဆောင်ရွက်ရန် အဆိုပြုထားသော စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်နိုင်ရေးအတွက် ယင်းလုပ်ငန်း လုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်း၊ လူနှင့် သက်ရှိလောက၊ လူမှုရေးနှင့် လူမှုစီးပွားရေးတို့အပေါ် ထင်ရှားသိသာစွာ ထိခိုက်ပြောင်းလဲမှုဖြစ်စဉ်များ ရှိ၊ မရှိ စနစ်တကျဆန်းစစ်သည့် လုပ်ငန်းစဉ်ကို ဆိုလိုသည်။

**ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း(IEE)**

(စ) ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှုတစ်ခု၏ ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှုများသည် သိသာထင်ရှားမှု ရှိ၊ မရှိ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ထားသော အခြားစာရွက်စာတမ်း အထောက်အထားများ ပြုစုတင်ပြရန် လိုအပ်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းကို ဆိုလိုသည်။

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် EIA နှင့် IEE လုပ်ငန်းစဉ်တွင် အသုံးပြုသော အဓိက အသုံးအနှုန်းများကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယင်းတွင် EIA လုပ်ငန်းစဉ်အတွင်း ဆွေးနွေးတိုင်ပင်ရန် လိုအပ်သော စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းပါဝင်သည်။

(စ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူ ဆိုသည်မှာ စီမံကိန်း (သို့မဟုတ်) အဆိုပြု စီမံကိန်းတစ်ရပ်ကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ခံရသော (သို့မဟုတ်) ထိခိုက်ခံရနိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြေ၊ ခြံ၊ အိမ်ရာသိမ်းယူခံရခြင်းကြောင့်သော်လည်းကောင်း၊ မြေအမျိုးအစား ပြောင်းလဲခံရခြင်းကြောင့် သော်လည်းကောင်း၊ လူနေထိုင်ရာ နေရာ၏ ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စနစ်များအပေါ် ထိခိုက်ခံရသော ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းလည်း ပါဝင်သည်။

## EIA လုပ်ငန်းစဉ်

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကိုသော်လည်းကောင်း၊ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုသော်လည်းကောင်း ဆောင်ရွက်ရန် လိုအပ်သော စီမံကိန်းများကို အမျိုးအစားအလိုက် စာရင်းပြုစုရန်အတွက် လမ်းညွှန်ချက်ပေးသည့် နောက်ဆက်တွဲ စိစစ်ခြင်းပါဝင်သည်။





Figure 1: Developed by Cosier and Baird (2015)

### *စိစစ်ခြင်း*

စိစစ်ခြင်းသည် EIA (သို့မဟုတ်) IEE လုပ်ငန်းစဉ်တွင် ပထမဦးဆုံး အဆင့်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပုဒ်မ ၂၃၊ နောက်ဆက်တွဲ (က)တွင် ပါဝင်သော စီမံကိန်းစာရင်းကို အသုံးပြုပြီး လိုအပ်သော စိစစ်မှုများကို ဆုံးဖြတ်ဆောင်ရွက်ရန် လျှောက်လွှာကို MONREC သို့တင်ပြရမည်။ စိစစ်ခြင်းအဆင့်တွင် ဆွေးနွေးတိုင်ပင်ခြင်းပြုလုပ်ရန် မလိုအပ်သေးပေ။

### နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းများသာ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းများကို ဆောင်ရွက်ရမည်။[150] ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို လိုအပ်သော စိစစ်ထားသည့် ဆုံးဖြတ်ချက်ကို လိုက်နာခြင်းနှင့် အဆိုပြုထားသော စီမံကိန်းအတွက် စီမံကိန်းအဆိုပြုသူနှင့် EIA ၏အကြံပေးပုဂ္ဂိုလ်တို့သည် EIA အတွက် လိုအပ်သော အချက်အလက်မူကြမ်းကို ရေးဆွဲရမည်။

နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းသည် အဆိုပြုထားသော စီမံကိန်းနှင့်ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အတားအဆီးများအား ကနဦးလေ့လာမှုပြုရန် လိုအပ်သည့်အပြင် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများနှင့် ဆက်စပ်ပါဝင်ပတ်သက်သူတို့နှင့်အတူ အများပြည်သူဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်များကို စတင်ရန်လည်း လိုအပ်ပါသည်။

အဆိုပြုစီမံကိန်းနှင့် စပ်လျဉ်းသည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတွင် -

(က) လေ့လာမည့် နယ်မြေဧရိယာ၊ သက်ရောက်မှုရှိစေမည့် နယ်မြေဧရိယာ၊ အချိန်ကန့်သတ်ချက်၊ စီမံကိန်းအဆင့်နှင့် အကျိုးသက်ဆိုင်နိုင်သူများကို သတ်မှတ်ရမည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအတွက် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းနှင့် စံချိန်စံညွှန်းများ၊ စီမံကိန်းဒီဇိုင်းနှင့် ပြီးစီးရန်အချိန်တို့ကို သိရှိသဘောပေါက်ရန် စတင်ဆောင်ရွက်ရမည်။

---

[150] EIA လုပ်ငန်းစဉ် ပုဒ်မ ၄၇။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်လက်အထူးပြု လေ့လာရန် လိုအပ်မည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များကို ချိန်ထိုး၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်နိုင်မှုများနှင့် လိုအပ်ပါက ကျန်းမာရေးထိခိုက်နိုင်မှုများကို ဖော်ထုတ်သတ်မှတ်ရမည်။

(ဃ) မည်သည့်အခြေခံအချက်အလက်များ လိုအပ်သည်၊ မည်သည့် နောက်ထပ်လေ့လာမှုများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရမည်နှင့် အချက်အလက်စုစည်းခြင်း၊ လေ့လာခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းကို မည်သို့ဆောင်ရွက်ရမည် အပါအဝင် ဆက်လက်ဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၏ အကျယ်အဝန်းနှင့် အတိမ်အနက်ကို ညွှန်ပြပေးရမည်။

(င) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း မစတင်မီ အတိုင်ပင်ခံများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စီမံကိန်းဖော်ဆောင်သူများ၊ အကျိုးသက်ဆိုင်သူနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်းသည့် ယင်းတို့၏ အမြင်နှင့် သက်ဆိုင်မှုများကို ဖော်ထုတ်တင်ပြခွင့် ရှိစေရမည်။

(စ) အချိန်၊ အရင်းအမြစ်၊ ကုန်ကျစရိတ် ချွေတာနိုင်ပြီး ကြန့်ကြာမှုမရှိစေဘဲ ထိရောက်၍ ရှုထောင့်ပေါင်းစုံ ပါဝင်သည့် ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဆ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အခြားသက်ဆိုင်သူများနှင့် စီမံကိန်းတွင် စိတ်ဝင်စားသူများကို ဖော်ထုတ်ရမည်။ (ပုဒ်မ ၄၉)

မြန်မာနိုင်ငံတွင် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအဆင့်၌ သတင်းအချက်အလက်များ ထုတ်ဖော်ခြင်းနှင့် စိတ်ဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းစသော အများပြည်သူ ပူးပေါင်းပါဝင်ခြင်းသည် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည်။

၅၀။ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ အောက်ပါတိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို ဆောင်ရွက်ရမည် -

(က) အဆိုပြုထားသည့် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း (သို့မဟုတ်) စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူ မြင်တွေ့နိုင်သည့် ဆိုင်းဘုတ်များနှင့် ကြော်ငြာသင်ပုန်းများ ထင်ရှားစွာ စိုက်ထူခြင်းအပါအဝင် ပြည်တွင်းမီဒီယာများမှ ထုတ်ဖော်ခြင်း။

(ခ) ဒေသခံ လူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် အဓိက ထိခိုက်ခံစားရမည့်သူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း (အင်တာဗျူး)များကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း။

နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာကို ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်မှုနှင့်အညီ ပြင်ဆင်ရမည်ဖြစ်ပြီး ပုဒ်မ ၅၁ နှင့်အညီ EIA အစီရင်ခံစာအတွက် ToR မူကြမ်းကိုလည်း ထည့်သွင်းရမည်။

## *EIA အစီရင်ခံစာပြင်ဆင်ခြင်း*

နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် ToR ကို ဝန်ကြီးဌာနမှအတည်ပြုပြီးသည်နှင့် စီမံကိန်းအဆိုပြုသူသည် EIA စစ်ဆေးခြင်းနှင့် EIA နှင့် EMP ပြင်ဆင်ခြင်းကို စတင်နိုင်ပြီဖြစ်သည်။ ယင်းတွင် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများကို ဆန်းစစ်ခြင်းပါဝင်ရမည်ဖြစ်ပြီး[151] အတည်ပြုပြီးသော ToR နှင့်ကိုက်ညီရမည်ဖြစ်သည်။[152] EIA သည် ပုဒ်မ ၅၆ နှင့် ၅၇ တွင် ဖော်ပြထားသည့်အတိုင်း ပြည့်စုံရမည်။ ၎င်းသည် သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ စံချိန်များကိုလည်း ဖော်ပြရမည်။ ယင်းတို့ကို ၂၀၁၅ ခုနှစ် EIA လုပ်ငန်းစဉ်နှင့်အညီ တင်ပြရမည်။

လူထု ပူးပေါင်းပါဝင်မှုနှင့် ပါဝင်ပတ်သက်သူများနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများနှင့် ဆွေးနွေးခြင်းသည် မြန်မာပြည်တွင် EIA လုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

---

[151] EIA လုပ်ငန်းစဉ် ပုဒ်မ ၄၈။
[152] EIA လုပ်ငန်းစဉ် ပုဒ်မ ၅၅။

၆၁။ စီမံကိန်းအဆိုပြုသူသည် အောက်ဖော်ပြပါ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ရမည် -

(က) အဆိုပြုစီမံကိန်း၊ ယင်း၏ ဆိုးကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများ သိရှိနိုင်စေရန် သက်ဆိုင်ရာဒေသနှင့် နိုင်ငံပိုင်မီဒီယာများမှလည်းကောင်း၊ စီမံကိန်း (သို့မဟုတ်) စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်မှလည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူဆိုင်ရာ နေရာများတွင်လည်းကောင်း၊ အခြားသင့်လျော်သော နည်းလမ်းဖြင့်လည်းကောင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း(အင်တာဗျူး)များ ပြုလုပ်၍လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်တင်ပြခြင်း။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်နှင့် ဒေသအဆင့် တိုင်ပင်ဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း။

(ဂ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်း စသည်တို့ အပါအဝင် သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း။

(ဃ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအတွက် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များ စီစဉ်ခြင်း။

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် EIA တွင် ဖော်ပြရမည့် အကြောင်းအရာနှင့် ကိစ္စရပ်များကို ထပ်မံဖော်ပြထားသော EIA အစီရင်ခံစာအတွက် အသေးစိတ် အကြောင်းအရာများကို ဖော်ပြထားသည်။[153]

EIA အစီရင်ခံစာကို ပြင်ဆင်၍ တင်သွင်းပြီးသည်နှင့် EIA အစီရင်ခံစာနှင့် EMP ကို ချပြရန် လိုပေသည်။ ထို EIA အစီရင်ခံစာသည် ပုဒ်မ ၆၃ တွင် ပါဝင်သော အကြောင်းအရာများနှင့် ကိုက်ညီရပေမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် လူထုတိုင်ပင် ဆွေးနွေးခြင်းများကို ကျင်းပရမည်ဖြစ်ပြီး EIA အစီရင်ခံစာ စီရင်သုံးသပ်ရေးအဖွဲ့သည် EIA အစီရင်ခံစာနှင့် EMP ကို စစ်ဆေးရမည်ဖြစ်ပြီး စီမံကိန်းကို ခွင့်ပြုခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုလုပ်ရန် အကြံပေးရမည်ဖြစ်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကို ဝန်ကြီးမှ ပြုလုပ်မည် ဖြစ်သည်။ ခွင့်ပြုချက်ရပါက စီမံကိန်းအတွက် ECC ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ထုတ်ပေးမည်ဖြစ်သည်။

စီမံကိန်းအဆိုပြုသူ [Project Proponent] သည် EIA, EMP နှင့် ECC တို့ကို လိုက်နာဆောင်ရွက်၍ စောင့်ကြည့်ရမည်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် မကျေနပ်ချက်တိုင်ကြားရန် ယန္တရား (သို့မဟုတ်) လူထုတိုင်ပင် ဆွေးနွေးရေးကော်မတီကို ဖွဲ့စည်းရန်မလိုပေ။

[153] EIA လုပ်ငန်းစဉ် ပုဒ်မ ၆၃။

### *အများပြည်သူ ပူးပေါင်းပါဝင်မှု*

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စီမံကိန်းအဆိုပြုသူသည် EIA အတွက် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းနှင့် EIA နှင့် IEE တို့အား စစ်ဆေးခြင်းအဆင့်တို့တွင် လူထုတိုင်ပင် ဆွေးနွေးခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။ လူထုအကြံပေးခြင်း လုပ်ငန်းစဉ်အတွက် အသေးစိတ် အချက်အလက်များကို ဖော်ပြသော လူထုပါဝင်မှု လမ်းညွှန်မူကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သည်။ သို့သော်လည်း ထိုအချိန်က လမ်းညွှန်မူကြမ်းမှာ သုံးသပ်နေဆဲဖြစ်ပြီး EIA အတိုင်ပင်ခံများ အသုံးပြုရန်အတွက် မပြဌာန်းရသေးပေ။

> ၁၃။ စီမံကိန်း အဆိုပြုသူသည် -
>
> (က) ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃၄၊ ၅၀၊ ၆၁ အရ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ် အဆင့်အားလုံးတွင် အများပြည်သူနှင့် သင့်လျော်သော တိုင်ပင် ဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ရမည်။
>
> (ခ) ဝန်ကြီးဌာနက အသိပေးထားသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ ထိပါးစေနိုင်မည့် ကိစ္စရပ်များမှတစ်ပါး အများပြည်သူနှင့် သက်ဆိုင်သော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ဖော်ရမည်။

စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ အောက်ပါ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရမည်[154] -

(က) အဆိုပြုထားသည့် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း (သို့မဟုတ်) စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူ မြင်တွေ့နိုင်သည့် ဆိုင်းဘုတ်များနှင့် ကြော်ငြာသင်ပုန်းများ ထင်ရှားစွာစိုက်ထူခြင်း အပါအဝင် ပြည်တွင်း မီဒီယာများမှထုတ်ဖော်ခြင်း၊

(ခ) ဒေသခံ လူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် အဓိက ထိခိုက်ခံစားရမည့်သူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း(အင်တာဗျူး)များကို အချိန်နှင့်တစ်ပြေးညီပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း။[155]

[154] EIA လုပ်ငန်းစဉ် ပုဒ်မ ၅၀။
[155] EIA လုပ်ငန်းစဉ် ပုဒ်မ ၆၀။

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ToR ကို အပြီးသတ်ပြီး၍ EIA ကို ပြင်ဆင်နေစဉ်ကာလအတွင်း စီမံကိန်းအဆိုပြုသူ (သို့မဟုတ်) EIA အတိုင်ပင်ခံသည် လူထုပါဝင်မှုနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းကို ဆောင်ရွက်ရမည်။ ၂၀၁၅ ခုနှစ် EIA လုပ်ငန်းစဉ်အရ EIA သည် "စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ (သို့မဟုတ်) စီမံကိန်းတွင် အကျိုးသက်ဆိုင်သူများ၏အမြင်၊ အလေးထားမှုနှင့် သဘောထားများကို ထည့်သွင်းစဉ်းစားရမည်။"

ပုဒ်မ ၆၁ အရ စီမံကိန်းအဆိုပြုသူသည် အောက်ဖော်ပြပါ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ရမည် -


(က) အဆိုပြုစီမံကိန်း၊ ယင်း၏ဆိုးကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများ သိရှိနိုင်စေရန် သက်ဆိုင်ရာဒေသနှင့် နိုင်ငံပိုင် မီဒီယာများမှလည်းကောင်း၊ စီမံကိန်း (သို့မဟုတ်) စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်မှလည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့်အများပြည်သူဆိုင်ရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းနေရာတွင် အများမြင်သာအောင် ဆိုင်းဘုတ်များ စိုက်ထူ၍လည်းကောင်း၊ အခြားသင့်လျော်သော နည်းလမ်းဖြင့်လည်းကောင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း(အင်တာဗျူး)များ ပြုလုပ်၍လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်တင်ပြခြင်း၊

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ ပါဝင်သည့် အမျိုးသားအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်နှင့် ဒေသအဆင့် တိုင်ပင်ဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း၊

(ဂ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ စသည်တို့အပါအဝင် သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများအတွက် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များ စီစဉ်ခြင်း။[156]

156 ၂၀၁၅ ခုနှစ် EIA လုပ်ငန်းစဉ်မူကြမ်းတွင် မည်သည့်အသေးစိတ် အချက်အလက်များကိုမျှ ဖော်ပြထားခြင်း မရှိပါ။ နောင်တွင် ထွက်ရှိလာမည့် လမ်းညွှန်ချက်များကိုသာ လိုက်နာရမည်ဖြစ်သည်။




**ပုံ-၁ : EIA အစီရင်ခံစာပြင်ဆင်နေစဉ် ကာလအတွင်း အများပြည်သူ ပူးပေါင်းပါဝင်ခြင်း**[157]

[157] EIA တွင် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လမ်းညွှန်မူကြမ်းမှ ကောက်နှုတ်ဖော်ပြချက်

လူထုအမြင်များကို ထိရောက်မှုများအား ဆန်းစစ်ခြင်း၊ သက်သာရေးစီမံချက် ဒီဇိုင်းရေးဆွဲခြင်းနှင့် စောင့်ကြည့်လေ့လာရေး သတ်မှတ်ချက်များအား ရွေးချယ်ခြင်းများတွင် ထည့်သွင်းစဉ်းစားရမည်။ EIA အစီရင်ခံစာတွင် ပတ်ဝန်းကျင်နှင့် လူမှုကိစ္စရပ်များတွင် အကျိုးဆက်ခံစားရသော လူထုနှင့်ဆွေးနွေးခြင်းနှင့် လူထုအကြံပေးခြင်းမှ ထွက်ပေါ်လာသော ရလဒ်များအပါအဝင် လူထုအကြံပေးခြင်း လုပ်ငန်းစဉ်ပါဝင်ရမည်။


## *EIA ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း*

၂၀၁၅ ခုနှစ် EIA လုပ်ငန်းစဉ်သည် EIA အစီရင်ခံစာ သုံးသပ်ခြင်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် EIA ကို ဆန်းစစ်သုံးသပ်ရန် တာဝန်ရှိပြီး EIA ကို အတည်ပြုသင့်၊ မပြုသင့် အကြံပေးချက်များ ပြုလုပ်ရမည်။ EIA အစီရင်ခံစာသုံးသပ်ခြင်းကော်မတီသည် EIA အစီရင်ခံစာကို သုံးသပ်ခြင်းနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်သော ECC တွင် ထည့်သွင်းဖော်ပြရမည့် အချက်အလက်များကို အကြံပြုရမည်။

IEE များနှင့် EMP များကို ECD မှ သုံးသပ်သည်။ ECD သည် ဝန်ကြီးဌာနမှ အတည်ပြုရမည့် ECC ကိုလည်း ပြင်ဆင်ရသည်။

EIA လုပ်ငန်းစဉ်နှင့် အများပြည်သူ ပူးပေါင်းပါဝင်ခြင်း လမ်းညွှန်မှုကြမ်းတွင် ထပ်မံရှင်းလင်းချက်များအရ EIA အစီရင်ခံစာ ပြင်ဆင်နေစဉ် ကာလအတွင်း အများပြည်သူ ပူးပေါင်းပါဝင်ခြင်း ECD မှ အချို့အဆင့်အား ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။ EIA လုပ်ငန်းစဉ်၏ ပုဒ်မ ၆၇ အရ တင်ပြထားသော EIA များ၊ EIA အတွက် အကြောင်းကြားရန် ရည်ရွယ်ထားသော အများပြည်သူ ပူးပေါင်းပါဝင်ခြင်း လုပ်ငန်းစဉ်များအပါအဝင် အား ECD မှ ကြည့်ရှုစစ်ဆေး သုံးသပ်ပေးရန် တာဝန်ရှိသည်။[158]

[158] EIA လုပ်ငန်းစဉ် ပုဒ်မ ၆၉။




**ပုံ-၂ : EIA အစီရင်ခံစာ သုံးသပ်နေစဉ်ကာလအတွင်း အများပြည်သူ ပူးပေါင်းပါဝင်ခြင်း**[159]

[159] EIA တွင် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လမ်းညွှန်မူကြမ်းမှ ကောက်နှုတ်ဖော်ပြချက်

## *ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် အတည်ပြုခြင်းနှင့် ထုတ်ပေးခြင်း*

EIA အစီရင်ခံစာ သုံးသပ်ရေးအဖွဲ့မှ EIA ၏ သုံးသပ်ချက်များကို လိုက်နာ၍ ECD မှ တင်ပြသော အစီရင်ခံစာအား ဝန်ကြီးဌာနမှ ထည့်သွင်းစဉ်းစားရန်နှင့် EIA ကို လက်ခံကြောင်း (သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ရမည်။ EIA အစီရင်ခံစာ သုံးသပ်ရေးအဖွဲ့မှ EMP (သို့မဟုတ်) IEE ကို ထည့်သွင်းစဉ်းစားရန် မလိုအပ်ခြင်းမှ အပ ဤလုပ်ငန်းစဉ်သည် EMP နှင့် IEE ကိစ္စရပ်များနှင့် အလားတူပင်ဖြစ်သည်။ ဤအရာများကို ECD က ပုဒ်မ ၃၉ နှင့် ၄၀ တို့နှင့်အညီ ဆောင်ရွက်သည်။

ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အား ပူးတွဲစည်းကမ်းချက်များနှင့်အတူ ထုတ်ပေးမည်။ ဝန်ကြီးဌာနသည် ECC တွင် ပူးတွဲတင်ပြရမည့် စည်းကမ်းချက်များကို ညွှန်ကြားရမည်။ စည်းကမ်းချက်များတွင် ရေရှည်ဖွံ့ဖြိုးမှုအတွက် မကျေနပ်ချက်တိုင်ကြားရန် ယန္တရားနှင့် လူ့အဖွဲ့အစည်းတိုင်ပင် ဆွေးနွေးမှုဆိုင်ရာ ကော်မတီလည်း ပါဝင်သင့်သည်။ ထိုသို့ ချဉ်းကပ်မှုများသည် စီမံကိန်းအား စောင့်ကြည့်စစ်ဆေးရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများအား မြှင့်တင်ရန် အကူအညီပေးသည်။

## စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

ပုဒ်မ ၈၇ အရ အဆိုပြုသူကို EMP အပါအဝင် ECC နှင့် ပူးတွဲတင်ပြထားသော စည်းကမ်းချက်များနှင့်အညီ စီမံကိန်းကို တင်းကြပ်စွာ အကောင်ထည်ဖော်ဆောင်ရွက်ရန်စတင်စေရမည်။ EIA လုပ်ငန်းစဉ်သည် ကိုယ်တိုင်အစီရင်ခံတင်ပြခြင်း အပေါ်တွင် ကြီးမားသော ယုံကြည်မှု ထားရှိသည်။ ပုဒ်မ ၁၀၆ မှ ၁၀၈ တွင် အဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်နေစဉ်အတောအတွင်း အသုံးချဥပဒေများ၊ အဆိုပြုသူသည် တာဝန်ဝတ္တရားများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဝန်ကြီးဌာနသို့ အကြောင်းကြားရမည့် ဥပဒေများ၊ EIA နည်းဥပဒေများ၊ ၂၀၁၅ ခုနှစ် EIA လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းစံထားများ၊ ECC နှင့် EMP တို့နှင့်အညီ ကိုယ်တိုင် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ စောင့်ကြည့်ခြင်း အစီရင်ခံစာကို အပြီးသတ်ပြီးသည့် ၁၀ ရက်အတွင်း စီမံကိန်းဝက်ဘ်ဆိုက်ဒ်၊ အများ ပြည်သူ စုဝေးရာနေရာများနှင့် စီမံကိန်းရုံးများတွင် အများပြည်သူသို့ တင်ပြရမည်ဖြစ် ၍ မည်သူမဆို အစီရင်ခံစာ၏ ဒစ်ဂျစ်တယ်မိတ္တူကို မည်သည့်ပုဂ္ဂိုလ်ကမဆို တောင်း ဆိုနိုင်ရန် စီစဉ်ထားရှိရမည်။

## EIA တွင် လူထုပါဝင်မှုအား သုံးသပ်ခြင်း

| IEE/EIA အဆင့် | ပူးပေါင်းပါဝင်ရန် အခွင့်အလမ်း |
|---|---|
| စိစစ်ခြင်း | မရှိ |
| နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း | ဒေသခံစီမံကိန်း၏ အကျိုးခံစားခွင့် ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း |
| အစီရင်ခံစာ ပြင်ဆင်ခြင်း | ညှိနှိုင်းခြင်း၊ EIA သတင်းအချက်အလက်များ ရယူရန်၊<br>EIA ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်သွင်းခြင်း |
| ECD သုံးသပ်ချက်နှင့် ဆန်းစစ်ခြင်း | ECD ထံတွင် တင်သွင်းခြင်း၊<br>အများပြည်သူဆိုင်ရာ အစည်းအဝေးများ |
| ECC သဘောတူညီချက် | မရှိ၊ သို့သော် ၎င်းသည် EIA လုပ်ထုံးလုပ်နည်းအောက်တွင်<br>အယူခံဝင်ခြင်း/အသနားခံခြင်း စနစ်ဖြစ်သည် |
| စောင့်ကြည့်စစ်ဆေးခြင်း နှင့် လိုက်နာခြင်း | ECC သည် ဒေသအတွင်း အဆင့်ရှိ တိုင်တန်းချက်များအတွက်<br>စီစဉ်ပေးသင့်သည်။<br>PAP သည် ECD ထံ အမြဲတမ်း တိုင်းတန်းနိုင်သည် |

## အများပြည်သူ ပူးပေါင်းပါဝင်ခြင်းအပေါ် ကန့်သတ်ချက်များ

အများပြည်သူ ပူးပေါင်းပါဝင်ခြင်းအတွက် အခွင့်အရေးများသည် မြန်မာနိုင်ငံတွင် အသစ်များဖြစ်ပြီး စီးပွားရေးနှင့် အစိုးရ၏ အကျိုးစီးပွားများနှင့် ပဋိပက္ခဖြစ်နိုင်ပါသည်။ ၎င်းသည် ပဋိပက္ခများနှင့် ကန့်ကွက်ချက်များကို ဖြစ်စေနိုင်ပါသည်။ နိုင်ငံသားတိုင်းသည် ပတ်ဝန်းကျင်နှင့် ကန့်ကွက်ချက်များကို ဖြစ်စေနိုင်ပါသည်။ နိုင်ငံသားတိုင်းသည် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ရန် တာဝန်ရှိပြီး ၎င်းတာဝန်သည် မြေကျော်နင်းခြင်း၊ အင်တာနက်ပေါ်တွင် နှောင့်ယှက်ခြင်း တရားမဝင် စုဝေးခြင်းနှင့် အသရေဖျက်ခြင်းများအပေါ် ဥပဒေမှ ကန့်သတ်ထားနိုင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၀ အောက်တွင် အငြင်းပွားမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ၎င်းသည် နိုင်ငံသားများနှင့် အဖွဲ့အစည်းများနှင့် ပြည်သူ့အသိုင်းအဝန်း အဖွဲ့အစည်းများအတွက် တရားမမှု (သို့မဟုတ်) ပြစ်မှုမြောက်သော အများပြည်သူ ပူးပေါင်းပါဝင်ခြင်းများကို ရှောင်ကျဉ်ရန်သိရှိမှုသည် အရေးကြီးပါသည်။

သိရှိထားရန် အဓိက ကန့်သတ်ချက်အချို့ -

- ⁕ အသေရေဖျက်ခြင်း
- ⁕ တရားမဝင် စုဝေးခြင်း
- ⁕ မြေကျော်နင်းမှု

## အသရေဖျက်ခြင်း

အသရေဖျက်ခြင်းသည် ၁၈၆၁ ခုနှစ် ရာဇသတ်ကြီးပုဒ်မ ၄၉၉ နှင့် သက်ဆိုင်ပါသည်။ ၎င်းသည် စကားဖြင့် (သို့မဟုတ်) စာရွက်တွင် ဖတ်စေရန် ရည်ရွယ်ခြင်း၊ တင်ပြခြင်း၊ အသနားခံခြင်း၊ အစိုးရသို့ ကန့်ကွက်စာတင်ခြင်းနှင့် အင်တာနက် (သို့မဟုတ်) Facebook တွင်တင်ခြင်း စသည့် စကားလုံးများ အကျုံးဝင်ပါသည်။ လူပုဂ္ဂိုလ်များနှင့် နိုင်ငံရေးသမားများ၊ ထိုနည်းတူ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများကို အသရေဖျက်နိုင်ပါသည်။ ဆန္ဒပြပွဲများနှင့် အစည်းအဝေးပွဲများတွင် နဖူးစည်းစာတန်းများနှင့် ဆိုင်းဘုတ်များ ကိုင်ဆောင်ခြင်းများလည်း ပါဝင်နိုင်ပါသည်။ အသရေဖျက်မှုနှင့် ပတ်သက်သော ဆွေးနွေးမှုအကျယ်အား ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ဂျာနယ်လစ်များအတွက် ထုတ်ဝေထားသော တရားဥပဒေစိုးမိုးရေး လက်စွဲစာအုပ်၊ Konard-Adenauer Stiftung Ltd., Myanmar နှင့် United Nations Development Programme မှ မူပိုင်ထုတ်ဝေသောစာအုပ် စာမျက်နှာ ၈၁ ၌ ဖတ်နိုင်ပါသည်။

## တရားမဝင် စုဝေးခြင်း

အများပြည်သူဆိုင်ရာ ပူးပေါင်းခြင်းတွင် အစည်းအဝေး၊ ညီလာခံ (သို့မဟုတ်) စုရုံးခြင်း စသည်တို့ ပြုလုပ်ခြင်းများပါဝင်သည်။ အခြေအနေအမျိုးမျိုးတွင် ဒေသခံမြို့နယ်ရဲမှူး၏ ထောက်ခံချက် (သို့မဟုတ်) အထွေထွေစီမံခန့်ခွဲရေးဌာနမှ ထောက်ခံချက်များ လိုအပ်ပါသည်။ ငြိမ်းချမ်းရေး သရုပ်ဖော်ခြင်းနှင့် ၂၀၁၂ ခုနှစ် စုဝေးခြင်းဆိုင်ရာ အက်ဥပဒေသည် အဖြစ်ပျက်များ၏ နေ့ရက်၊ အချိန်နှင့် လမ်းကြောင်းကို ခွဲခြားပေးသော ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအတွက် ကြိုတင်ခွင့်ပြုချက် လိုအပ်ပါသည်။ ခွင့်ပြုချက်တွင် ပါဝင်သော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်သည်။

## ပိုင်နက်ကျူးလွန်ခြင်း

သက်ဆိုင်ရာများ၏ ထောက်ခံချက် (သို့မဟုတ်) ခွင့်ပြုချက်မပါဘဲနှင့် အစိုးရပိုင် နယ်မြေနှင့် ကိုယ်ပိုင်နယ်မြေအပေါ် ပိုင်နက်ကျူးလွန်ခြင်းနှင့် ပတ်သက်၍ တင်းကြပ်သော စည်းမျဉ်းများစွာရှိပါသည်။ ရာဇသတ်ကြီးပုဒ်မ ၄၄၁ တွင် ဖော်ပြထားသည်မှာ ပြစ်မှုမြောက်သော မြေကျော်နင်းမှုတွင် ပိုင်နက်နယ်မြေအတွင်း ရှိနေစဉ် တစ်စုံတစ်ယောက်အား နှောင့်ယှက်ခြင်း၊ ဆဲရေးစော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း (သို့မဟုတ်) ပြစ်မှုကျူးလွန်ခြင်း စသည်တို့ အကျုံးဝင်သည်။ ပိုင်နက်အတွင်းသို့ တရားဝင်ဝင်ရောက်ပြီးနောက်မှ ပိုင်နက်အတွင်း ခြိမ်းခြောက်ခြင်း၊ ဆဲရေးစော်ကားခြင်း (သို့မဟုတ်) တစ်စုံတစ်ဦးက နှောင့်ယှက်ခြင်း စသည့် တရားမဝင် ကျန်ရှိခြင်းဖြစ်လျှင်၊ ၎င်းသည် ပြစ်မှုမြောက်သည်။